www.free4readers.com

# MobileGuidE

Vol 4. Issue 50
11 April 2018
Information T... ...festyle JOURNAL



Xiaomi Redmi 5 Plus
N1

Waterproof Case For Camera
11

Mobile Phone နဲ့ ပတ်သက်သော အမေးနှင့်အဖြေများ
16

TECH NEWS

Messenger Conversation များကို ထောက်လှမ်းကြောင်း ဝန်ခံလိုက်တဲ့ Facebook
23

အနာဂတ်အတွက် Digital Mapping နည်းပညာ
10

MG WEEK Trying To Do Everything Google In 2018

ကလေးတွေရဲ့ညာဘက်ဦးနှောက် ဖွံ့ဖြိုးဖို့အဓိကသင်ကြားပေးနေတဲ့ Heguru Yangon School အကြောင်း
15

MODEL : EI THAW THAW AUNG, PHOTO & DESIGN : PYAE MINN ZAW, MAKE UP : GUCCI AUNG, DRESS : ZUNE ZUNE KO, ACCESSORIES : ALPHA TECHNOLOGY & COMMUNICATION

SPEED
Energy Drink
09 5178737

www.free4readers.com



နှစ်သစ်မင်္ဂလာဆုတောင်း

မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အခါသမယတွင် Mobile Guide Journal အား စတင်ထွက်ရှိချိန်မှစ၍ ယနေ့အချိန်ထိ ဖတ်ရှုအားပေးလျက်ရှိသော စာဖတ်ပရိသတ်များ၊ ဂျာနယ်၏ မျက်နှာဖုံးကဏ္ဍတွင် အပတ်စဉ်ပါဝင်သရုပ်ဆောင်ပေးကြပါသော သရုပ်ဆောင်မော်ဒယ်များ၊ မျက်နှာဖုံးဓာတ်ပုံရိုက်ကူးရာတွင် ပံ့ပိုးကူညီကြပါသော ဓာတ်ပုံပညာရှင်များ၊ မိတ်ကပ်နှင့် အဝတ်အစားဒီဇိုင်းဆိုင်ရာ ပညာရှင်များ၊ Accessories ပံ့ပိုးကူညီသော စမတ်ဖုန်းကုမ္ပဏီများ၊ ကြော်ငြာများထည့်သွင်းကြသော ကုမ္ပဏီများနှင့် ကြော်ငြာအေဂျင်စီများ၊ ထိုအပြင်သော သတင်းအချက်အလက်များပေးပို့ကြပါသော နည်းပညာနှင့် မိုဘိုင်းဖုန်းဆိုင်ရာ လုပ်ငန်းများ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအားလုံး နှစ်သစ်ကိုပျော်ရွှင်အေးချမ်းစွာ ကြိုဆိုနိုင်ပါစေကြောင်းနှင့် လုပ်ငန်းဆောင်တာများတိုးတက်အောင်မြင်ပါစေကြောင်း Mobile Guide Journal မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MobileGuidE JOURNAL

# မလိုအပ်တဲ့ ကြိုးနီစနစ်တွေကို ရှောင်ရှားနိုင်စေမယ့် E-Government



ရဲလင်းလင်းသန်း

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး အခုလိုမျိုး E-Gov ကို အားစိုက်လုပ်ကိုင်ရတာက အဂတိလိုက်စားမှုပပျောက်စေဖို့ ဖြစ်တယ်လို့ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောကြားချက်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးရဲ့ Facebook စာမျက်နှာဖြစ်တဲ့ Myanmar State Counsellor Office မှာ ဖော်ပြထားတာဖြစ်ပါတယ်။

အစည်းအဝေးမှာ e-Gov ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "e-Government လုပ်ဆောင်ခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအတွက် အဆင်ပြေဖို့အပြင် မြန်မြန်ဆန်ဆန်အလုပ်ပြီးဖို့လည်းပါတယ်။ နောက်ပြီးတော့ အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်ပါတယ်။ တချို့ကပြောတာတော့ အဂတိလိုက်စားမှု လုံးဝပပျောက်တဲ့နိုင်ငံ ဒီကမ္ဘာကြီးမှာ မရှိဘူးပေါ့။ ဒါပေမယ့်လည်း နည်းနိုင်သမျှ နည်းသွားအောင်လို့ ဦးတည်ပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒီဟာအတွက် e-Government က အများကြီး အထောက်အကူပေးနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံနဲ့ အစိုးရနဲ့ပတ်သက်လို့ပြောတာက လုပ်ငန်းတွေကနှေးကွေးတယ်၊ မြန်မြန်ဆန် ဆန်မပြီးဘူး၊ မလိုအပ်တဲ့ ကြိုးနီစနစ်တွေက ရှုပ်ထွေးနေတယ်။ ဒီဟာတွေကိုရှောင်ရှားဖို့ရာအတွက်ကို e-Government မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဖို့က အရေးကြီးပါတယ်"လို့လည်း ပြောပါတယ်။

နိုင်ငံအတွက် စီးပွားရေးနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ မူဝါဒ ၁၂ ချက်ထဲမှာ e-Government လုပ်ဆောင်မယ့် လုပ်ငန်းစဉ်ကလည်း တစ်ချက်အနေနဲ့ပါဝင်ပြီး E-Gov အကောင်အထည်ပေါ်လာစေဖို့ ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ အချက်သုံးချက်က အဓိကလိုအပ်တယ်လို့လည်း ဆိုပါတယ်။

"လက်ရှိလုပ်ကိုင်မယ့် e-Government လုပ်ငန်းစဉ်မှာ ဦးဆောင်ကော်မတီဥက္ကဋ္ဌအနေနဲ့ ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်ပြီး လိုအပ်ချက် ၃ ခုထဲက ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်ကို အမြန်ဆုံးစတင်ဆောင်ရွက်သွားမှာဖြစ်ပြီး အစိုးရအဖွဲ့ဌာနအသီးသီးပြည်နယ်၊ တိုင်းအစိုးရများမှလည်း အားလုံးပူးပေါင်းပါဝင်လာဖို့လိုအပ်မှာဖြစ်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

"ပူးပေါင်းဆောင်ရွက်ခြင်းကတော့ သိပ်အရေးကြီးပါတယ်။ တစ်ဌာနနဲ့ တစ်ဌာန ပူးပေါင်းဆောင်ရွက်မှုမရှိရင် e-Government ကိစ္စမပြောနဲ့ တခြားကိစ္စတွေမှာလည်း မြန်သင့်သလောက်အောင်မြင်နှုန်းက မမြန်နိုင်ပါဘူး။ e-Government ဆိုတာကတော့ အစိုးရတစ်ခုလုံးနဲ့ ဆိုင်တယ်။ တကယ်တော့ ပြောမယ်ဆိုရင် နိုင်ငံတော်တစ်ခုလုံးနဲ့ဆိုင်တယ်။ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှုတွေကြတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေ၊ ပညာရေးစနစ် အခြေအနေအရ ဒါတွေကိုစောင့်ဆိုင်းပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတာကတော့ ဒီနေ့ကစပြီးလုပ်နိုင်တယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်မှုရှိမှလည်း e-Government ရည်ရွယ်ချက်က အထမြောက်နိုင်မှာပါ"လို့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုပါတယ်။

## e-Gov လုပ်ရင်အားလုံးကောင်းတယ်ဆိုပြီး ဖိလုပ်လို့လည်းမဖြစ်ဘူး–ဒေါ်အောင်ဆန်းစုကြည်

"ဆိုးကျိုး၊ ကောင်းကျိုးကို တစ်ချိန်လုံးချင့်ချိန်ပြီးတော့ လုပ်သွားရမှာပါ။ ဒီ e-Government လုပ်ရင် အားလုံးကောင်းတယ်ဆိုပြီး ဒါကိုဖိပြီးတော့ လုပ်လို့လည်း မဖြစ်ပါဘူး။ ဥပမာ – e-Government တင်မကဘူး၊ ခေတ်သစ်နည်းပညာတွေနဲ့ ပတ်သက်လို့ လူတိုင်း၊ လူတိုင်းရဲ့လုံခြုံမှု၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုတွေကို ထိခိုက်နိုင်တဲ့ အလားအလာတွေရှိတယ်ဆိုတာ အများ သိပြီးသားပါပဲ။ ဒါပေမယ့်လည်း ဒီလိုအလားအလာတွေရှိတယ်ဆိုတာ သိရက်နဲ့ အခုကတည်းက ကြိုတင်ပြင်ဆင်ပြီး ကာကွယ်တာမလုပ်ရင် နောင်ကျမှ မကိုင်တွယ်နိုင်တဲ့အဆင့်ကို ရောက်သွားနိုင်ပါတယ်။

ဒီလိုနည်းပညာတွေ၊ စနစ်သစ်တွေကို အလွဲသုံးစားမလုပ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ အလွဲသုံးစားမလုပ်ဖို့ဆိုတာဟာ ကျွန်မတို့ရဲ့ အစိုးရပိုင်းဆိုင်ရာကလည်း အလွဲသုံးစားမလုပ်ဖို့၊ ပြည်သူဘက်ကလည်း အလွဲသုံးစားမလုပ်ဖို့၊ ဒါကြောင့် လုပ်ငန်းအသစ်တစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ဟိုဖက်ဒီဖက်၊ အဖက်ဖက်ကနေကြည့်ပြီး ဆုံးဖြတ်ချက်ချစေချင်ပါတယ်။

ကိုယ်မြင်ချင်တာပဲ မြင်လို့မရသလို လုပ်ချင်ဇောနဲ့ ဘာမဆို အောင်မြင်မယ်၊ တကယ်တော့ အောင်မြင်မယ်ဆိုတာ သေသေချာချာ စေ့စေ့စပ်စပ် လေ့လာထားလို့ မဟုတ်ပါဘူး။ လုပ်ချင်လို့၊ လုပ်ချင်တဲ့ဇောနဲ့ အားနည်းချက်တွေကို မသိချင်ယောင်ဆောင်ပြီး၊ အားသာချက်တွေကိုဖိပြီး နောင်ကျရင် ပြဿနာတွေကို မကိုင်တွယ်နိုင်တဲ့အနေအထားကို ရောက်သွားနိုင်ပါတယ်" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

## ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်မတ်မတ်လုပ်ဖို့လို

"ဒုတိယသမ္မတဦးမြင့်ဆွေရဲ့ ဦးဆောင်မှုအောက်မှာ e-Government နဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တွေချတဲ့အခါ ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်မတ်မတ်လုပ်ဖို့ ကိုယ်ဘာအားသာချက်၊ ဘာအားနည်းချက်တွေရှိမလဲ၊ တချို့ကိစ္စတွေက ကျွန်မတို့နိုင်ငံမှာ အခုအချိန်အခါမှာ ဖော်ဆောင်ဖို့မသင့်သေးဘူး။ ဘာဖြစ်လို့ မသင့်သေးတာလဲ၊ မသင့်တာလား၊ မလုပ်နိုင်တာလား၊ မသင့်လျော်လို့ မလုပ်နိုင်တာလား၊ လုပ်နိုင်မယ့် အရည်အချင်း၊ ငွေရေး၊ ကြေးရေးမရှိသေးလို့ မလုပ်နိုင်တာလား ပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့လိုပါတယ်။ တချို့ တိုင်း၊ ပြည်နယ်အစိုးရတွေကတော့ သူတို့ တိုင်း၊ ပြည်နယ်ရဲ့အားနည်းချက်ကို ဖိပြီးတော့ပြောတယ်။ ဘာလို့လဲဆိုတော့ ပိုပြီးတော့အထောက်အကူ ယူချင်လို့ တချို့က အားသာချက်တွေကိုဖိပြီး ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးတော့ နည်းနည်းကြွားချင်လို့၊ ဒီနှစ်ခုစလုံးကို ပိုပြီးတော့ ရှောင်ရမှာပါ။ ကြွားဖို့လည်း မလုပ်ပါနဲ့၊ ပိုပြီးတော့ ယူချင်လို့၊ စာနာမလား၊ သနားမလားဆိုပြီးတော့ အားနည်းချက်တွေကိုလည်း ထုတ်မပြပါနဲ့။ မှန်မှန်ကန်ကန်ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပါ။ e-Government ကို တည်ဆောက်ဖို့ ကိုယ့် တိုင်း၊ ပြည်နယ်အသီးသီးကနေ ဘယ်လိုနည်းနဲ့ ကူညီနိုင်မလဲဆိုတာကိုလည်း စဉ်းစားစေချင်ပါတယ်။

ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက e-Government နဲ့ပတ်သက်လို့ အစိုးရနှစ်နှစ်တာ တာဝန်ယူကတည်းက ဒါကိုကြိုးပမ်းခဲ့တာပါ၊ သို့သော်ငြားလည်း ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုအားနည်းတာတွေကြောင့် အောင်မြင်သင့်သလောက်၊ မျှော်မှန်းသလောက် တိုးတက်မှုမရှိပါဘူး။ အကောင်အထည်ဖော်တဲ့နေရာမှာ ယခုဒီလိုဖွဲ့လိုက်ပြီဆိုရင် ဒီလိုစုပေါင်းပြီး ဆွေးနွေးဖို့လိုပါတယ်။ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလည်း လေ့လာပြီး သင်ခန်းစာတွေယူဖို့ အင်မတန်မှ အရေးကြီးပါတယ်။

ရည်ရွယ်ချက်နှင့် လုပ်ငန်းသဘောသဘာဝ တူညီပြီး မျှဝေသုံးစွဲသွားနိုင်သည့် ICT အခြေခံ အဆောက်အဦများကို တစ်နေရာစီ၊ တစ်ခုချင်းစီ အကောင်အထည်ဖော်ကြမည့်အစား စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုသွားခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်လာမှာဖြစ်ပြီး ပိုမိုထိရောက်ကောင်းမွန်လာပါမယ်။ နိုင်ငံတကာမှာလည်း ယခုကဲ့သို့ ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါမယ်"လို့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

## ဆိုက်ဘာလုံခြုံရေးနဲ့ သတင်းအချက်အလက်လုံခြုံရေး

e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို ၂၀၀၀ ပြည့်နှစ်မှ စတင်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး၊ လိုအပ်ချက်အမျိုးမျိုးကြောင့် အရှေ့နှေးခဲ့ကြောင်း၊ ပြည်သူလူထုအများစုက အစိုးရရဲ့ ပြည်သူ့ရေးရာ Online ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည် အသုံးပြုလာကြရန်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်တဲ့ Online ဝန် ဆောင်မှုတွေကို ဖန်တီးပေးသွားဖို့ ပြင်ဆင်နေကြောင်း ဆိုပါတယ်။

e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် မူဝါဒလမ်းစဉ်များကို ချမှတ်ပေးပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မဟာဗျူဟာနှင့် မူဝါဒများ၊ လုပ်ငန်းစဉ် မူဘောင်များ စနစ်တကျရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးအထောက်အပံ့၊ အိန္ဒိယနိုင်ငံမှ Infosys Limited ၏နည်းပညာကျွမ်းကျင်မှု အကူအညီနှင့် မြန်မာနိုင်ငံရှိ



အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများ၊ လုပ်ငန်းအေဂျင်စီများ၊ ပြည်တွင်း၊ ပြည်ပမှ e-Government နှင့် ICT နည်းပညာကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာကာ မြန်မာနိုင်ငံအတွက် e-Governance Master Plan ကို ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါအချက်များကိုမူတည်ပြီး အောင်မြင်အောင် ကြိုးစားလုပ်ကိုင်ရမည်ဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားခဲ့ပါသေးတယ်။

"e-Government ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးရာတွင် ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သုံးစွဲသူပြည်သူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုရှိအောင် လုပ်ပေးနိုင်မှသာ e-Government ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည်နှင့် လက်ခံသုံးစွဲလာကြမည်ဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် လုံခြုံရေးအတွက် လိုအပ်မည့်ဥပဒေများ၊ လုပ်ငန်းစဉ်များကို ရေးဆွဲတင်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

e-Government လုပ်ငန်းစဉ် အောင်မြင်ပါက အခြားပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသော ကဏ္ဍအသီးသီးကလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသည့် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီဖြန့်ဖြူးပေး

စာမျက်နှာ ၇ သို့

www.free4readers.com








www.free4readers.com



# Local Phone

## Design

ထောင့်စွန်းများတွင် အဝန်းအဝိုက်ပုံစံရှိပြီး အဓိက,ကင်မရာကို အနောက်ဘက်ထောင့်စွန်းတွင် အဝိုင်းပုံစံတပ်ဆင်ပေးထားကာ Fingerprint Sensor ဟာ အနောက်ဘက်အလယ်တည့်တည့်တွင် ပါရှိပါတယ်။ မှန်နှင့် အလူမီနီယံကိုယ်ထည်ပေါင်းစပ်ဖန်တီးထားတဲ့ F5 ရဲ့ အရွယ်အစားပမာဏကတော့ 156.5x76x7.5 mm ပါ။

## Display

ဖုန်းမျက်နှာပြင်အတွက် LTPS IPS LCD capacitive touchscren ကို အသုံးပြုပေးထားပြီး၊ Screen Size ကတော့ 6 inches ရှိပါတယ်။ ကြီးမားကျယ်ပြန့်တဲ့ဟန်းဆက်ကိုအသုံးပြုချင်သူများအတွက် အဆင်ပြေစေပါလိမ့်မယ်။ မြင်ကွင်းစွမ်းရည်အတွက် ထောက်ပံ့ပေးထားတဲ့ pixels ပမာဏကတော့ 1080x2160 ဖြစ်ပါတယ်။

## Camera

အဓိက,ကင်မရာဟာ 16MP, f/1.8 စွမ်းရည်ရှိမှာဖြစ်ပါတယ်။ OPPO ဟာ Selfie အသားပေးတဲ့ဟန်းဆက်ဖြစ်တာကြောင့် ရှေ့ကင်မရာငယ်ဟာ အနောက်ကင်မရာထက် စွမ်းရည်ပိုမိုကောင်းမွန်ပါတယ်။ 20MP,f/2.0 စွမ်းရည်ရှိတာကြောင့် လှပကောင်းမွန်တဲ့ Selfie ပုံများကို ရိုက်ကူးနိုင်ပါလိမ့်မယ်။

## Connectivity

ဆက်သွယ်ရေးပိုင်းအတွက် Wi-Fi 802.11 a/b/g/n, Wi-Fi Direct, Hotspot စနစ်များပါရှိကာ Bluetooth Version ကတော့ 4.2, A2DP, LE ဖြစ်ပါတယ်။ USB ကတော့ microUSB 2.0, USB On-The-Go အမျိုးအစားပါ။ GPS စနစ်လည်း ထောက်ပံ့ပေးထားပါတယ်။ ရေဒီယိုစနစ်တော့ မပါရှိပါဘူး။



### Specification

| | | |
|---|---|---|
| Display | : | 6 inch, LTPS IPS LCD Capacitive Touchscreen |
| Memory | : | 32GB, 4GB RAM, up to 256GB |
| Camera | : | 16MP(Back), LED Flash |
| OS | : | Android OS, v7.1.1 (Nougat) |
| Price | : | 369,000 /- |
| Phone | : | 09-455209200 (Unique IT & Mobile Center) |

## 1 OPPO F5

2G/3G/4G Network အထောက်အပံ့ပေးစွမ်းထားတဲ့ F5 ရဲ့ အလေးချိန်ကတော့ 152g ဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ်ထည့်သွင်းသုံးစွဲနိုင်မှာဖြစ်ကာ ထည့်သွင်းအသုံးပြုရမယ့်ဆင်းကတ်အရွယ်အစားကတော့ Nano SIM ဖြစ်ပါတယ်။ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ်သည်းဆကတော့ 402ppi ပါ။ အကြမ်းခံတဲ့ဖုန်းမျက်နှာပြင်ဖြစ်စေဖို့အတွက်လည်း Gorilla Glass 5 တပ်ဆင်ပေးထားပါသေးတယ်။ Multitouch စနစ်တွင် ColorOS 3.2 ကို အသုံးပြုနိုင်ပါမယ်။ Face Detection, HDR, Panorama စတဲ့ ကင်မရာဆက်စပ်ပတ်သက်စနစ်များလည်း ပါရှိပြီး၊ 1080p စွမ်းရည်နဲ့ ဗီဒီယိုရိုက်ကူးလျှင် တစ်စက္ကန့်ကို 30 frames နှုန်းရရှိပါမယ်။ Active Noise Cancellation with Dedicated mic စနစ်လည်း ပါရှိပါသေးတယ်။ အသံပိုင်းစနစ်တွင် မှတ်ဉာဏ်ပမာဏအပိုင်းအတွက် RAM 4GB နဲ့ ROM 32GB တို့ ထောက်ပံ့ပေးထားပါသေးတယ်။ အချက်အလက်အများအပြား သိမ်းဆည်းလိုပါက Card Slot စနစ်ကိုအသုံးပြုပြီး မှတ်ဉာဏ်ပမာဏကို ချဲ့ထွင် အသုံးပြုရမှာဖြစ်ပါတယ်။ အများဆုံးတိုးချဲ့နိုင်မယ့် မှတ်ဉာဏ်ပမာဏမှာ 256GB အထိ ပါ။ အသုံးပြုနိုင်မယ့် OS အမျိုးအစားကတော့ Nougat ဖြစ်ပြီး၊ ထည့်သွင်းပေးထားတဲ့ Chipset မှာ MediaTek Helio P23 ဖြစ်ပါတယ်။ CPU စွမ်းရည်မှာ Octa-core 2.5GHz Cortex-A53 ဖြစ်ကာ GPU ကတော့ Mali-G71MP2 အမျိုးအစားပါ။ လျင်မြန်တဲ့တုံ့ပြန်မှုများကိုပေးစွမ်းမယ့် ဖုန်းဖြစ်ကာ Acclerometer, Compass စတဲ့ Sensor စနစ်များလည်းပါရှိပါတယ်။

### Battery Life

အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားမှာ Li-Ion 3200 mAh ဖြစ်ပြီး၊ ထိုဘက်ထရီဟာ ဖုန်းကိုအချိန်ကြာမြင့်စွာအသုံးပြုနိုင်အောင် ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။ F5 ဟာ လှပတဲ့ အရောင်ကွဲများရှိပြီး၊ F5 Red ဟာ အခြားအရောင်များထက် ဈေးနှုန်းအနည်းငယ် ပိုများပါတယ်။

## 2 Samsung A7(2017)



ဖုန်းမျက်နှာပြင်အတွက် Super AMOLED capacitive touch screen ကိုအသုံးပြုပေးထားပြီး၊ ဖုန်းရဲ့ မျက်နှာပြင်အကျယ်အဝန်းကတော့ 5.7 inches ရှိပါတယ်။ အဓိက,ကင်မရာရဲ့စွမ်းရည်ဟာ 16MP, f/1.9 ဖြစ်ပြီး၊ LED Flash စနစ်ထောက်ပံ့ပေးထားပါတယ်။ ရှေ့ကင်မရာငယ်မှာလည်း 16MP, f/1.9 စွမ်းရည်ရှိတာကြောင့် ကြည်လင် ကောင်းမွန်တဲ့ Selfie ပုံများကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အသုံးပြုနိုင်မယ့် OS ကတော့ Android ဖြစ်ပြီး၊ Version မှာ MarshMallow ပါ။ Nougat Version သို့လည်းအဆင့်မြှင့်တင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ CPU စွမ်းရည်မှာ Octa-core 1.9 GHz Cortex A53 ဖြစ်ပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM 3GB နှင့် ROM 32GB တို့ ထည့်သွင်းပေးထားပါတယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ Li-Ion 3600 mAh ဖြစ်ပြီး၊ 3G Network တွင် စကားပြောဆိုဖို့ ၂၃ နာရီနီးပါး ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။

### Specification

| | | |
|---|---|---|
| Display | : | 5.7 inch, Super AMOLED Capacitive Touch |
| Memory | : | 32GB, 3GB RAM |
| Camera | : | 16MP(Back), auto focus, LED flash |
| OS | : | Android OS, v6.0.1 (MarshMallow) |
| Price | : | 600,000 /- |
| Phone | : | 01-371923 (AMT Mobile Mart) |

## 3 Vivo V5 Lite



ဖုန်းကိုယ်ထည်အရွယ်အစားပမာဏကတော့ 153.8 x 75.5x7.6 mm ရှိကာ အလေးချိန်မှာ 155g ဖြစ်ပါတယ်။ ဖုန်းမျက်နှာပြင်အတွက်အသုံးပြုပေးထားတဲ့ Touchscreen အမျိုးအစားမှာ IPS LCD capacitive touchscreen ဖြစ်ပြီး 5.5 inches ရှိပါတယ်။ Multi Touch စနစ်တွင် Funtouch OS 3.0 ကို သုံးစွဲနိုင်ပါမယ်။ Selfie ရိုက်ကူးမှုကိုဦးစားပေးထားတဲ့ ဖုန်းအမျိုးအစားဖြစ်ပါတယ်။ အဓိက,ကင်မရာမှာ 13 MP, f/2.2 စွမ်းရည်ရှိပြီး ရှေ့ကင်မရာငယ်ကတော့ 16MP, f/2.0 စွမ်းရည်ရှိပါတယ်။ ထည့်သွင်းပေးထားတဲ့ CPU စွမ်းရည်မှာ Octa-core ဖြစ်တာကြောင့် ဖုန်းကိုအသုံးပြုတဲ့အခါတွင် လျင်မြန်တဲ့တုံ့ပြန်မှုများကို ရရှိခံစားနိုင်ပါမယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် ဖုန်းရဲ့ Internal Storage ဟာ များပြားတဲ့အချက်အလက်များကို သိမ်းဆည်းနိုင်စွမ်းရှိပါတယ်။ V5 Lite ရဲ့ ROM ပမာဏဟာ 32GB ဖြစ်ပြီး RAM မှာ 3GB ပါ။ အားသွင်း အသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ Li-Ion 3000mAh ပါ။

### Specification

| | | |
|---|---|---|
| Display | : | 5.5 inch, IPS LCD capacitive touchscreen |
| Memory | : | 32GB, 3GB RAM, microSD |
| Camera | : | 13MP(Back), autofocus, LED flash |
| OS | : | Android OS, v6.0 |
| Price | : | 268,000 /- |
| Phone | : | 01-381129 (KMD) |

## 4 Singtech S2 Plus



5.5 inches မျက်နှာပြင်အကျယ်အဝန်းရှိတဲ့ဖုန်းတွင် Quad-core 1.2 GHz စွမ်းရည်ပါရှိပါတယ်။ ဖုန်း၏ကင်မရာနှစ်မျိုးစလုံးဟာ 5MP စွမ်းရည်ဖြစ်ပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM 512MB နှင့် ROM 4GB ထည့်သွင်းပေးထားပါတယ်။ Android MarshMallow ကို အသုံးပြုနိုင်မှာဖြစ်ပြီး၊ ဘက်ထရီကတော့ 2500mAh စွမ်းရည်ဖြစ်ပါတယ်။

Price : 85,000 /-
Phone : 01-381035 (KMD)

## 5 Huawei Y5 (2017) 4G



Y5 (2017) ဟာ 3G နှင့် 4G ဆိုပြီး အမျိုးအစားနှစ်မျိုးရှိပါတယ်။ Y5 (2017) 4G ရဲ့ မျက်နှာပြင်အကျယ်အဝန်းဟာ 5 inches ဖြစ်ပြီး၊ မှတ်ဉာဏ်ပမာဏအပိုင်းတွင် ROM 16GB နှင့် RAM 2GB ထည့်သွင်းပေးထားပါတယ်။ CPU စွမ်းရည်မှာ Quad core 1.4GHz ဖြစ်ပါတယ်။ 8MP နှင့် 5MP စွမ်းရည်ရှိတဲ့ ကင်မရာနှစ်မျိုးနှစ်စားပါရှိပြီး ဘက်ထရီအမျိုးအစားမှာ 3000mAh ဖြစ်ပါတယ်။

Price : 159,000 /-
Phone : 09-964209100 (Unique IT & Mobile Center)

## 6 Lenovo Vibe K4 Note



5.5 inches မျက်နှာပြင်အကျယ်အဝန်းတွင် Gorilla Glass 3 တပ်ဆင်ပေးထားပါတယ်။ အဓိက,ကင်မရာဟာ 13MP, f/2.2 စွမ်းရည်ရှိပြီး၊ ရှေ့ကင်မရာငယ်ကတော့ 5MP, f/2.2 စွမ်းရည်ပါ။ CPU ကတော့ Octa-core 1.3GHz စွမ်းရည်ရှိပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM 3GB နှင့် ROM 16GB ပါရှိပါတယ်။ ဘက်ထရီမှာ Li-Po 3300mAh ပါ။

Price : 239,000/-
Phone : 01-381129 (KMD)

## 7 Meizu M5c



ROM 16GB နှင့် RAM 2GB ပါရှိတဲ့ M5c တွင် အဓိက,ကင်မရာဟာ 8MP, f/2.0 စွမ်းရည်ရှိပါတယ်။ ဒုတိယကင်မရာငယ်ရဲ့စွမ်းရည်ကတော့ 5MP, f/2.2 ဖြစ်ပါတယ်။ Android 6.0 OS နဲ့အသုံးပြုနိုင်မယ့် ဖုန်းရဲ့ CPU ကတော့ Quad-core 1.3GHz အမျိုးအစားပါ။ 5 inches screen size ရှိတဲ့ M5c ဟာ 3000mAh စွမ်းရည်ရှိတဲ့ ဘက်ထရီနဲ့ တွဲဖက်အသုံးပြုရမှာဖြစ်ပါတယ်။

Price : 129,000/- (16GB)
Phone : 01-371924 (AMT Mobile Mart)

www.free4readers.com





www.free4readers.com



# Coming Phones

## Xiaomi Mi Mix 2s

Xiaomi ဟာ Mi Mix 23 ကို မကြာမီကမှ ထုတ်လုပ်ပေးခဲ့ပြီး ဒီဖုန်းဟာ Mi Mix 2 ကို update ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ 5.99" Display ဟာ ကြီးမားပြီး နောက်ဆုံးပေါ် Qualcomm ရဲ့ Snapdragon 845 ကို သုံးခဲ့ပြီး RAM 8GB, storage 256GB ထိ ပါဝင်လာခဲ့ကာ ထိုက်တန်သော အဆင့်မြှင့်တင်မှုဖြစ်လာခဲ့သည်။ ကင်မရာလည်း မြှင့်တင်ခဲ့ပြီး Dual 12MP ကင်မရာပါဝင်လာခဲ့ပါတယ်။ ရှေ့ကင်မရာမှာ 5MP ဖြစ်ပါတယ်။ Quick Charge 3.0 နှင့် 3400mAh ဘက်ထရီ ပါဝင်ပါတယ်။



### Design

Xiaomi Mi Mix 2S ဟာ 150.9 x 74.9 x 8.1 mm အရွယ်အစားရှိကာ 191g လေးပါတယ်။ Fingerprint Sensor ကို ကျောဘက်မှာတွေ့ရကာ အနက်၊ အဖြူဆိုပြီး အရောင်နှစ်မျိုး ရနိုင်ပါတယ်။

### Display

5.99" Display ဟာ 1080 x 2160 pixels resolution ရှိပြီး၊ 18:9 ratio ရှိတဲ့ IPS LCD အမျိုးအစားဖြစ်ပါတယ်။ Screen-to-body အချိုးဟာ 81.9% ရှိပါတယ်။ pixel density 403ppi ရှိပါတယ်။ Gorilla Glass 4 နဲ့ဖုံးအုပ်ပေးထားပါတယ်။

### Processor

Qualcomm Snapdragon 845 ကိုသုံးထားပြီး Octa-core processor ဖြစ်ကာ 2.8GHz မြန်နှုန်းရှိ Kryo 385 Gold core 4 ခုနဲ့ 1.8GHz မြန်နှုန်းရှိ Kryo 385 Silver core 4 ခုတို့အသီးသီးဖြစ်ကြပါတယ်။ Graphic က Adreno 630 ဖြစ်ပါတယ်။

### Performance

ဒီဖုန်းမှာစွမ်းဆောင်ရည်အတွက် RAM 8GB ပါဝင်ပြီး Storage ကတော့ 256GB ပါဝင်ပါတယ်။ RAM 6GB Storage 64/128GB အမျိုးအစားလည်းရှိပါတယ်။ အဓိက,ကင်မရာဟာ Dual 12MP ဖြစ်ပြီး Selfie အတွက် 5MP ကင်မရာရှေ့မှာ ပါဝင်ပါတယ်။ Android 8.0 Oreo ကို သုံးထားပါတယ်။

**Specification**

| | | |
|---|---|---|
| Display | : | 5.99 inch, IPS LCD Capacitive Touchscreen |
| Memory | : | 8GB RAM, 256GB ROM 6GB RAM, 64/128GB ROM |
| Camera | : | Dual 12MP+12MP (Back) 5MP (Front) |
| OS | : | Android 8.0 (Oreo) |

## Sonim XP8



**Specification**

| | | |
|---|---|---|
| Display | : | 5.0 inch, IPS LCD Capacitive Touchscreen |
| Memory | : | 64GB, 4GB RAM up to 128GB |
| Camera | : | 12MP (Back), 8MP (Front) |
| OS | : | Android OS 7.0 (Nougat) |

### Design

Sonim XP8 ဟာ 152 x 79.5 x 18 mm အရွယ်ရှိကာ 335g ရှိပြီး၊ IP 69 certified ဖြစ်ကာ ရေနဲ့ဖုန်ဒဏ်ကို မြင့်မားစွာခံနိုင်ရည်ရှိပါတယ်။ Mil-Stdard 810G ဖြစ်ပါတယ်။ အနက်ရောင်တစ်မျိုးပဲရနိုင်မှာဖြစ်ပါတယ်။

### Display

5" Display ဟာ 1080 x 1920 pixels resolution ရှိပြီး၊ pixel သိပ်သည်းဆ 441ppi ရှိပါတယ်။ Screen to body အချိုးဟာ 57% ရှိပါတယ်။

### Processor

Qualcomm Snapdragon 630 processor 2.2GHz Octa-core ကို သုံးထားပြီး ကောင်းမွန်တဲ့စွမ်းဆောင်ရည်ကိုပေးပါလိမ့်မယ်။ Graphic က Adreno 508 ပါဝင်ပါတယ်။

### Performance

ဒီဖုန်းမှာစွမ်းဆောင်ရည်အတွက် RAM 4GB ပါဝင်ပြီး Storage ကတော့ 64GB ဖြစ်ပါတယ်။ အဓိက,ကင်မရာဟာ 12MP ဖြစ်ပြီး၊ Selfie အတွက် 8MP ကင်မရာအရှေ့မှာပါဝင်ပါတယ်။ Li-Ion 4900mAh battery သုံးထားတာကိုတွေ့ရပါတယ်။

# Audio Guide

## AOMAIS MOKCAO LIFE 30W Speakers

Website : Amazon.com

Price : 89.99 $



ဒီဇိုင်းပုံစံက ဆွဲဆောင်မှုရှိရှိနဲ့လှပတဲ့ AOMAIS MOKCAO LIFE 30W Bluetooth Speaker လေးက စွမ်းအားပြည့်ဝတဲ့ အသံတွေကို အစွမ်းကုန်ထုတ်လွှတ်ပေးနိုင်ပါတယ်။ အရည်အသွေးမြင့် 30W sound တွေနဲ့ Bass သံနိုင်မာတဲ့ အသံတွေကို ရရှိနိုင်ဖို့ Dual drivers တွေနဲ့ passive radiator တွေကို ထောက်ပံ့ပေးထားပါတယ်။ ဒါကြောင့် indoor ရော outdoor ပါအသုံးပြုနိုင်ပြီး အသံဘယ်လောက် ကျယ်ကျယ် အသံယိမ်းယိုင်သွားခြင်းလည်း မရှိစေနိုင်လို့ ဘယ်လိုသီချင်းအမျိုးအစားတွေကို နားထောင်ပါစေ အကောင်းဆုံးအသံအရည်အသွေးတွေကို အပြည့်အဝပေးစွမ်းနိုင်ပါတယ်။ ဒါ့အပြင် ဒီစပီကာလေးမှာ 3 EQ Modes တွေဖြစ်တဲ့ Classic, Party နဲ့ Surround Modes တွေကိုလည်း စိတ်ကြိုက် ရွေးချယ်သတ်မှတ် သုံးစွဲနိုင်တာကြောင့် Classical Music တွေ၊ Heavy Metal တွေ၊ Pop Music စတာ တွေကို အရည်အသွေးအမြင့်မားဆုံးနားဆင်ခံစားနိုင်မှာပါ။ ထည့်သွင်းပေးထားတဲ့ ဘက်ထရီက Built-in rechargeable Lithium-ion battery ဖြစ်တာကြောင့် အားအပြည့်သွင်းထားရင် သီချင်းတွေကို အချိန်ကြာမြင့်စွာ နားဆင်နိုင်ပြီး တခြား device တွေကိုလည်း ဘက်ထရီစွမ်းအားဖြည့်စွမ်းပေးနိုင်လို့ Power Bank အဖြစ်လည်း သုံးစွဲနိုင်ပါသေးတယ်။ ဒါတင်မကသေးဘဲ Quick-Charge စနစ်ပါရှိလို့ ဘက်ထရီစွမ်းအားပြန်သွင်းရတာလည်း မြန်ဆန်မှုရှိပါတယ်။ Bluetooth နဲ့ချိတ်ဆက်အသုံးပြုမယ်ဆိုရင် ပေ ၅၀ အကွာထိ ချိတ်ဆက်ပေးနိုင်ပြီး AUX 3.5mm audio output နဲ့လည်း သုံးစွဲနိုင်ပါသေးတယ်။

## Echo Spot



Echo Spot စပီကာလေးက အရွယ်အစားသေးငယ်ပြီး ချစ်စရာကောင်းတဲ့ အရည်အသွေးမြင့် Bluetooth Speaker လေးပါ။ သီချင်းတွေကို နားဆင်ဖို့ စပီကာကောင်းတစ်လုံးအဖြစ် အသုံးပြုနိုင်သလို အရှေ့ဘက်မှာ Display လည်း ပါရှိလို့ Video Flash Briefings ကြည့်တာတွေ၊ သီချင်းနားထောင်တဲ့အခါ သီချင်းစာသားတွေကို ကြည့်နိုင်တာတွေတဲ့အပြင် ရာသီဥတုအခြေအနေပြသပေးတာတွေ၊ To Do lists တွေနဲ့ Shopping Lists တွေကိုလည်း မှတ်သားထားနိုင်ပါသေးတယ်။ ဒါ့အပြင် သီချင်းတွေကို နားထောင်ဖို့၊ သတင်းတွေကို ဖတ်ဖို့၊ မေးခွန်းတွေကိုဖြေဖို့၊ Music Alerm တွေပေးဖို့ Alexa နဲ့ cloud-based voice service တွေကိုလည်း ထောက်ပံ့ပေးထားသလို Pan- dora, Spotify, TuneIn, iHeartRadio နဲ့ Audible တွေကနေ Stream Music တွေနဲ့ စာအုပ်တွေကို နားဆင် ဖတ်ရှုနိုင်ပါသေးတယ်။ 3.5mm Stereo cable ဒါမှမဟုတ် Built-in speaker ကိုသုံးပြီး Hands-free နဲ့ သီချင်းတွေကိုနားထောင်နိုင်တဲ့အပြင် တခြားစပီကာတွေနဲ့လည်း ထပ်မံချိတ်ဆက်သုံးစွဲနိုင်ပါသေးတယ်။ ဖုန်းပြောဆိုတာတွေကို Hands-free ပြုလုပ်နိုင်ပြီး Echo Spot, Echo Show ဒါမှမဟုတ် the Alexa App ကို သုံးကာ Video Call ပြောဆိုမှုတွေကိုလည်း ပြုလုပ်နိုင်မှာပါ။

Website : Amazon.com

Price : 109.99$

## Harman-Kardon Aura Speaker



ဒီဇိုင်းပိုင်း လှပသပ်ရပ်မှုရှိအောင် ဖန်တီးပေးထားကာ Speaker ရဲ့အပေါ်ပိုင်းမှာ အမြင်တစ်မျိုးလေး ဆန်းသစ်နေအောင် ဖန်အကြည်ပုံစံလေးနဲ့ ပြုလုပ်ပေးထားတာကို တွေ့မြင်ရပါလိမ့်မယ်။ Wired နဲ့ရော၊ Wireless အနေဖြင့်ပါ အသုံးပြုနိုင်မှာဖြစ်သလို Subwoofer တွေလည်း ပါရှိတဲ့အတွက် အသံထွက်ပိုင်းအလွန် ကောင်းမွန်ပါတယ်။ Bass အသံ၊ Stereo အသံတွေကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ထုတ်လွှတ်ပေးမှာဖြစ်တာကြောင့် တေးသီချင်းနားဆင်သူတွေ စိတ်ကြိုက်တွေ့စေမယ့် ပစ္စည်းကောင်းလေးတစ်ခုဖြစ်ပါတယ်။ မည်သည့် Mobile Devices မျိုးစုံနဲ့မဆို ချိတ်ဆက်အသုံးပြုနိုင်သလို PC, Laptop တို့နဲ့ တွဲဖက်သုံးမယ်ဆိုရင်လည်း တွဲဖက်အသုံးပြုနိုင်မှာပါ။ အရောင်အနေနဲ့ကတော့ အနက်ရောင်တစ်မျိုးတည်းသာ ဝယ်ယူနိုင်မှာပါ။

Price : 520,000/- | Phone : 09 - 73230033

## KINGONE H1 Soundbar



KINGONE အမှတ်တံဆိပ် H1 အမျိုးအစား Portable Speaker ဖြစ်ပါတယ်။ အသံထွက်ပိုင်းအထူးကောင်းမွန်တဲ့ Speaker အမျိုးအစားတစ်ခုဖြစ်တဲ့အပြင် Bass အသံထွက်ပိုင်းအားပါ ပြင်းထန်မှုရှိပါတယ်။ Wireless စနစ် အနေနဲ့က Bluetooth လုပ်ဆောင်ချက်အပြင် Wifi လုပ်ဆောင်ချက်ဖြင့်ပါအသုံးပြုနိုင်မှာပါ။ မည်သည့် Mobile Devices အမျိုးအစားတွေနဲ့မဆို အဆင်ပြေစွာတွဲဖက်အသုံးပြုနိုင်ပါလိမ့်မယ်။ ဒါ့အပြင် Micro SD Slot လည်း ပါရှိတာကြောင့် SD Card ကို ထည့်သွင်းအသုံးပြုနိုင်ကာ AUX Cable ဖြင့်လည်း ချိတ်ဆက်အသုံးပြုလို့ရပါတယ်။ ဒီဇိုင်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း Home Theater Set ပုံစံမျိုး ဖန်တီးပြုလုပ်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ Remote Control, Audio Adapter Cable နဲ့ Original Charger တို့လည်း ပါရှိပါတယ်။ ဒါ့အပြင် တစ်နှစ်အာမခံလည်း ပေးထားပါတယ်။

Price : 99,000 /- | Phone : 09 - 420450001

www.free4readers.com



# အာရှနိုင်ငံ ၈ နိုင်ငံတွင် ပြည်တွင်းနှုန်းထားဖြင့် အင်တာနက်သုံးစွဲနိုင်ရန် တယ်လီနောမှ စီစဉ်ပေးထား




တယ်လီနော၏ prepaidနှင့် postpaid အသုံးပြုသူအားလုံး ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံများတွင် ဒေတာအသုံးပြုခ အထူးနှုန်းထားသစ် ၁ မဂ္ဂါဘိုက်လျှင် ၈ ကျပ်ဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ပါသည်။

တယ်လီနောမြန်မာ၏ prepaid နှင့် post-paid အသုံးပြုသူများအတွက် 'ASIA 8'ဟု အမည်ရသည့် အင်တာနက်ပရိုမိုးရှင်းအသစ်အရ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံများသို့ သွားရောက်လည်ပတ်သည့် သို့မဟုတ် အဆိုပါ နိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်နေသည့် တယ်လီနော အသုံးပြုသူများသည် ၎င်းတို့၏ မိတ်ဆွေများ၊ မိသားစုများနှင့် ဆက်သွယ်ရာတွင် ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းကိစ္စရပ်များအား လုပ်ဆောင်ရာတွင်ဖြစ်စေ အင်တာနက်အား အသက်သာဆုံးနှုန်းထား တစ်ရပ်ဖြစ်သည့် ၁ မဂ္ဂါဘိုက်လျှင် ၈ ကျပ် (ကုန်သွယ်လုပ်ငန်းခွန်မပါ) ဖြင့် အသုံးပြုနိုင်မည် ဖြစ်သည်။

အထက်ပါ အာရှနိုင်ငံပေါင်း ၈ နိုင်ငံတွင် ယခင် ပုံမှန် အင်တာနက် နှုန်းထားများမှာ နိုင်ငံပေါ်မူတည်၍ ၁ မဂ္ဂါဘိုက်လျှင် အနည်းဆုံး ၅၀၀ ကျပ် ကျသင့်သော်လည်း၎င်းပရိုမိုးရှင်း ကာလအတွင်းတွင် တယ်လီနော အသုံးပြုသူများအနေနှင့် ၉၈၊ ၉၅ ရာခိုင်နှုန်းအထိ သက်သာစွာ အသုံးပြုနိုင်ရန် စီစဉ်ပေးခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလကလည်း နီးကပ်လာပြီး ဒီနိုင်ငံပေါင်း ၈ နိုင်ငံကလည်း အားလပ်ရက်တွေမှာ မြန်မာလူမျိုးတွေ သွားရောက်လည်ပတ်မှုများပြားတဲ့ နာမည်ကျော် နေရာဒေသတွေထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့ရဲ့ ASIA 8 ပရိုမိုးရှင်းအစီအစဉ်အရ အသုံးပြုသူတွေအနေနဲ့ သူတို့ရဲ့ခရီးသွားအတွေ့အကြုံတွေကို Facebook နဲ့ အခြားသောလူမှုကွန်ရက်စာမျက်နှာတွေမှာ အချိန်နဲ့ တစ်ပြေးညီ ဖော်ပြသွားနိုင်မှာဖြစ်ပြီး ကျသင့်ငွေကလည်း မြန်မာနိုင်ငံမှာ အသုံးပြုတဲ့နှုန်းထားနဲ့အတူ သတ်မှတ်ပေးထားတဲ့အတွက် အသုံးပြုသူတွေအနေနဲ့ ပူပန်စရာမလိုတဲ့အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောပါသည်။

ရဲလင်းလင်းသန်း

# Huawei မှ "Seeds For The Future 2018" CSR Program အကြောင်း မိတ်ဆက် ရှင်းလင်း

Huawei Myanmar မှ "Seeds For The Future 2018" CSR Program အကြောင်းကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့က Huawei ရုံးချုပ်တည်ရှိရာ မြန်မာပလာဇာ၊ Office Tower 1 ရဲ့ ၁၈ လွှာမှာ မိတ်ဆက်ရှင်းလင်းခဲ့ပါသည်။

Huawei Myanmar ရဲ့ CEO ဖြစ်သူ Mr. Zhang Liman က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် Huawei မှ "Seeds For The Future" အစီအစဉ်နှင့်ပတ်သက်ပြီး ပညာရေးပိုင်းတွင် ကူညီထောက်ပံ့ခဲ့သော အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ "Seeds For The Future" အစီအစဉ်အရ ကမ္ဘာတစ်ဝန်းမှ လူငယ်လူရွယ်များဟာ တရုတ်နိုင်ငံတွင် အကျိုးရှိသော သင်ခန်းစာများစွာကို လေ့လာသင်ယူခွင့်ရခဲ့ကြပါသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံမှ ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဟာ "Seeds For The Future" အစီအစဉ်တွင် ပူးပေါင်းပါဝင်ခွင့်ရခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်တွင်လည်း Technology University (Thanlyin), West Yangon Technological University, University of Computer Studies Yangon, University of Information Technology, University of Computer (Monywa) တို့မှ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့သည် ဧပြီလ ၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ တရုတ်နိုင်ငံသို့ နှစ်ပတ်ကြာ သွားရောက်လေ့လာရမှာဖြစ်ပါသည်။ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားသို့ Huawei မှ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။




# MPT 2G 3G ဆင်းကတ်အသုံးပြုသူများ ဒေတာအပိုလက်ဆောင်ရမည်

MPT က 2Gနှင့် 3G ဆင်းကတ်စနစ်ကိုသာ အသုံးပြုနေဆဲဖြစ်သည့် သုံးစွဲသူများအတွက် ၎င်းတို့၏ ဆင်းကတ်များကို MPTအရောင်းဆိုင်များတွင် လာရောက်လဲလှယ်ပါက တစ်ထောင်ကျပ် စတင်ငွေဖြည့်အသုံးပြုပြီးတိုင်း 100MB ဒေတာလက်ဆောင် အပိုရရှိမည့်အစီအစဉ် စတင်လိုက်ကြောင်း သိရသည်။ ဆင်းကတ်လဲလှယ်ပြီး စတင်ငွေဖြည့်ပါက ၁၀၀၀ ကျပ်ငွေဖြည့်လျှင် ဒေတာအပို 100MB၊ ၁၀၀၀၀ ကျပ်ငွေဖြည့်သွင်းပါက ဒေတာအပို 1000 MB ထပ်ဆောင်းပေးမည်ဖြစ်ပါသည်။ ဒေတာအပိုလက်ဆောင်ရရှိရန် MPT သုံးစွဲသူများအနေဖြင့် ဆွေသဟာ၊ ရှယ်ပြော၊ ရွှေစကားကဲ့သို့ အစီအစဉ်များ ရယူထားရန် လိုအပ်ပြီး လက်ရှိ USIMကို အသုံးပြုနေပြီးဖြစ်သည့် သုံးစွဲသူများမှာ ယခုအစီအစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ပါ။ MPT ဆင်းကတ်အသစ်ကို လဲလှယ်၍ ဒေတာအပိုလက်ဆောင်ရရှိရန် MPT အရောင်းဆိုင်များ (သို့) ၁၀၆ သို့ဖုန်းခေါ်ဆိုပြီး ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

ရဲလင်းလင်းသန်း

# မိုဘိုင်းဖုန်းအသုံးပြုသူများ အဆင်ပြေလွယ်ကူမှုအတွက် ပံ့ပိုးပေးရန် ဒစ်ဂျစ်တယ်ကူပွန်နှင့် E-Commerce ငွေပေးချေမှုစနစ်ကို အူရီဒူး M-ပိုက်ဆံမှ မိတ်ဆက်

အူရီဒူး၏ M-ပိုက်ဆံသည် လုံခြုံစိတ်ချစွာငွေလွှဲနိုင်မည့် ဝန်ဆောင်မှုမှတစ်ဆင့် မြန်မာပြည်သူလူထုအားလုံးကို ပိုမိုကောင်းမွန်သည့် အနာဂတ်နှင့် နီးကပ်လာစေရန်အတွက် ခေါ်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ထိုမှုမှက M-ပိုက်ဆံမှ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍနှင့်ဆက်စပ်နေသည့် ဘဏ္ဍာရေးဆိုင်ရာပါဝင်မှုကို ပံ့ပိုးပေးရန် ဝန်ဆောင်မှုအသစ်နှစ်ခုဖြစ်သည့် iTunes နှင့် Google Play Store အတွက် ဒစ်ဂျစ်တယ်ကူပွန်နှင့် E-Commerce ငွေပေးချေမှုစနစ်များကို ၄. ၄. ၂၀၁၈ ရက်နေ့တွင် မိတ်ဆက်ပေးခဲ့ပါသည်။

M-ပိုက်ဆံသုံးစွဲသူများအားလုံးသည် M-ပိုက်ဆံ Application မှ ဝန်ဆောင်မှုအမျိုးအစားများစွာကိုအသုံးပြုနိုင်မည်ဖြစ်သည်။ Gift Cards သင်္ကေတအောက်တွင် Google Play Store, Apple iTunes, Steam Wallet, Easy Points နှင့် Viber Out တို့အတွက် ကူပွန်များနှင့် ဘောက်ချာများလည်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံရှိပြည်သူအများစုသည် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူအသုံးပြုရမည့် ဝန်ဆောင်မှုများကို ပထဝီဝင်အနေအထား၊ နည်းပညာအနေအထားနှင့် ငွေကြေးပိုင်းဆိုင်ရာဝန်ဆောင်မှု စသည်တို့နှင့်ပတ်သက်ပြီး ဝန်ဆောင်မှုများရယူနိုင်ခွင့်အတွက် ကန့်သက်ချက်များစွာ ရှိခဲ့ပြီး ယခုအခါ ၎င်းတို့အနေဖြင့် Google Play Store (သို့) Apple iTune တို့မှ တေးသီချင်းများ၊ ဂိမ်းများနှင့် Application များ၊ Steam Community အတွက် ဂိမ်းကစားရန် Coins များ၊ Viber စတစ်ကာများ၊ လိုင်းဖုန်းများနှင့် Viber ရယူထားခြင်းမရှိသောဖုန်းများသို့ ဖုန်းခေါ်ဆိုရန်အတွက် VOIP Prepaid e Top-up, EasyPoints မှ ရယူနိုင်သောဂိမ်းများ၊ Application များကို စာရင်းသွင်းရယူခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ ဂိမ်းကစားခြင်း၊ တေးသီချင်းများကို နားဆင်ခြင်းနှင့် Viber ရယူထားခြင်းမရှိသောဖုန်းများသို့ဖုန်းခေါ်ဆိုခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို အဆင်ပြေချောမွေ့စွာဖြင့် M-ပိုက်ဆံသုံးစွဲသူများမှ ရယူနိုင်တော့မည်ဖြစ်သည်။ အဆိုပါ ဘောက်ချာများနှင့် ကူပွန်များအားလုံးကို M-ပိုက်ဆံသုံးစွဲသူများအတွက်အပိုဝန်ဆောင်ခပေးဆောင်စရာမလိုတဲ့ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။




ကိုမျိုး

စာမျက်နှာ ၂ မှအဆက်

နိုင်ကြရန်အတွက် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးဆောင် ကော်မတီနာယက၏ မှာကြားချက်နှင့်အညီ အထူးအာရုံ စူးစိုက်ပြီး ကြိုးပမ်းလုပ်ဆောင်သွားကြရန် ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေး မူဝါဒများနှင့်အညီ ရေးဆွဲထားရှိသည့် Master Plan တို့ကိုအခြေခံပြီး ဆောင်ရွက်သင့်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် အားလုံးပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း" e-Government ဦးဆောင် ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေက ပြောကြားခဲ့ပါတယ်။

## ၂၀၂၀ ခုနှစ်မှာ ပြည်တွင်းလူဦးရေ ၉၂% ကို မိုဘိုင်းကွန်ရက်လွှမ်းခြုံနိုင်ဖို့

"ကျွန်မကို ပေးထားတဲ့အချက်အလက်တွေကတော့ Mobile Telephone ကွန်ရက်ဟာ လူဦးရေရဲ့ ၈၉ ရာခိုင်နှုန်းကို လွှမ်းခြုံသွားပြီ။ ၂၀၂၀ ကြရင် ၉၂ ရာခိုင်နှုန်းကို လွှမ်းခြုံဖို့။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးက ပိုပြီးတော့ တင်ပြနိုင်မယ်လို့လည်း သိပြီးသားတွေဖြစ်မှာပါ။ e-Government မှာ ကျန်းမာရေးအတွက် e - Government ဟာ ဘယ်လောက်အထောက်အကူပြုနိုင်မယ်ဆိုတာ ကျန်းမာရေးဝန်ကြီးက တင်ပြလာမှ ကျွန်မတို့အားလုံးက ဂဃနဏ သိမှာပါ။ ဒါကြောင့် ကိုယ့်ရဲ့ ဌာနအတွက် အကျိုးအမြတ်တွေရှိနိုင်သလို ကိုယ့်ရဲ့ဌာနကလည်း e-Government အောင်မြင်ရေးအတွက် ပံ့ပိုးနိုင်မလားဆိုတာကို ပွင့်ပွင့်လင်းလင်း တင်ပြကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်"လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

ARTICLE KNOWLEDGE

# အင်တာနက်အသုံးကိုတိုင်းတာဖို့ Tools




ဧသေက်(ဖြိုးမနဒစ်ဂျစ်တယ်ဓာတ်ပုံ)

အမျိုးမျိုးသော အင်တာနက်ခေတ်များကို ဖြတ်သန်းလာခဲ့ပြီးသည့်နောက်တွင် ဤဖက်ခေတ်အင်တာနက်တို့သည် ယခင်ခေတ်များထက် အမြန်နှုန်းတန်သလောက် ကောင်းလာခဲ့သော်လည်း ဈေးနှုန်းကားမသက်သာ။ 1MP data အတွက်ပေးရသော ဈေးနှုန်းကိုဤအတိုင်း အလွတ်သုံးလျှင် လူအများစု မခံစားနိုင်သောကြောင့် data ကို package ဝယ်ပြီးသုံးကြရသည်။ ထိုအခါ data limit ဟူသော အကန့်အသတ်ကြီးပါလာမည်။ မိမိကမည်မျှသုံးထား၍ လက်ကျန်မည်မျှကျန်သည်ကိုမည်သူကမှ အလွယ်နှင့်မသိနိုင်။ ISP ကပေးသည်ဆိုသော data သုံးစွဲမှုမှတ်တမ်းမှာလည်း ယုံစား၍မရ။ အင်တာနက်ကိုမသုံးဘဲဖွင့်ထားမိရာမှ data တွေပြုတ်ပြုတ်ပြုန်းအောင် စားသွားသည်ဆိုသော ဖြစ်ရပ်မှန်များကိုလည်း ကြုံတွေ့နေရပြီ။ ထို့ကြောင့် လိုင်းပေါ်တစ်ခါတက်ပြီးတိုင်း data မည်မျှသုံးမိသည်ကို တိုင်းရတော့မည်။ မိမိလက်ထဲမှာရှိသောစာရင်းနှင့် ISP ကပေးသောစာရင်းကို တိုက်ဆိုင်စစ်ဆေးရတော့မည်။ Complaint တက်သင့်ကတက်ရမည်။ ဤကိစ္စအတွက် အခမဲ့သုံးနိုင်သော tool များ အင်တာနက်ပေါ်မှာရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## Glasswire

www.bit.ly/glasswire 445 မှ download ချပြီးအခမဲ့သုံးနိုင်သည်။ အင်တာနက်မှာသုံးခဲ့သော data ပမာဏကို တိတိကျကျကြည့်နိုင်သည်ဟုဆိုသော်လည်း Glasswire က မူလရည်ရွယ်သည်မှာ ဤကိစ္စမဟုတ်။ bandwidth monitor ထက်စာလျှင် အလွန်ကောင်းမွန်သော firewall အဖြစ် အသုံးတော်ခံရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကံကောင်းသည်မှာ Glasswire သည် မိမိ၏ခွင့်ပြုချက်မရဘဲ ဆက်သွယ်သောအတွင်းအပြင် ဆက်ကြောင်းများကိုရှာဖွေပိတ်ဆို့ပေးနိုင်သည်သာမက ကွန်ရက်တစ်ခုပေါ်တွင် data မည်မျှသုံးစွဲခဲ့သည်ကို မှတ်တမ်းတင်ပေးနိုင်ခြင်းပင်။

Glasswire ၏ default view ကိုကြည့်မည်ဆိုလျှင် ကွန်ရက်အခြေအနေကိုအချိန်နှင့်တစ်ပြေးညီပြသပေးနေသည့် ပုံပြ Graph ကို မြင်ရပါမည်။ Glasswire ပြပေးနေသော အချိန်အတိုင်းအတာကိုအနည်းဆုံး ငါးမိနစ်မှသည် တစ်လခွင်အထိ အမျိုးမျိုးထားပြီးကြည့်နိုင်သည်။ ယင်းအချိန်အတိုင်းအတာကို data-bar ၏ ညာဘက်အစွန်တွင်ရှိသော option ဖယားမှတစ်ဆင့် ရွေးချယ်နိုင်သည်။ ထိုသို့မကြည့်လိုလျှင်လည်း ဘယ်ဘက်ခြမ်းမှာရှိသောApp တွင် ကလစ်နှိပ်ပြီး မည်သည့် program သည် အင်တာနက် bandwidth အား အများဆုံးစားနေသည်ကို ကြည့်နိုင်သည်။ program တစ်ခုခုသည် မျက်စိနောက်စရာအခြေအနေသို့ရောက်နေပြီဟုဆိုလျှင် mouse ကို graph ပုံပေါ်သို့ ဖြတ်ရွှေ့လိုက်ပါ။ ထိုအခါ ကင်မရာပုံလေးပေါ်လာမည်။ မြင်ကွင်း၏အပေါ်ညာဘက်ထောင့်တွင် ပေါ်လာပါမည်။ ယင်းနေရာတွင် ကလစ်နှိပ်လိုက်ပါက screen မြင်ကွင်းကို ဓာတ်ပုံရိုက်၍ သိမ်းဆည်းပေးပါလိမ့်မည်။

“ Open source ဖြစ်သဖြင့်
စွမ်းဆောင်ရည် ကန့်သတ်ခြင်းမရှိပါ။
အချိန်အကန့်အသတ်မရှိဘဲ
အခမဲ့သုံးနိုင်မည့်သဘောလည်း
ဆောင်ပါသည်။ ဤ app သည်
ကွန်ပျူတာအသုံးချမှုနောက်ကွယ်တွင်
အလုပ်လုပ်ပေးနေပါမည်.... ”

မြင်ကွင်း၏အပေါ်အလယ်နားတွင်ရှိသော usage icon ကိုနှိပ်၍ ကြည့်မည်ဆိုပါက အဝင်အထွက် traffic များနှင့်ပတ်သက်ပြီး ပိုမိုများပြားသောသတင်းအချက်အလက်များကို သိရပါမည်။ အကယ်၍ ISP ထံမှာ ဝယ်ထားသော data limit အမြင့်ဆုံးပမာဏကိုသိနေပြီဟုဆိုလျှင် Glasswire ထဲမှာ upper limit တစ်ခုကိုသတ်မှတ်ပေးထားနိုင်သည်။ မိမိသုံးစွဲသော data ပမာဏသည် ထို limit အနီးသို့ ချဉ်းကပ်လာပြီဆိုလျှင် သတိပေးချက်ထုတ်ပြန်ပေးဖို့လည်း ဆောင်ရွက်ထားနိုင်သည်။ ထိုကိစ္စအတွက် Glasswire>Setting>data plan လမ်းကြောင်းအတိုင်း ကလစ်နှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပါ။ ယင်းနောက်တွေ့ရမည့် unlock စာသားတွင် ကလစ်နှိပ်ပါ။ Notify me if this computer uses a certain amount of bandwidth စာသားဘေးမှ လေးထောင့်ကွက်တွင် အမှန်ခြစ်ပေါ်အောင် ကလစ်နှိပ်ရမည်။ ယင်းနောက် traffic amount ခေါင်းစဉ်အောက်တွင် ISP ထံမှ ယူထားသော data ပမာဏအောက် အနည်းငယ်လျှော့ပြီး data ပမာဏတစ်ခုကို သတ်မှတ်ပေးပါ။ ထို့ပြင် Traffic type ခေါင်းစဉ်အောက်တွင်လည်း Exclude Local Network Traffic စာသားဘေးရှိ လေးထောင့်ကွက်တွင် အမှန်ခြစ်ပေါ်အောင် ကလစ်နှိပ်ပါ။ ပြီးလျှင် OK တွင် ကလစ်နှိပ်ပါ။

အခြားသော bandwidth monitoring tools အများစုကဲ့သို့ပင် Glasswire သည်လည်း ယင်းကို install လုပ်ထားသော ကွန်ပျူတာပေါ်တွင်သုံးသမျှ data ပမာဏကိုသာ မှတ်တမ်းတင်သိမ်းဆည်းပေးနိုင်သည်။ အကယ်၍ စမတ်ဖုန်း သို့မဟုတ် တက်ဘလက်စသည့် device များဖြင့် အွန်လိုင်းသုံးလေ့ရှိသည်ဟုဆိုလျှင် ယင်းအသုံးပမာဏကို မှတ်တမ်းတင်ရန်အတွက် သီးခြားလုပ်ဆောင်ရပါမည်။ ကံကောင်းသည်မှာ Android device များအတွက် အခမဲ့သုံးနိုင်သော Glasswire app ရှိနေခြင်းဖြစ်သည်။ Glasswire ၏ အားနည်းချက်မှာ အသုံးပြုချိန်ခုနစ်ရက်ကြာပြီးသည့်နောက်တွင် လုပ်ဆောင်ချက်အပြည့်အစုံကို သုံး၍မရတော့ဘဲ အခြေခံလုပ်ဆောင်ချက်များကိုသာ ဆောင်ရွက်ပေးနိုင်သည့် Basic version အဖြစ်သို့ လျော့ကျသွားခြင်းဖြစ်သည်။ ဆောင်ရွက်ချက်အပြည့်အစုံသုံးလိုလျှင် ဒေါ်လာလေးဆယ်ပေးရပါလိမ့်မည်။ တော်နေသေးသည်မှာ အခြေခံလုပ်ဆောင်ချက်များ ချန်ထားခဲ့သည့်အထဲတွင် data အသုံးကို မှတ်တမ်းတင်ပေးသော ဆောင်ရွက်ချက်ကျန်နေခြင်းဖြစ်သည်။ သို့သော် ကွန်ပျူတာတစ်လုံးပေါ်ရှိ ကွန်ရက်ဆက်သွယ်မှုလမ်းကြောင်းတစ်ကြောင်းကိုသာ မှတ်တမ်းတင်ပေးနိုင်ခြင်းဖြစ်သည်။ Android device များနှင့် ကွန်ပျူတာပေါ်မှသုံးစွဲသည့် data ပမာဏစုစုပေါင်းကို စုပေါင်းကြည့်နိုင်စွမ်းမရှိတော့ပါ။ ထို့ပြင် လောလောဆယ်၌ iOS device များတွင် သုံးနိုင်မည့် Glasswire version မထွက်သေးပါ။

## Bit Meter OS

www.bit.ly/bitmeter 445 မှ download ဆွဲချပြီး အခမဲ့သုံးနိုင်သည်။ Bit Meter OS သည် သုံးရပေါ့ပါးသော app တစ်ခုဖြစ်သည်။ Open source ဖြစ်သဖြင့် စွမ်းဆောင်ရည် ကန့်သတ်ခြင်းမရှိပါ။ အချိန်အကန့်အသတ်မရှိဘဲ အခမဲ့သုံးနိုင်မည့်သဘောလည်း ဆောင်ပါသည်။ ဤ app သည် ကွန်ပျူတာအသုံးချမှုနောက်ကွယ်တွင် အလုပ်လုပ်ပေးနေပါမည်။ ထို့ကြောင့် ကွန်ပျူတာဖွင့်လိုက်ချိန်တွင် အင်တာနက်ပေါ်မှာဖြစ်စေ၊ Wi-Fi ကွန်ရက်ပေါ်မှာဖြစ်စေ Upload နှင့် download လုပ်ထားသော data ပမာဏကိုဖော်ပြပေးပါမည်။ ဤ app တွင် ကိုယ်ပိုင် user interface သီးခြားမရှိပါ။ ယင်းအတွက် web interface ကို browser တစ်ခုခုအပေါ်တွင် ကြည့်ရပါမည်။ သို့သော် browser ပေါ်တွင် မြင်ရမည့်မြင်ကွင်းကို start-menu shortcut မှဖြစ်စေ၊ desktop shortcut မှဖြစ်စေ ကလစ်နှိပ်ပြီး တိုက်ရိုက်ခေါ်ယူနိုင်သည်။ ယင်းသို့ခေါ်ယူနိုင်အောင်လည်း installation လုပ်စဉ်ကပင် လုပ်ပိုင်ခွင့် ထည့်သွင်းပေးထားပြီးဖြစ်သည်။

မိမိကွန်ပျူတာ၏ လက်ရှိ data အသုံးကိုကြည့်လိုလျှင် Monitor Tab တွင် ကလစ်နှိပ်၍ဖွင့်ပြီးကြည့်နိုင်သည်။ သို့တည်းမဟုတ် ယခင်က အသုံးပြုမှုအဟောင်းများကိုပါ ကြည့်လိုလျှင် history tab ကိုဖွင့်ပြီး ကြည့်နိုင်သည်။ Export data in CSV format ဟူသော စာသားကိုကလစ်နှိပ်ပြီးရွေးချယ်ခြင်းအားဖြင့် မိမိအသုံးပြုခဲ့သော data ပမာဏကို report ထုတ်ပြီးကြည့်နိုင်သည်။ မိမိက data package ဝယ်သုံးပြီး ယင်းပမာဏထက် မကျော်လွန်စေလိုလျှင် Alert tab ကို ကလစ်နှိပ်ပါ။ ယင်းနောက် Create a alert ကိုရွေးချယ်ပါ။ ပြီးလျှင် သတ်မှတ်ထားသော data ပမာဏထက်ကျော်လွန်အသုံးပြုမိမည့်အခြေအနေသို့ ရောက်လာလျှင် သတိပေးစေရန်အတွက် ပေးထားသောဖောင်တွင် လိုအပ်သော အချက်များကို ဖြည့်စွက်ပေးပါ။

Bit Meter OS ၏အားနည်းချက်မှာ မည်သည့် app သို့မဟုတ် process က bandwidth အများဆုံးစားနေကြောင်း သီးသီးသန့်သန့်မပြောနိုင်ခြင်းဖြစ်သည်။ မိမိကွန်ပျူတာထဲသို့ အဝင်အထွက်လုပ်သော data နှင့်ပတ်သက်သည့် သတင်းအချက်အလက်တို့ကိုသာ ယေဘူယျသဘောပြပေးချင်သည်။ ထို့ပြင် ဤ software နှင့်တွဲဖက်သုံးစွဲစေနိုင်မည့် mobile app များ ထုတ်လုပ်ထားခြင်းမရှိသေးပါ။ သို့ဖြစ်၍ စမတ်ဖုန်းနှင့်တက်ဘလက်မှနေ၍ အွန်လိုင်းသုံးခြင်းအား သီးခြားကိစ္စတစ်ခုအဖြစ်ဆောင်ရွက်ရပါလိမ့်မည်။

## Free Meter

www.bit.ly/freemeter 445 မှနေ၍ download ဆွဲချပြီး အခမဲ့အသုံးပြုနိုင်သည်။ FreeMeter သည် အလွန်သေးငယ်သော tool တစ်ခုသာဖြစ်သည်။ ယင်းကို taskbar ၏ notification area တွင် ရှာဖွေတွေ့ရှိနိုင်သည်။ ယင်း၏ကောင်းကွက်မှာ သက်ဆိုင်ရာ icon ကိုနှိပ်ပြီး မိမိကွန်ပျူတာ၏လက်ရှိအင်တာနက်အသုံးကို live graph အငယ်စားတစ်ခုဖြင့် ပြပေးနိုင်ခြင်းဖြစ်သည်။ ထို့ပြင် graph ထဲတွင် ပြသထားသောအရောင်များနှင့်အသုံးပြုထားသော စကေးတို့ကို မိမိစိတ်ကြိုက်ပြုပြင်ပြောင်းလဲနိုင်ပါသေးသည်။ Graph window ထဲမှသွား၍ဖြစ်စေ၊ notification area ထဲရှိ icon မှဖြစ်စေ၊ မိမိအတွက် data limit ကို သတ်မှတ်ထားနိုင်သည်။ ညာဘက်ကလစ်နှိပ်ပြီး ပေါ်လာသောအကွက်မှတစ်ဆင့် သတ်မှတ်ပေးရမည်ဖြစ်သည်။ Tools>Totals log အတိုင်းဝင်ပြီး limit tab မှတစ်ဆင့် မိမိ၏ limit ကို သတ်မှတ်ထည့်သွင်းပေးရပါမည်။ ပြီးလျှင် Alert me စာသားဘေးမှ လေးထောင့်ကွက်တွင် အမှန်ခြစ်ပေါ်အောင် လုပ်ပေးရပါမည်။ Free Meter ၏ အားသာချက်မှာ portable app အဖြစ် သုံးနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် install လုပ်ရန်မလိုပါ။ အားနည်းချက်အနေဖြင့် ဤ app အသုံးပြုရန် Microsoft ၏ .Net Framework 2.0 မှအထက် လိုခြင်းကိုတွေ့ရပါသည်။


··· No One Can Live Without ···
Mobile Guide
INFORMATION TECHNOLOGY & LIFESTYLE JOURNAL

အမှုဆောင်အရာရှိချုပ်
ရဲမင်းအောင်

အယ်ဒီတာ
စိုးစံမြိုး

အကြီးတန်းသတင်းထောက်
ရဲလင်းလင်းသန်း

သတင်းထောက်
တင်မျိုးသွင်

စာပြင် စာမြူ
ဒေါ်ခင်လေးဖြူ

မျက်နှာဖုံးဒီဇိုင်း
ပြည့်မင်းဇော်

ဒီဇိုင်းအဖွဲ့
ခင်ဥမ္မာသန်း၊ ဝိုင်းဝိုင်း
သန္တာမြင့်သိန်း

ကြော်ငြာအဖွဲ့
အေးငြိမ်းသူ
နှင်းယုဝါထွန်း

ဖြန့်ချိရေး
အောင်နိုင်

ပုံနှိပ်
ဦးတိုးဝင်း
နေလရောင်ပုံနှိပ်
(၀၀၈၃၀)
အမှတ် ၉၃၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးရဲမင်းအောင်
(၀၀၉၀၀)

ရုံးခန်းတည်နေရာ
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉၇၇၃၁၈၇၉၄၄
၀၉၄၂၀၀၇၇၇၀၀

Email
mobileguidemyanmar@gmail.com
mobileguideadv@gmail.com

www.free4readers.com





ARTICLE KNOWLEDGE

# ဆေးသောက်ဖို့မမေ့စေမယ့် Selfie Medicine

ငြိမ်း ချမ်း တိုး

ကျန်းမာရေးကောင်းဖို့အတွက် လူတိုင်း မျှော်လင့်ကြပေမယ့် ဖောက်ပြန်လာတဲ့ရာသီဥတုအခြေအနေ၊ အာဟာရပြည့်ဝမှန်ကန်မှု (သို့) သန့်ရှင်းသပ်ရပ်မှုနည်းပါးလာတဲ့ အစားအသောက်များနှင့် အခြားအခြေအနေများကြောင့် ကျန်းမာရေးချို့ယွင်းလာမှုဟာ များပြားလာသလို အသက်ရှည်တဲ့နှုန်းဟာလည်း လျော့နည်းလာပါတယ်။ ရောဂါပိုးမွှားများတိုးပွားလာမှုကြောင့် ရောဂါဆန်းများလည်း အဖြစ်များလာပြီး အချို့ရောဂါများဆိုလျှင် ကုသဖို့အတွက် ဆေးကို ရှာဖွေနေရဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များအနေနဲ့ သက်ရှည်ကျန်းမာအောင် မည်သို့မည်ပုံ ပြုမူနေထိုင်သင့်တယ်လို့လမ်းညွှန်အကြံပြုကြသော်လည်း လိုက်နာတဲ့ဦးရေဟာ အများအပြားမရှိတာကြောင့် တိုးတက်မှုနှေးကွေးတဲ့နိုင်ငံများတွင် ရောဂါဘယကြောင့် လူငယ်လူရွယ်များသာမက ကလေးငယ်များလည်း အသက်ဆုံးရှုံးကြရပါတယ်။ မကျန်းမာတဲ့အခါမှသာ ဆေးရုံဆေးခန်းသို့ သွားရောက်ပြသတတ်ကြတဲ့ အချို့သူများဟာ ရောဂါသက်သာသွားတဲ့အခါ (သို့) ရောဂါပျောက်ကင်းသွားတဲ့အခါတွင် ကျန်းမာရေးကို ဆက်လက်ဂရုစိုက်လေ့မရှိဘဲ နေမြဲအတိုင်း နေထိုင်တတ်ကြပါတယ်။ ပုံမှန်ဆေးခန်းပြဖို့လိုအပ်သော်လည်း ပြသမှုမရှိတာကြောင့် ရောဂါအခြေအနေဆိုးဝါးမှသာ သက်ဆိုင်ရာဆရာဝန်များအနေနဲ့သိရှိရပြီး လူနာကို လက်လွှတ်ရတဲ့အနေအထားများလည်းရှိပါတယ်။ အချို့လူနာများဟာ ဆရာဝန်နဲ့ ပုံမှန်တွေ့ဆုံလေ့ရှိပေမယ့် မိမိတို့ပုံမှန်သောက်သုံးရမယ့် ဆေးဝါးများကို အချိန်မှန်သောက်သုံးလေ့မရှိတာကြောင့် ရောဂါအခြေအနေ တိုးတက်ကောင်းမွန်မှုမရှိသလို အချို့ရောဂါများမှာ ပိုမိုဆိုးရွားတဲ့အနေအထားကို ရောက်ရှိသွားပါတယ်။ ဒါကြောင့် ဆရာဝန်နဲ့လူနာများအတွက် ပိုမိုထိရောက်ကောင်းမွန်စေမယ့်နည်းများကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက စဉ်ဆက်မပြတ် ဖော်ဆောင်ပေးနေကြရာ လူအများစုအတွက် အထောက်အပံ့ကောင်းဖြစ်စေမယ့် နည်းပညာပစ္စည်းနဲ့စနစ်ကတော့ စမတ်ဖုန်းနဲ့ App ဖြစ်ပါတယ်။

လူနာများအနေနဲ့ မိမိတို့ခံစားနေရတဲ့ ရောဂါအခြေအနေကို ဆင်ခြင်သုံးသပ်နိုင်စေဖို့အတွက် ရောဂါလက္ခဏာများအကြောင်းကို ရှင်းလင်းထားတဲ့ အင်တာနက်စာမျက်နှာများရှိသလို မိမိသိလိုသည်များကို မေးမြန်းနိုင်ဖို့အတွက် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုပေးတဲ့ Call Center များလည်းရှိပါတယ်။ ဆေးခန်းကိုအလွယ်တကူသွားရောက်ဖို့ အဆင်မပြေသေးတဲ့အချိန်တွင် မိမိရဲ့စမတ်ဖုန်းမှတစ်ဆင့် သိလိုသည်များကို ပြန်လည်ဖြေကြားပေးနိုင်မယ့် ကျွမ်းကျင်ဆရာဝန်များဟာ Call Center များ၊ လူမှုကွန်ရက်စာမျက်နှာများ၊ Internet Website များတွင် အဆင်သင့်ရှိနေကြပါတယ်။ အသံနဲ့ဆက်သွယ်ပြောဆိုတာကို အားမရတဲ့သူများအနေနဲ့လည်း Video Chat များနဲ့ ကျန်းမာရေးအခြေအနေများကို မေးမြန်းနိုင်ပါတယ်။ ကျန်းမာရေးလိုက်စားတဲ့အခါတွင် (သို့) ရောဂါပျောက်ကင်းဖို့အတွက်ဆိုလျှင် သက်ဆိုင်ရာဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း အချိန်မှန်မှန် သောက်သုံးဖို့လိုအပ်ပါတယ်။ ဆေးသောက်သုံးဖို့မေ့နေတဲ့သူများအတွက် အချိန်မှန်မှန်ဆေးသောက်နိုင်စေရန် အကူအညီဖြစ်စေမယ့် နည်းလမ်းများရှိပါတယ်။ မိမိဆေးသောက်ရမယ့်အချိန်ကို စာရွက်တွင်ရေးမှတ်ပြီး ကပ်ထားခြင်းထက် စမတ်ဖုန်းတွင် Alarm ပြုလုပ်ပြီး သတိထားခြင်းဟာ အထောက်အပံ့ပိုမိုရရှိစေနိုင်ပါတယ်။ အချို့သူများဟာ မိမိတို့လုပ်ဆောင်ရမယ့်ကိစ္စများကို စမတ်ဖုန်းနဲ့ Alarm ပေးပြီးသတိထားပေမယ့် ဖုန်းမေ့ကျန်ခဲ့တဲ့ အခါ (သို့) ဖုန်းနဲ့ဝေးကွာနေတဲ့အခါများတွင် ထိုကိစ္စရပ်များကိုလုပ်ဆောင်ဖို့ သတိမေ့လျော့သွားတတ်ကြပါတယ်။ ဒါကြောင့် အချို့ကတော့ မိသားစုဝင်များ (သို့) ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းများကို သတိပေးဖို့အတွက် အကြောင်းကြားထားကြပါတယ်။ မိသားစုဝင်များ၊ သူငယ်ချင်းများအနေနဲ့ သတိပေးဖို့အတွက် ဖုန်းဆက်တဲ့အခါဖုန်းခေါ်၍မရပါက လူမှုကွန်ရက်စနစ်များကိုအသုံးပြုပြီး အသိပေးနိုင်ပါတယ်။ အချို့သူများကတော့ ဆေးသောက်သုံးတာနဲ့ပတ်သက်ပြီး အဆင်ပြေစေရန် စမတ်နာရီများကိုအသုံးပြုကြပါတယ်။ ဆေးသောက်သုံးတဲ့အခါတွင် အထောက်အကူဖြစ်စေမယ့် ပစ္စည်းများလည်းရှိပါတယ်။ ဒါကတော့ Automated Pill Dispenser များဖြစ်ပါတယ်။ ထိုပစ္စည်းများဟာ ရက်ပေါင်းများစွာစာ ဆေးသောက်ဖို့အတွက် ဆေးဝါးများကိုခွဲခြားထည့်သွင်းထားနိုင်တာကြောင့် ဆေးဝါးသောက်သုံးရများပြားတဲ့သူများ (သို့) ဆေးဝါးခွဲခြားပြီး သောက်သုံးဖို့အခက်အခဲရှိနိုင်တဲ့ သက်ကြီးရွယ်အိုများအတွက် များစွာအဆင်ပြေ စေပါတယ်။

ဆေးဝါးသောက်သုံးဖို့အတွက် အချို့သူများက မေ့လျော့နေတတ်ပေမယ့် အချို့ကတော့ ဆေးသောက်ဖို့အတွက် ကြောက်ကြတာကြောင့် ဆေးသောက်ချိန်တွင် အခြားတစ်ဦးဦးက ကူညီပေးမှသာ အဆင်ပြေတဲ့အခြေအနေရှိပါတယ်။ ဆေးသောက်တာကို သက်သေထူပေးနိုင်မယ့် အကောင်းဆုံးပစ္စည်းကတော့ မိမိတို့ရဲ့လက်ကိုင်ဖုန်းများပဲဖြစ်ပါတယ်။ စမတ်ဖုန်းများရဲ့အရှေ့ဘက်တွင်ရှိတဲ့ ကင်မရာဟာ ဆေးသောက်သူနှင့် စောင့်ကြည့်သူတို့အကြား ပေါင်းကူးပေးတဲ့အရာတစ်ခုဖြစ်ပါတယ်။ မိသားစုဆွေမျိုး (သို့) ကျန်းမာရေးစောင့်ရှောက်ပေးတဲ့ဝန်ထမ်းအနေနဲ့ လူနာရဲ့ဆေးသောက်သုံးတဲ့အခြေအနေကို Video Call မှတစ်ဆင့် တိုက်ရိုက်စောင့်ကြည့်စစ်ဆေးနိုင်မှာဖြစ်ပါတယ်။ Pierce County Health De-partment မှ Peggy Cooley ဟာသူမရဲ့လူနာဖြစ်သူ ဆယ်ကျော်သက်အရွယ်လူငယ်ဆေးသောက်တဲ့အခြေအနေကို Video Call မှတစ်ဆင့် ကြည့်ရှုလေ့ရှိပါတယ်။ လူငယ်ဟာ ဆေးဝါးကို Peggy မြင်အောင် စမတ်ဖုန်းနဲ့ရိုက်ပြပြီး ဆေးသောက်ပြကာ ဆေးမျိုချ၊ မချကိုလည်း ပါးစပ်ဟလျှာထုတ်ပြီး ဆေးသောက်သုံးပြီးကြောင်း ပြသခဲ့ပါတယ်။ သက်ဆိုင်ရာဆရာဝန် (သို့) သူနာပြုများရဲ့ကြပ်မတ်မှုနဲ့ ဆေးသောက်သုံးဖို့မလိုတဲ့သူ များအနေနဲ့လည်း စမတ်ဖုန်းရဲ့အရှေ့ကင်မရာနှင့် သက်ဆိုင်ရာ App ကို အသုံးပြုပြီး မိမိဆေးသောက်သုံးတဲ့ဗီဒီယိုဖိုင်ကို ကျန်းမာရေးဝန်ထမ်းများ ထံပေးပို့နိုင်ပါတယ်။ ကျန်းမာရေးအတွက် ဆေးသောက်သုံးတဲ့အပေါ်တွင် စမတ်ဖုန်းများ၊ App များနဲ့ စောင့်ကြည့်ခြင်းဟာ အကောင်း၊ အဆိုးဘယ်ဟာပိုများမလဲဆိုတာကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက လေ့လာနေကြပြီ။ အချို့ကတော့ နည်းပညာစနစ်များဟာ ဆေးဝါးကုသနေတဲ့ သူ့ရဲ့ကိုယ်ရေးလွတ်လပ်ခွင့်ကို ပိုမိုထိခိုက်စေနိုင်သလိုအသက်အန္တရာယ်လုံခြုံရေးအတွက်လည်း ထိခိုက်စေနိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

Sure Adhere, AiCure စတဲ့ App များဟာ ဆေးဝါးသောက်သုံးနေရတဲ့ လူနာများအတွက် အကူအညီရစေမှာဖြစ်ပါတယ်။ Selfie Medi-cine ဆိုတဲ့ နည်းလမ်းကတော့ မိမိရဲ့ဖုန်းမှာရှိတဲ့ App ကို ဦးစွာဖွင့်ပြီး ဖုန်းရှေ့ကင်မရာနဲ့ ဆေးသောက်သုံးတဲ့အခြေအနေကို ဗီဒီယိုရိုက်ကူးတာဖြစ်ပါတယ်။ ဆေးသောက်သုံးတာကို ဗီဒီယိုရိုက်ကူးတဲ့အခါတွင် ဆေးတောင့်ကိုပြသဖို့လိုအပ်သလို ပါးစပ်ထဲတွင် ဆေးမကျန်ခဲ့ဘဲ မြိုချပြီးကြောင်းကိုလည်း ပါးစပ်ဟပြီး ကင်မရာနဲ့မှတ်တမ်းတင်ဖို့ အရေးကြီးပါတယ်။ ဗီဒီယိုရိုက်ကူးပြီးသွားပါက ထိုဖိုင်ကို သက်ဆိုင်ရာဆေးခန်း (သို့) ဆရာဝန် Net-work ဆီကို ပေးပို့ရမှာဖြစ်ပါတယ်။ ဆရာဝန်များရဲ့သက်ဆိုင်ရာ Network ဆီသို့ ဗီဒီယိုဖိုင်များပေးပို့တာရဲ့ အကျိုးကျေးဇူးတစ်ခုကတော့ သက်ဆိုင်ရာဆရာဝန်များအနေနဲ့ လူနာများရဲ့ နေ့စဉ်ဆေးသောက်သုံးတဲ့ မှတ်တမ်းကိုစစ်ဆေးတဲ့အခါတွင် ဗီဒီယိုဖိုင်မရောက်လာတဲ့ လူနာဆီကိုဖုန်းဆက်သွယ်ပြီး ဆေးသောက်သုံးခိုင်းနိုင်မှာဖြစ်ပါတယ်။ "လူနာများနဲ့ထိတွေ့မှု ပိုမိုပြုလုပ်နိုင်ပါက လူနာတွေကိုပိုပြီး စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်"ဟု Selfie Medicine နဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ရာတွင်ပါဝင်တဲ့ The University of Wash-ington School of Medicine မှ Dr. Judith Tsui က Selfie Medicine ရဲ့ကောင်းကျိုးနဲ့ပတ်သက်ပြီး မှတ်ချက်ပြုပြောဆိုပါတယ်။ စမတ်ဖုန်းတစ်လုံးနဲ့ ဆေးသောက်သုံးဖို့ အချိန်တိကျမှန်ကန်လာတာဟာ အလုပ်ကိစ္စများနေသူတွေအတွက် အလွန်အဆင်ပြေစေပါတယ်။ ဒါပေမယ့် ဗီဒီယိုဖိုင်ပေးပို့ခြင်း၊ ဖုန်းနဲ့ဆက်သွယ်သတိပေးခြင်းဟာ အင်တာနက်ကွန်ရက်ကောင်းမွန်တဲ့နေရာများမှာသာ အဆင်ပြေစေမှာဖြစ်ပါတယ်။ စမတ်ဖုန်းများနှင့် ဆေးဝါးကုသတာ၊ နှစ်သိမ့်ဆွေးနွေးပညာပေးတာဟာ လျင်မြန်ထိရောက်ပေမယ့် အပြင်လက်တွေ့တွင် ဆရာဝန်နဲ့လူနာလက်တွေ့ကျကျတွေ့ဆုံစကားပြောတာဟာ ပိုမိုအဆင်ပြေစေပြီး ကုသတဲ့အပိုင်းတွင် ပိုမိုထိရောက်စေနိုင်ကြောင်း Dallas အခြေစိုက် Pathway Health Care မှ ဆရာဝန်တစ်ဦးက မှတ်ချက်ပြုပြောဆိုပါတယ်။

နည်းပညာနဲ့ဆေးဝါးကုသတာဟာ ဆေးခန်းတွင် သွားရောက်ကုသသကဲ့သို့ ငွေကုန်ကြေးကျရှိမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများအနေနဲ့ကတော့ ဒေတာအချက်အလက် သိမ်းဆည်းမှု၊ သက်ဆိုင်ရာနည်းပညာစနစ်သုံးစွဲမှုတို့အပေါ်မူတည်ပြီး နည်းပညာကုမ္ပဏီများကိုပေးရတဲ့ လစဉ်ကြေးဟာ 35$ ကနေ $50 ကျသင့်မှာဖြစ်ပါတယ်။ တီဘီရောဂါခံစားနေရတဲ့လူနာများကို ကုသတဲ့အပိုင်းတွင် ဆေးပုံမှန်သောက်ဖို့ဟာ အလွန်အရေးကြီးတာကြောင့် ထိုအခြေအနေအတွက် စမတ်ဖုန်းနဲ့ စောင့်ကြည့်စစ်ဆေးဖို့ဟာ လိုအပ်တဲ့အနေအထားဖြစ်ပါတယ်။ နည်းပညာစနစ်များနဲ့ စောင့်ကြည့်မစစ်ဆေးနိုင်ပါက ကျန်းမာရေးဝန်ထမ်းများအနေနဲ့ လူနာများရဲ့အိမ်ကို သွားရောက်ကြည့်ရှုစစ်ဆေးရတာကြောင့် အချိန်ကုန်လူပမ်းပြီး အလုပ်တွင်ကျယ်မှုနှေးကွေးမှာဖြစ်ကြောင်း Apple မဂ္ဂဇင်းမှ နည်းပညာဆိုင်ရာစာရေးသူတစ်ဦးက မှတ်ချက်ပြုပါတယ်။ "ဖုန်းနဲ့ ၂မိနစ်လောက် လူနာနဲ့ ဆက်သွယ်ပြောဆို စစ်ဆေးကြည့်ရှုတာဟာ နာရီပေါင်းများစွာအချိန်ကုန်သက်သာစေပါတယ်။ ဘာကြောင့်လဲဆိုရင် လူနာရဲ့အိမ်ကိုသွားဖို့အတွက် ကားထဲမှာနာရီများစွာ အချိန်ကုန်ရတာကြောင့်ပါ"ဟု သူနာပြုဆရာမဖြစ်သူ Cooley က ပြောဆိုပါတယ်။ နေ့စဉ် Upload Selfie ဖိုင်များကြောင့် သက်ဆိုင်ရာမြို့နယ်အသီးသီးကို သွားရောက်စရာမလိုတော့တာကြောင့် မိုင်ပေါင်းများစွာအတွက်ကုန်ကျမယ့် ဒေါ်လာထောင်သောင်းဝန်းကျင်ကို သက်သာရာရောက်စေပါတယ်။ တန်ဖိုးကြီးမားတဲ့ဆေးဝါးများကို အခမဲ့ရရှိအောင်လုပ်ဆောင်ပြီး တစ်ဖက်တွင် ပြန်လည်မရောင်းချနိုင်စေဖို့အတွက်လည်း Selfie Medicine ဟာ အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။

နည်းပညာနဲ့ဆက်စပ်ပတ်သက်ပြီး ဆေးဝါးသောက်သုံးအောင်လုပ်ဆောင်တဲ့အစီအစဉ်ဟာ အမေရိကန်မှာသာမက တရုတ်နှင့် အိန္ဒိယတွင်လည်းရှိပါတယ်။ ဥပမာ- အိန္ဒိယရှိ အချို့နေရာများတွင် လူနာများရဲ့ဖုန်းနံပါတ်များကိုမှတ်သားထားပြီး ဆေးသောက်သုံးတာရှိ၊ မရှိကို နေ့စဉ်ဖုန်း ခေါ်ဆိုလေ့ရှိပါတယ်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် တီဘီရောဂါကြောင့် လူဦးရေသောင်း ချီသေဆုံးနေရပါတယ်။ Selfie Medicine ကဏ္ဍ တိုးတက်လာပါက ဆေးပုံမှန်သောက်တာကြောင့် လူ့အသက်များကိုပိုမိုကယ်တင်လာနိုင်ပါလိမ့်မယ်။ "ရောဂါတွေကိုတိုက်ဖျက်တဲ့နေရာမှာ နည်းပညာစနစ်ဟာ လိုကိုလိုအပ်တဲ့အရာတစ်ခုပါ"ဟု SureAdhere ဆိုတဲ့ စမတ်ဖုန်း app ကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးနေတဲ့ The University of California, San Diego School of Medicine မှ Dr.Richard Garfein က မှတ်ချက် ပြုပြောဆိုပါတယ်။ နည်းပညာရပ်ဝန်းတွင် ဟက်ကာများနှင့် ဒေတာ အချက်အလက် ခိုးယူအသုံးချနေတဲ့ သူများရဲ့အန္တရာယ်လည်းရှိတာကြောင့် မိမိတို့ရဲ့ကျန်းမာရေးအချက်အလက်ကို လျှို့ဝှက်ထားချင်တဲ့သူများအတွက်ကတော့ Selfie Medicine နဲ့ပတ်သက်တဲ့ကိစ္စများဟာ ယုံကြည်ဖို့ လုံလောက်တဲ့အနေအထား ရှိရမှာဖြစ်ပါတယ်။

TIME CITY
Ko Tun Lin Aung
GSM, CDMA, CDMA 450, WCDMA, CDMA 800
Mobile Phone Accessories Whole Sale
Mobile Shop
နိုင်ငံတကာထုတ် Handset မျိုးစုံနှင့် အပိုပစ္စည်းမျိုးစုံကို
ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရရှိနိုင်ပါသည်။
ပြင်ပ၌ ကိုယ်စားလှယ်လွှဲ၍ ရောင်းချခြင်းမရှိပါ။
No. W-3 to 11, 1st Floor (Near Car Parking), YUZANA PLAZA.
Ph : 200 747 (Ext:2333), 09 430 66661, 09 730 66661,
09 33333780, 01-8619484

www.free4readers.com










## စမတ်ဖုန်းဈေးကွက်ထဲကနေ သွေဖည်လာနေတဲ့

# Lenovo

ကိုဆွဲ(မုံရွာ)

Lenovoဆိုတဲ့နာမည်ကို ကြားလိုက်တာနဲ့ ကမ္ဘာ့ PC ကွန်ပျူတာလောကရဲ့အအောင်မြင်ဆုံးအမှတ်တံဆိပ်ကို ပြေးမြင်မိကြပါလိမ့်မယ်။ ဒါပေမယ့် အဆိုပါတရုတ်အခြေစိုက် Hardware ကုမ္ပဏီဟာ ပြီးခဲ့တဲ့နှစ်တွေအတောအတွင်းမှာတော့ စမတ်ဖုန်းဈေးကွက်အတွင်းကို ဝင်ရောက်ကျက်စားလာခဲ့ပါတယ်။ယခုလအတွင်းမှာလည်း Lenovo ဟာ Handset အသစ် ၃ မျိုးကို တရုတ်ဈေးကွက်အတွင်း မိတ်ဆက်ပြသခဲ့တာကိုတွေ့ရပါတယ်။ နာမည်ကျော် Forbes မဂ္ဂဇင်းရဲ့ သတင်းတစ်ရပ်မှာတော့ Lenovo ရဲ့ကမ္ဘာလုံးဆိုင်ရာစမတ်ဖုန်းရောင်းအားဟာ သိသိသာသာကျဆင်းလာခဲ့သလို ပြည်တွင်းဈေးကွက်မှာလည်း တခြားပြိုင်ဘက်အမှတ်တံဆိပ်တွေကို မယှဉ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။

ကမ္ဘာ့စမတ်ဖုန်းဈေးကွက်မှာ Lenovo ထိုးဖောက်ဝင်ရောက်တဲ့နည်းလမ်းက အမှတ်တံဆိပ်ခွဲတွေအများအပြားအသုံးပြုခဲ့တာပဲဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်မှာ Lenovo ဟာ အမေရိကန်အခြေစိုက် Motorola ကုမ္ပဏီကိုလွှဲပြောင်းဝယ်ယူခဲ့ပြီး ဈေးကွက်ဝေစုပိုမိုရယူဖို့ကြိုးစားခဲ့ပါတယ်။ တစ်နည်းအားဖြင့် Lenovo ဟာ လက်တင်အမေရိကဈေးကွက်မှာ နာမည်ကြီးပြီးသား Motorola ကို ဝယ်ယူလိုက်ခြင်းအားဖြင့် ၎င်းတို့ရဲ့အမှတ်တံဆိပ်ကို အသုံးပြုခွင့်ရပြီး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်မယ်လို့ မျှော်လင့်ခဲ့တာပဲဖြစ်ပါတယ်။ လက်ရှိအချိန်ထိလည်း Moto Z လို့ အမည်ပေးထားတဲ့ Handsets အမျိုးအစားကို ကမ္ဘာ့ဈေးကွက်အသီးသီးမှာ အလုံးရေ ၅ သန်းအထိ ဖြန့်ချိထားကြောင်း ဈေးကွက်စစ်တမ်းတွေအရ သိရပါတယ်။ ဒါပေမယ့် Moto မော်ဒယ်စီးရီးစမတ်ဖုန်းတွေ၊ တခြားနာမည်တွေကို ဖြန့်ကြက်အသုံးပြုလိုက်ခြင်းဟာ ကမ္ဘာ့ဈေးကွက်ဝေစုကို ပိုမရစေခဲ့ဘဲ အရောင်းပိုင်းရှုပ်ထွေးမှုတွေ ဖြစ်ပေါ်စေခဲ့တယ်လို့ ဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ကြပါတယ်။

၂၀၁၇ ခုနှစ်အတွင်းမှာ Lenovo ဟာ တရုတ်စမတ်ဖုန်းဈေးကွက်မှာ ဝေစုအနည်းငယ်ကိုသာ ရရှိခဲ့ပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ဈေးကွက်မှာလည်း အဆင့် ၅ ကနေ ၈ အထိ ကျဆင်းသွားခဲ့တယ်လို့ IDC ၏ဈေးကွက်စစ်တမ်းအဖွဲ့က Research Manager ဖြစ်သူ Kiranjeet Kaur က ပြောကြားခဲ့ပါတယ်။ တရုတ်တိုင်ပေအခြေစိုက် Market Intelligence & Consulting Institute ကလည်း ၂၀၁၇ ခုနှစ်အတွင်း Lenovo ရဲ့ကမ္ဘာလုံးဆိုင်ရာဈေးကွက်ဝေစုဟာ ၃.၂ ရာခိုင်နှုန်းသာရှိခဲ့ကြောင်းပြောကြားခဲ့ပါတယ်။ တရုတ်ပြည်တွင်းမှာလည်း ပြိုင်ဘက်တွေရဲ့ဖွံ့ဖြိုးအရှိန်အဟုန်ကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။ Xiaomi ၊ OPPO နဲ့ Vivo စတဲ့စမတ်ဖုန်းအမှတ်တံဆိပ်တွေရဲ့ဈေးကွက်ဝေစုက တဖြည်းဖြည်းပိုများလာချိန်မှာ Lenovo ရဲ့ဝေစုကတော့ ကျဆင်းသွားခဲ့ပါတယ်။ တရုတ်မှာအောင်မြင်မှုရနေတဲ့ စမတ်ဖုန်းကုမ္ပဏီတွေဟာ သာမန်လူတန်းစားတွေ တတ်နိုင်တဲ့ဖုန်းတွေကို ဦးစားပေးထုတ်လုပ်ခဲ့ကြတာကလည်း Lenovo အတွက်ထိုးနှက်ချက်တစ်ရပ်ဖြစ်ကောင်းဖြစ်ခဲ့ပါလိမ့်မယ်။ မစ္စတာ Kuar ကတော့ ၂၀၁၅ ခုနှစ်လောက်ကတည်းက Lenovo ရဲ့ဈေးကွက် ဝေစုတဖြည်းဖြည်းဆုံးရှုံးလာခဲ့တာလို့ ဆိုပါတယ်။ အကြောင်းရင်းကတော့ ဒီဇိုင်းနဲ့နည်းပညာပိုင်းအရ ထူးထူးခြားခြားပြောင်းလဲခဲ့ခြင်းမရှိတာပါပဲ။ မစ္စတာ Kaur က "Lenovo ဟာ သူတို့ရဲ့စမတ်ဖုန်းတွေ ရောင်းရဖို့ တယ်လီကွန်းကုမ္ပဏီတွေအပေါ် မှီခိုခဲ့ပါတယ်။ တယ်လီကွန်းကနေ ဖောက်သည်တွေဆွဲဆောင်ဖို့မလုံလောက်တော့တဲ့အချိန်မှာ လျင်မြန်တဲ့ အပြောင်းအလဲတစ်ခုကို မလုပ်နိုင်ခဲ့ပါဘူး။ ပြိုင်ဘက်အမှတ်တံဆိပ်တွေကတော့ အွန်လိုင်းထောက်ပံ့မှုတိုးမြှင့်တာမျိုး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေကကျေးလက်ဒေသတွေအထိ သွားရောက်ဈေးကွက်မြှင့်တင်တာမျိုးတွေ ပြုလုပ်ခဲ့ပါတယ်" လို့ ဆိုခဲ့ပါတယ်။

Lenovo အနေနဲ့ Motorola ကို ဝယ်ယူခဲ့ပြီးနောက် လက်တင်အမေရိကမှာ အရောင်းသွက်ခဲ့တာတော့ အမှန်ပါပဲ။ အထူးသဖြင့် ဘရာဇီးဟာ Lenovo ရဲ့အရေးကြီးဆုံးနဲ့ ရောင်းအား အကောင်းဆုံးဈေးကွက်ဖြစ်လာခဲ့ပါတယ်။ အမေရိကန်အခြေစိုက် ဆက်သွယ်ရေးနည်းပညာကုမ္ပဏီ Motorola ရဲ့မိုဘိုင်းဖုန်းထုတ်လုပ်ရေးအစိတ်အပိုင်းကို ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ၂.၉၁ ဘီလီယံနဲ့လွှဲပြောင်းဝယ်ယူခဲ့တဲ့ Lenovo ရဲ့ရည်ရွယ်ချက်ကလည်း အမေရိကဈေးကွက်ဝန်းကျင်မှာ အင်အားကြီးမားလာဖို့ပဲဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်အတိုင်းပဲ Moto Z စမတ်ဖုန်းတွေနဲ့ Moto Mods လို့ခေါ်တဲ့ စမတ်ဖုန်းနဲ့တွဲဖက်အသုံးပြုရတဲ့ အပိုပစ္စည်းအစုံအလင် ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ Lenovo ရဲ့ဈေးကွက်အကျပိုင်းဟာ ZUK Mobile အမှတ်တံဆိပ်နဲ့ Handset သီးခြားထုတ်လုပ်မှုပိတ်သိမ်းလိုက်ပြီးနောက်မှာ ပိုပြီးသိသာလာခဲ့ပါတော့တယ်။ ZUK Mobile ဆိုတာ Lenovo-Motorola ပူးပေါင်းထားတဲ့ကုမ္ပဏီရဲ့လက်အောက်မှာရှိတဲ့ သီးခြားအမှတ်တံဆိပ်ဖြစ်ပြီး ဈေးကွက်အတွင်းမှာ ၂၃ လ သာ ရှင်သန်နိုင်ခဲ့တဲ့အမှတ်တံဆိပ်လည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း Lenovo အနေနဲ့ ချီကာဂိုမြို့မှာရှိတဲ့ Motorola စက်ရုံကနေ ZUK Mobile ထုတ်လုပ်ရေး တာဝန်ယူခဲ့တဲ့ဝန်ထမ်းတွေကို ထုတ်ပယ်ခဲ့ပါသေးတယ်။ Market Intelligence & Consulting Institute က စက်မှုဈေးကွက်လေ့လာ သူ Eddie Han ကတော့ Lenovo ရဲ့ဈေးကွက်ရပ်တည်မှုက ရှင်းလင်းပြတ်သားမှုမရှိပါဘူး။ အသွင်အပြင်နဲ့ စီမံခန့်ခွဲမှုပိုင်းကို ပြန်လည်တည်ဆောက်နေသလို စီးပွားရေးပစ်မှတ်ကလည်း စမတ်ဖုန်းဈေးကွက်ကနေ သွေဖည်သွားဖို့ ရှိပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ မကြာသေးခင်က ကျင်းပခဲ့တဲ့ ကမ္ဘာ့မိုဘိုင်းကွန်ဂရက်မှာတော့ Lenovo ဟာ စမတ်ဖုန်း အသစ်မိတ်ဆက်ခြင်းမရှိခဲ့ဘဲ Yoga အမှတ်တံဆိပ် 2-in-1 Laptop လို တခြားနည်းပညာပစ္စည်းသစ်တွေကိုသာ ပွဲထုတ်ခဲ့ပါတယ်။ စမတ်ဖုန်းဈေးကွက်ထဲကနေ တကယ်ဘဲ သွေဖည်လာနေပြီလားဆိုတာကတော့ ...။

Ref : (How China's Tech Giant Lenovo Is Losing Its Grip On Smartphones)

## အနာဂတ်အတွက် Digital Mapping နည်းပညာ








ကိုဆွဲ(မုံရွာ)

ပါဆယ်ထုပ်တစ်ထုပ်ကို တစ်နေရာမှ အခြားတစ်နေရာသို့ပို့ဆောင်ရခြင်းကို လွယ်ကူရိုးရှင်းသည့်ကိစ္စအဖြစ် ထင်မှတ်နိုင်ဖွယ်ရှိသည်။ သို့သော် မပြည့်စုံသောလိပ်စာ၊ မှားယွင်းနေသောအချက်အလက်များကြောင့် ဖြစ်လာမည့်အခက်အခဲများကိုတော့ ရင်ဆိုင်ရပါလိမ့်မည်။ ယနေ့ခေတ်၏ နည်းပညာကုမ္ပဏီများအနေဖြင့်လည်း ဆိုးဆိုးရွားရွားမှားယွင်းလွဲချော်နေသော ကမ္ဘာ့မြေပုံလမ်းညွှန်မှုပြဿနာကို ဖြေရှင်းရန်ကြိုးစားနေပြီဖြစ်ကြောင်း သိရသည်။

ရည်ရွယ်သည့်လိပ်စာများကိုသွားရောက်ရာတွင် အမှားအယွင်းများကြုံတွေ့နေရသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် မြို့နယ်စာတိုက်သင်္ကေတများမှားယွင်းခြင်း၊ လမ်းအမည်နှင့် အိမ်ခြံမြေအမည်၊ နံပါတ်များကို ဆိုးဆိုးရွားရွားစာလုံးပေါင်းထားခြင်းစသည့်ပြဿနာများပင်ဖြစ်ပါ၏ ။ ထိုအမှားအယွင်းများကြောင့်ပင် ဖြန့်ချိရေးကုမ္ပဏီဝန်ထမ်းများမကြာခဏမျက်စိလည်လေ့ရှိကြသည်။ လိပ်စာမှားယွင်းမှု၊ မတိကျမှုများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ၇၀ ရာခိုင်နှုန်းအထိရှိနေကြောင်းလည်း ကမ္ဘာ့ခရီးသွားဝန်ဆောင်မှုအဖွဲ့အစည်း (WTO) က ဖော်ပြထားသည်။ ယင်းပြဿနာများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ဖြေရှင်းပေးရန်ကြိုးစားနေသောကုမ္ပဏီများအနက် ရုရှားအခြေစိုက် Naviaddress ဆိုသောနည်းပညာကုမ္ပဏီတစ်ခုလည်း အပါအဝင်ဖြစ်လေသည်။

Naviaddressကုမ္ပဏီစမ်းသပ်အကောင်အထည်ဖော်နေသည်က ကမ္ဘာ့နေရာအသီးသီး၏ဒစ်ဂျစ်တယ်လိပ်စာအချက်အလက်များကို ကွန်ပျူတာထောင်နှင့်ချီ၍ ခွဲခြားသိမ်းဆည်းမည့် ဗဟိုထိန်းချုပ်မှုကင်းမဲ့သည့် စာရင်းမှတ်စုနည်းပညာတစ်ရပ်ပင်ဖြစ်၏။ တည်နေရာအသီးသီး၏ ဓာတ်ပုံများ၊ လမ်းကြောင်းညွှန်ပြချက်များ၊ ပထဝီဝင်အမှတ်အသားများကို ပုံမှန်လိပ်စာအချက်အလက်များနှင့်ပူးတွဲပြီး Encoding ပြုလုပ်သိမ်းဆည်းသည့်စနစ်လည်းဖြစ်သည်။ Encoding ပြုလုပ်ပြီးသောဒေတာများကို Smart Address ဟုအမည်ပေးထားလေသည်။ ယင်းကုမ္ပဏီ၏စီအီးအိုဖြစ်သူ Dmitri Moiseev က "ပြင်ပကမ္ဘာနဲ့နည်းပညာသုံးအတုအယောင်တည်နေရာတွေအတွက် ဒစ်ဂျစ်တယ်လိပ်စာတွေကို စနစ်တကျစုစည်းနေပါတယ်။ ဒီလိပ်စာတွေမှာရှိတဲ့နေရာတွေကို ဖန်တီးတာမျိုး၊ ဝယ်ယူငှားရမ်းတာမျိုး၊ရောင်းချတာမျိုးတွေပြုလုပ်နိုင်အောင် ထောက်ပံ့ပေးသွားမှာပါ" ဟု ဆိုခဲ့သည်။ Naviaddress ၏နည်းပညာသုံး Smart Address ဝန်ဆောင်မှုကို စတင်စမ်းသပ်အသုံးပြုနေသူကတော့ ရုရှားအခြေစိုက်ကုန်ပစ္စည်းဖြန့်ချိရေးကုမ္ပဏီ ExpressRMS ပင်ဖြစ်တော့သည်။ Smart Address ကိုအသုံးပြုခြင်းကြောင့် လိပ်စာအတိအကျမသိ၍ ကုန်ပစ္စည်းဂိုဒေါင်သို့ ဖုန်းဆက်သွယ်မေးမြန်းမှု ၈၀မှ ၈၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်းလည်း ExpressRMS ၏ပိုင်ရှင်ဖြစ်သူ Konstantin Yakunin က ပြောကြားခဲ့သည်။

Naviaddress အနေဖြင့် လက်ရှိအချိန်အထိ Smart Address အရေအတွက် ၁.၅ သန်းအထိဖန်တီးထားနိုင်ခဲ့ပြီး ၁.၃ သန်းမှာ စီးပွားရေးလုပ်ငန်းများအတွက်ဖြစ်ကြောင်းသိရသည်။ Oxford University ၏မြို့ပြအသွင်ပြောင်းလဲရေးစီမံကိန်းဌာနမှ ပါမောက္ခ Igor Calzada ကတော့ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် Naviaddress ကဲ့သို့ နည်းပညာအသုံးပြုပြီး ပထဝီဝင်တည်နေရာလမ်းညွှန်နိုင်သည့်ဝန်ဆောင်မှုများထွက်ပေါ်သင့်နေပြီဖြစ်ကြောင်း၊ ယင်းဝန်ဆောင်မှုကြောင့် လူမှု အသိုင်းအဝိုင်းကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း သုံးသပ်သွားခဲ့သည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်တော့ အမှန်တကယ်မရှိသည့်၊ ရံဖန်ရံခါတွင် ရောထွေးနေတတ်သည့် လမ်းအမည်များနှင့်လိပ်စာများကြောင့် Naviaddress ကုမ္ပဏီအနေဖြင့် အခက်အခဲများရင်ဆိုင်ရဖွယ်ရှိနေသည်။

Artcaffe ဆိုသောကင်ညာမြို့တော် နိုင်ရိုဘီမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ကတော့ ၎င်းတို့၏အစားအသောက်ဖြန့်ချိမှုအတွက် OkHi လမ်းညွှန်ဝန်ဆောင်မှုကိုရယူထားကြောင်း သိရသည်။ OkHi မိုဘိုင်း App ကိုအသုံးပြုခြင်းဖြင့် ဖောက်သည်က ဖုန်းတစ်ချက်ဆက်ရန်မလိုဘဲ အစားအသောက်မှာယူနိုင်သလို ဖြန့်ချိရန်ကြာချိန်ကလည်း ထက်ဝက်ခန့်ပိုမြန်နေကြောင်းသိရသည်။ စားသောက်ဆိုင်မန်နေဂျင်းဒါရိုက်တာ Sagi Vaknin က "OkHi မသုံးခင်က ဖောက်သည်ဆီကို ဖုန်း ၃ ခါလောက်ဆက်ပြီး လိပ်စာလှမ်းမေးရပါတယ်။ ပြီးတော့ ရောက်ရှိဖို့ မိနစ် ၅၀ လောက်အချိန်ယူရပါတယ်။ အခုတော့ ဖုန်းတစ်ချက်မှဆက်စရာမလိုဘဲ မိနစ် ၃၀ လောက်နဲ့ ရောက်ရှိနိုင်ပါပြီ" ဟု ပြောကြားခဲ့သည်။ တကယ်တမ်းတော့ လျင်မြန်စွာဖြန့်ချိပေးပို့နိုင်ခြင်းသည် ပိုမိုကောင်းမွန်သောစီးပွားရေးတစ်ရပ်ဖြစ်လာနိုင်သည့် အဓိပ္ပာယ်ကို လမ်းညွှန်ဆော့ဝဲကုမ္ပဏီများနှင့် ဖြန့်ချိရေးလုပ်ငန်းများ သဘောပေါက်လာကြပြီဟုဆိုရမည်ဖြစ်သည်။ သို့သော် Digital Mapping နည်းပညာသည် ကုန်ပစ္စည်းနှင့်အစားအသောက်ဖြန့်ချိရေးကဏ္ဍကိုသာ ဖွံ့ဖြိုးတိုးတက်စေနိုင်သည် မဟုတ်ပါ။ အနာဂတ်တွင် အကောင်အထည်ပေါ်လာမည့် အင်တာနက်အခြေပြုထိန်းချုပ်လည်ပတ်သည့် Internet of things နယ်ပယ်ကို လည်း တိုးတက်စေနိုင်လိမ့်မည်ဖြစ်ကြောင်း နယ်သာလန်အခြေစိုက် Data Mapping ကုမ္ပဏီ HERE မှ Chief Platform Officer ဖြစ်သူ Peter Kurpick က ပြောကြားခဲ့သည်။

Ref : (Making deliveries in a badly mapped world)

www.free4readers.com



# Products Guide

## Samsung LC49HG90DM 49inch QLED Gaming Monitor




**Price : USD 1450**
**Phone : 09-456100811, 09-456100822**
**Shop : Digiware**

Racing Game၊ Action Game နဲ့ အခြား Fighting Game များကစားနေသူတွေအတွက် Response Time မြန်မြန်နဲ့ Refresh Rate ကောင်းကောင်း Monitor တစ်လုံးကတော့ မရှိမဖြစ်လိုအပ်မှာအသေအချာပါပဲ။ အဲဒီအတွက် Response Time: 1ms, Refresh Rate: 144Hz နဲ့စွမ်းဆောင်ရည်အမြင့်ဆုံး Samsung QLED Gaming Monitor က သင့်ကိုစောင့်ကြိုနေပါပြီ။ ရုပ်ထွက်အရည်အသွေးပိုင်းကိုလည်း စိတ်ပူမနေပါနဲ့ Screen Size 49 inches ရှိတဲ့ "Curved Monitor"ဖြစ်ပြီး 4K Resolution အထိ ပါဝင်တာဆိုတော့ ကြည်လင်တောက်ပတဲ့ပုံရိပ်၊ ကြီးမားတဲ့အရွယ်အစားနဲ့ ရွှန်းစိုတောက်ပတဲ့ အရောင်အသွေးများက သင့်ရဲ့အမြင်အာရုံကို ဆွဲဆောင်ဖမ်းစားထားနိုင်ဦးမှာကတော့ အသေအချာပါပဲ။ ဒါတင်မကသေးပါဘူး။ ADM ရဲ့ နည်းပညာအသစ်တစ်ခုဖြစ်တဲ့ Free Sync Technology ကိုလည်း ထောက်ပံ့ပေးထားတာကြောင့် Screen Tearing ဖြစ်ပြီး ရုပ်ပုံများ ၂ပိုင်း ၃ပိုင်းဖြစ်သွားခြင်းကိုမဖြစ်စေဘဲ Gamer တွေအတွက် ပြေပြစ်ချောမွတ်တဲ့ HDR Gaming အတွေ့အကြုံနဲ့ သာမန်ထက် ၂ ဆ ပိုမိုကောင်းမွန်စေတဲ့ အလင်းစွမ်းအား၊ အရောင်အရည်အသွေးများကိုပါ တွေ့ကြုံခံစားရမှာ ဖြစ်ပါတယ်။

## Snorkeling Mask





**Price : 25,000 Ks**
**Phone : 09-791788886, 09-451788886**
**Shop : Bestie Online Store Myanmar**

Full Face Mask Design ဖြစ်တာကြောင့် အသုံးပြုတဲ့အခါ သက်သောင့်သက်သာနဲ့ မြင်ကွင်းပြည့်ကို ကြည်လင်စွာမြင်ရပြီး ရှူထုတ်လိုက်တဲ့လေကြောင့် မြင်ကွင်းဝေဝါးတာမျိုးမဖြစ်နိုင်ပါဘူး။ High Grade Silicon သုံးထားတဲ့အတွက် Alergic (ဓာတ်မတည့်မှု) မဖြစ်စေဘဲ သက်သောင့်သက်သာနဲ့ မျက်နှာနဲ့အံဝင်ခွင်ကျဖြစ်စေပါတယ်။ High Quality Elastic ကြိုးကြောင့် တပ်ဆင်တာပဲဖြစ်ဖြစ်၊ ပြန်ချွတ်တဲ့အခါပဲဖြစ်ဖြစ် ဆံပင်နှင့်ငြိပြီး နာကျင်မှုမဖြစ်စေပါ၊ Dry Top System ကြောင့် လေရှူရလွယ်ကူစေပြီး ရေငုပ်လိုက်ရင်လည်း လေရှူပိုက်မှ ရေမဝင်စေရန်ကာကွယ်ပေးပါတယ်။ Drain Valve ပါဝင်တဲ့အတွက် မတော်တဆရေဝင်ခဲ့ရင်တောင် Mask တစ်ခုလုံးကိုချွတ်ပြီး ရေခါထုတ်စရာမလိုဘဲ လေထုထဲကိုခေါင်းမော့လိုက်တာနဲ့ ရေအလိုအလျောက်ထွက်စေပါတယ်။ Diving အတွေ့အကြုံကို မှတ်တမ်းတင်နိုင်ဖို့အတွက် Action Camera တပ်ဆင်ဖို့နေရာလည်းပါပြီး မျက်နှာတိုသူနှင့် မျက်နှာရှည်သူအတွက် size နှစ်မျိုး ရွေးချယ်နိုင်ပါတယ်။ အရောင်ကတော့ အနက်ရောင်၊ အနီရောင်၊ မီးခိုးရောင်၊ အစိမ်းရောင်၊ အပြာရောင် စုစုပေါင်း ၅ရောင်ရရှိနိုင်ပါတယ်။

## LG 43inch LJ550T TV



**Price : 629,000Ks**
**Phone : 09-974005044**
**Shop : LG Brand Shop**

LG ရဲ့ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာတဲ့ Full Smart TV နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ LJ550TTV မှာ 1080P Full HD ရုပ်ထွက်ကို ကြည်လင်စိုပြည်သောအရောင်နဲ့ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ 43 inches မျက်နှာပြင်မှာ 1920 x 1080 ဖော်ပြမှုနဲ့ webOS 3.5, Color Master Engine, Virtual Surround တို့ကိုခံစားနိုင်မှာပါ။ 2 Channel စပီကာစနစ်၊ Refresh Rate ကတော့ 60Hz ဖြစ်ပါတယ်။ webOS 3.5 နဲ့အတူ လူကြိုက်အများဆုံးဖျော်ဖြေရေးများ မိမိစိတ်ကြိုက် TV ဖန်သားပြင်ပေါ်ရှိ ပုံရိပ်တွေကိုချဲ့၍ ကြည့်ရှုနိုင်မည့် Magic Zoom လည်း ပါဝင်တဲ့အပြင် Magic Remote နှင့် WebOS 3.5 တို့ပါဝင်တယ်။ လူကြိုက်များတဲ့ streaming video apps တွေဖြစ်တဲ့ Netflix, YouTube, Hulu™, Amazon Video, VUDU® တို့ကနေ သီချင်းနဲ့ရုပ်သံတွေကို ကြည့်ရှုနိုင်မှာပါ။ Magic Mobile ကွန်ရက်ချိတ်ဆက်မှုကို သုံးစွဲပြီးတော့ photos, videos နဲ့ apps များကို ဖုန်းကနေကြီးမားတဲ့ TV မျက်နှာပြင်ပေါ်မှာ ပြောင်းလဲကြည့်ရှုနိုင်ပြီး စွမ်းအင်သုံးစွဲမှုအပိုင်းမှာလည်း အလေအလွင့်မရှိအောင် ပြုလုပ်ပေးမှာဖြစ်ပါတယ်။

## MSI GE63 8RE Raider

**Price : USD 1790**
**Phone : 09-443020981**
**Shop : Royal Smart Co.,Ltd.**

ကမ္ဘာ့ပထမဆုံးထွက်ပေါ်လာတဲ့ 8th generation processor ပါဝင်တဲ့ Coffeelake 8th Gen CPU core i7 (8750H), Memory DDR4 16GB * 2400 MHz(Max:32GB) , 1TB HDD (7200 RPM) နှင့် 256GB SSD ပါဝင်ပြီး Graphic အနေဖြင့် nVidiaGeforce GTX 1060 6GB GDDR5 အမျိုးအစားကို အသုံးပြုထားပါတယ်။ Anti-glare (Wide-viewing angle) ဖြစ်တဲ့ 15.6" LED Display က အကောင်းဆုံးပုံထွက်တွေကို ပေးစွမ်းမှာဖြစ်ပြီး Full HD ကို Resolution (1920 x 1080) ဖြင့်လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ၁မီလီစက္ကန့်ပိုမြန်ပြီး အနိုင်ရခဲ့သည့်ကမ္ဘာ့ပထမဆုံး 120Hz 3ms ဂိမ်းအမြန်နှုန်းဖြစ်သည့် display support ပေးပါတယ်။ Game Sense ရတဲ့ SteelSeries Engine 3 Gaming ကီးဘုတ်ပါဝင်သော ကမ္ဘာ့ပထမဆုံး Per-Key RGB Laptop ဖြစ်ပြီး Laptop cover အပေါ်မှာ RGB lighting ပါရှိသောကြောင့် လင်းလက်မှုကိုဖြစ်ပေါ်စေပါတယ်။ကီးဘုတ်ကိုPer-Keyအလင်းပေးခြင်းကြောင့် ကျည်ဆန်အရေအတွက်၊ အသက်တား၊ပစ္စည်းများရဲ့ durability စသည့် ဂိမ်းတွင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီရရှိနိုင်ပြီး တစ်မဟုတ်ခြင်း တုံ့ပြန်နိုင်၍ ဂိမ်းကစားရာတွင် အပြည့်အဝ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။




## Casio Projector Slim Series XJ-A147 Projector

**Price : USD 1570**
**Phone : 09-253547980, 09-253547981**
**Shop : Gandamar O.A. & Business Solutions**

Casio Slim Series Lamp Free Projector ရဲ့ ထူးခြားချက်မှာ Laser Source ကို အသုံးပြုထားတဲ့အတွက် Lamp Free Projector ဖြစ်၍ Lamp အတွက်စိတ်ပူစရာမလိုဘဲ ကုန်ကျစရိတ်သက်သာပြီး သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။DLP Chip အသုံးပြုထားတဲ့အတွက် အရည်အသွေးတောက်ပသောပုံရိပ်တွေကို ပြသနိုင်ပါတယ်။ ဒါ့အပြင် Mercury Free ဖြစ်သည့်အတွက် ပတ်ဝန်းကျင်နှင့်ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးမရှိအောင် ကာကွယ်ပေးထားပါတယ်။ Instant On / Off ဖြစ်တဲ့အတွက် Projection Image ပေါ်ချိန်ကိုကြာမြင့်စွာမစောင့်ဆိုင်းရဘဲ (၅)စက္ကန့်အတွင်း အသုံးပြုနိုင်ပါတယ်။Projector မှတစ်ဆင့် USB Dongle ဖြင့် Wifi ထုတ်လွှင့်ပြီး Laptop, Phone(Windows, Android, iOS, Mac) များဖြင့် ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။



# Gadgets

## Water Proof Live GPS Tracker



**Price : 65,000Ks**
**Phone : 09-965415894, 09-798465800**
**Shop : Problemclean**

သင်္ကြန်ကာလအတွင်းတောင် အိမ်ကစိတ်ပူစရာမလိုဘဲ စောင့်ကြည့်နိုင်တဲ့ WaterProof Live GPS လေးကို မိတ်ဆက်ပေးပါရစေ။ အရွယ်အစားအနေနဲ့ ဒင်္ဂါးဆိုက်သာရှိပြီး သယ်သွားရလွယ်ကူတဲ့အပြင် ကားထဲမှာထည့်လိုက်မလား၊ ကလေးတွေမှာစိတ်မချလို့ ထည့်ပေးချင်လား ဒါမှမဟုတ် အသက်ကြီးတဲ့လူကြီးတွေမှာ ထည့်ထားပေးချင်လား၊ ဘယ်နေရာမှာသုံးသုံး ကြာရှည်လည်းခံပါတယ်။ အရေးပေါ်အနေနဲ့ SOS button ပါဝင်ပြီး လွယ်လင့်တကူနှိပ်လိုက်တာနဲ့ အရေးပေါ်ထည့်ထားတဲ့ နံပါတ်(၂)ခုကို တစ်ခုမရရင် တစ်ခုမရမချင်း ခေါ်ပေးပါလိမ့်မယ်။ Water Proof Live GPS လေးကို computer နဲ့ အသုံးပြုနိုင်သလို phone နဲ့လည်း အသုံးပြုလို့ရအောင် application ပြုလုပ်ပေးထားပါတယ်။ Google map ကိုအသုံးပြုထားပြီး သွားနေတဲ့လမ်းကြောင်းကို Live ကြည့်လို့ရအောင် ရွေ့လျားပြီးပြပေးတာကြောင့် အရင် GPS တွေလို ခလုတ်နှိပ် SMS ပို့နေစရာမလိုဘဲ မြေပုံပေါ်မှာထင်းပြီး မြင်နိုင်ပါတယ်။ ထည့်ထားတဲ့ sim အနေနဲ့ လိုင်းမမိတဲ့ နေရာရောက်သွားခဲ့ရင် tracking လမ်းကြောင်းပြန်ကြည့်ပြီး သိနိုင်ပါသေးတယ်။

## Waterproof case for Cameras



**Price : (DSLR Camera) 18,500Ks**
**Phone : 09-450127303**
**Shop : 8 Ray Shopping Centre**

ကင်မရာသမားတွေ ဆောင်ထားသင့်တဲ့ ကင်မရာရေစိုခံ၊ ရေစိမ်ခံ အိတ်လေးတွေသင်္ကြန်အမီ ရောက်ရှိလို့လာပါပြီ။ ရေစိမ်ခံဖို့ high quality PVC reinforced materials + ABS ကို သုံးပေးထားတာမို့ စိတ်ချလက်ချ အသုံးပြုနိုင်ပါတယ်။ ရေအနက် 20m (ပေ60) နီးပါးလောက်ထိ သုံးလို့ ရပါတယ်။ အပေါ်က Triple clips လေးတွေကို သေချာလုံအောင်ပိတ်ဖို့တော့ အရေးကြီးပါတယ်။ ဓာတ်ပုံအရည်အသွေးကို မထိခိုက်စေအောင် ပြုလုပ်ထားတာမို့ ပုံထွက်မလှမှာ၊ ဝါးဝါးကြီးတွေဖြစ်နေမှာကို စိတ်ပူစရာမလိုပါဘူး။ ကင်မရာခလုတ်တွေကို အနှောင့်အယှက်မရှိရိုက်ကူးနိုင်ပြီး မတော်တဆရေထဲပြုတ်ကျသွားတာမျိုးဆိုရင်လည်း ရေပေါ်ပေါ်နေမှာမို့ စိတ်ချလက်ချအသုံးပြုနိုင်မှာဖြစ်ပါတယ်။ DSLR Camera မှာဆိုရင် Size တွေက 17.5cm, 19cm, 7.8cm နဲ့ Mirrorless Camera20.5cm, 14cm အရွယ်အစားတွေကို ရရှိနိုင်ပါတယ်။

www.free4readers.com



# GOOGLE IN 2018: TRYING TO DO EVERYTHING

နည်းပညာနဲ့ ရှာဖွေရေးအင်ဂျင်လောကရဲ့ ဘုရင်လို့တောင်ဆိုနိုင်မယ့် Google ဟာ အခြားနည်းပညာထုတ်ကုန်တွေရဲ့ကြားထဲမှာ အနည်းငယ်တိမ်မြုပ်နေတယ်တယ်လို့ သတ်မှတ်နိုင်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာလည်း ကုမ္ပဏီအနေနဲ့ စဉ်ဆက်မပြတ် ထုတ်ကုန်တွေ၊ ဈေးကွက်မဟာဗျူဟာတွေချမှတ်ပြီး ပုံမှန်လေးသာရွှေ့ဆက်နေခဲ့ပါတယ်။ သူတို့ အဲ့လိုလုပ်နေတဲ့အချိန်မှာ အခြားနည်းပညာကုမ္ပဏီတွေကတော့ ဈေးကွက်ဝေစုဘယ်လိုရရှိအောင် ပြုလုပ်ရလဲဆိုတဲ့နည်းလမ်းတွေသုံးပြီး ရွှေ့ဆက်သွားနေကြတာကိုတွေ့ရပါတယ်။ Google ရပ်တန့်နေတာလားဆိုတော့မဟုတ်ပါဘူး။ နည်းပညာလောက ရှေ့ဆောင်တစ်ဦးအနေနဲ့ မှန်မှန်လေးချီတက်နေတာပါ။ ဒါကိုလက်ရှိအချိန်ထိ သူတို့ထုတ်ထားတဲ့ထုတ်ကုန်တွေကို ကြည့်တာနဲ့သိနိုင်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာလည်း Google ဟာ အရာအားလုံးသိကနေ ဈေးကွက်ဝေစုတွေရရှိနိုင်ဖို့ ကြိုးစားနေပါတယ်။ Google အနေနဲ့ ၂၀၁၈ ခုနှစ်တွင်းမှာ ဘာတွေမိတ်ဆက်ခဲ့ပြီးပြီလဲ။ နောက်ထပ်ရော ဘယ်လိုကုန်ထုတ်လုပ်မှုတွေ ထွက်လာနိုင်သေးလဲဆိုတဲ့ အကြောင်းအရာကို ဒီတစ်ပတ်အတွက် စုစည်းဖော်ပြပေးလိုက်ပါတယ် . . .

## Pixel 3 Model ကိုဖန်တီးနေသလား?

Google က Stock Android ပါတဲ့ Nexus ဖုန်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးခဲ့ဖူးပါတယ်။ ဒီနှစ်မှာတော့ တန်ဖိုးနည်း Pixel 3 Model ကို ရောင်းချမယ်လို့ သတင်းထွက်လာပါတယ်။ ဒီသတင်းကို Economic Times က ဖော်ပြထားခြင်းဖြစ်ပြီး တစ်ချိန်က Nexus Phone များရေပန်းစားခဲ့တဲ့ အိန္ဒိယလို ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ရောင်းချမယ်လို့သိရပါတယ်။ Google က အိန္ဒိယဈေးကွက်မှာ အောင်မြင်ဖို့ကြိုးစားနေပုံပေါ်ပြီး Google Home လို အခြားထုတ်ကုန်များကို ရောင်းချဖို့စီစဉ်နေပါတယ်။ Google က နှစ်ကုန်ခါနီးလောက်မှာ Pixel Phone အသစ်များကို မိတ်ဆက်လေ့ရှိပါတယ်၊ ဒါပေမယ့် ယခုထွက်ပေါ်လာတဲ့ သတင်းအရတော့ ယခုနှစ်မှာဖုန်းမိတ်ဆက်ပွဲကို နှစ်ကြိမ်ပြုလုပ်နိုင်ပါတယ်။ ပထမတစ်ကြိမ်မိတ်ဆက်ပွဲကို ဇူလိုင်လ သို့မဟုတ် ဩဂုတ်လမှာပြုလုပ်မှာဖြစ်ပြီး တန်ဖိုးနည်းမော်ဒယ်ကိုကြေညာမှာပါ။ တန်ဖိုးကြီးမော်ဒယ်များကို အောက်တိုဘာလမှာပြုလုပ်မယ့် ဒုတိယအကြိမ်မှာ မိတ်ဆက်မှာပါ။ တန်ဖိုးနည်းမော်ဒယ်ဟာ စွမ်းဆောင်ရည်သင့် အမျိုးအစားဖြစ်နိုင်ပါတယ်။ ဒါပေမယ့်သူ့မှာ တန်ဖိုးကြီးမော်ဒယ်များမှာလို အရည်အသွေးမြင့်ကင်မရာတွေလည်း ပါဝင်လာဖို့ရှိနေပါတယ်။ တန်ဖိုးနည်းဖုန်းတွေမှာ စမတ်ကျတဲ့ကင်မရာစွမ်းရည်များနဲ့ ဒစ်ဂျစ်တယ်ကိုယ်ရေးလက်ထောက် Google Assistant ကို အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် ငွေကြေးမတတ်နိုင် သူများအတွက် အဆင်ပြေစေမယ်လို့ မျှော်လင့်ရပါတယ်။



## Google Play Instant

ဆန်ဖရန်စစ္စကိုမှာနှစ်စဉ်ကျင်းပတဲ့ Game Developers Conference မှာ ထုံးစံအတိုင်းပဲ Google က Play Store နဲ့ Android Game များအကြောင်းကို ပြောကြားပါတယ်။ Google က Android Gamer များအတွက် Google Play Instant ဝန်ဆောင်မှုကိုကြေညာလိုက်ပြီး Android Game တစ်ခုကိုကစားချင်ရင် အရင်ဆုံးဒေါင်းလုပ်လုပ်ပြီး အင်စတောလုပ်ရမှာဖြစ်ပါတယ်။ ပြီးရင်ဂိမ်းကို ၁၅ မိနစ်ကြာ မြည်းစမ်းကစားနိုင်ပါတယ်။ မနှစ်သက်ရင် ၁၅ မိနစ်အတွင်းမှာ Uninstall လုပ်ပြီး ငွေပြန်တောင်းနိုင်ပါတယ်။ အခုတော့ဂိမ်းများကိုဒေါင်းလုပ်လုပ်စရာမလိုဘဲ မြည်းစမ်းကစားနိုင်မယ့် Google Play Instant ကို ဖန်တီးပေးလိုက်ပါတယ်။ ဒီလိုစမ်းသပ်ကစားနိုင်မယ့် ဂိမ်းများထဲမှာ Clash Royale, Words with Friends 2, Bubble Witch 3 Saga တို့ ပါဝင်ပါတယ်။ Instant Gameplay Collection မှာ သူတို့ရဲ့ဂိမ်းများကိုထည့်သွင်းချင်တဲ့ Game Deve loper များအတွက်တော့ စိတ်မကောင်းစရာပါ။ အဲဒီဝန်ဆောင်မှုကို Google က Closed Beta အနေဖြင့် စမ်းသပ်နေခြင်းဖြစ်ပါတယ်။ Instant Game မှာ ပါဝင်ချင်တဲ့ Developer များဟာ Sign Up ပြုလုပ်ရမှာဖြစ်ပါတယ်။ Google ဟာ Android Game နယ်ပယ်မှာ တီထွင်ဖန်တီးမှုအသစ်များကို မကြာခင်က ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒါကတော့ AR, VR Game ဖန်တီးသူများအတွက် Google Map APIs ကို ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါတယ်။




## Android Wear ကို Wear OS အဖြစ်ပြောင်းလဲမှု

Google ဟာ စမတ်နာရီတွေအတွက် Android Wear အမှတ်တံဆိပ်ကို Wear OS အဖြစ် တရားဝင်ပြောင်းလဲခဲ့ပြီး မွမ်းမံပြင်ဆင်ထားတဲ့ Wear OS com-panion app ကိုလည်း Android အတွက်မိတ်ဆက်ခဲ့ပါတယ်။ Google အနေနဲ့ အခုအပြောင်းအလဲကိုအတည်ပြုခဲ့ပြီး နာမည်သစ်ဟာကုမ္ပဏီရဲ့စမတ်နာရီတွေကို ဝတ်ဆင်ထားတဲ့လူတွေနဲ့ နည်းပညာ၊ စိတ်ကူးစိတ်သန်းတွေကို ရည်ညွှန်းတာဖြစ်ပါတယ်။ Google ဟာ Wear OS ဆိုတဲ့အမည်ကို ဆွစ်ဇာလန်မှာပြုလုပ်မယ့် နှစ်စဉ်ကျင်းပနေကျ Baselworld နာရီပြပွဲမတိုင်မီ ထုတ်ပြန်ကြေညာလိုက်တာပါ။ ဒါ့အပြင် Google အနေနဲ့ Wear OS ထုတ်ကုန်တွေအတွက် Website သစ်နဲ့ Twitter account ကိုလည်း ပြုလုပ် ထားပါတယ်။ အဲဒီမှာ Wear OS ဆိုတဲ့နာမည်သစ်နဲ့အတူ " by Google" စာသားကိုထည့်သွင်းခဲ့ပြီး မိနစ်တိုင်းအရေးပါအောင် ပြုလုပ်ဆိုတဲ့ဆောင်ပုဒ်နဲ့အတူ Google အရောင်လေးမျိုးကိုအသုံးပြုထားတဲ့ " W " လိုဂိုလည်း ပါဝင်လာပါတယ်။




## Google ရဲ့ ဉာဏ်ရည်တုနည်းပညာနဲ့ ကျန်းမာရေး



Google အနေနဲ့ ဉာဏ်ရည်တုနည်းပညာကို ကဏ္ဍပေါင်းစုံမှာ အသုံးချဖို့ ကြိုးစားနေပါတယ်။ ကုမ္ပဏီက အသစ်ဖန်တီးထားတဲ့ AI Program ကလူတွေရဲ့မျက်လုံးမှ အဓိကအကြောင်းအရာများကို ရှာဖွေခြင်းဖြင့်နှလုံးရောဂါကို ကြိုတင်ခန့်မှန်းနိုင်ပါတယ်။ လူသားဆရာဝန်များ တောင်ပရိုဂရမ်လို မျက်လုံးကိုလေ့လာခြင်းဖြင့် နှလုံးဖောက်မှုကိုကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိပါဘူး။ နှလုံးရောဂါဟာ အသက်အရွယ်၊ လိင်တို့လို အရာများနဲ့ ဆေးလိပ်သောက်ခြင်း၊ သွေးဖိအားနဲ့ အတိတ်မှနှလုံးရောဂါအခြေအနေများလို ခန့်မှန်းရခက်တဲ့အရာများကို ထည့်သွင်းစဉ်းစားရတဲ့အတွက်မလွယ်ကူပါဘူး။ သွေးကြောလိုမျက်လုံးမှ ဒေတာများဟာ အလွန်လေ့ကျင့်ပေးထားတဲ့ မျက်လုံးများအတွက်တော့ နှလုံးရောဂါကို ကြိုတင်ခန့်မှန်းနိုင်ပါတယ်။ ဉာဏ်ရည်တုနည်းပညာကိုအဲဒီလို လေ့ကျင့်သင်ကြားပေးနိုင်ပါတယ်။ Google ရဲ့ဉာဏ်ရည်တုနည်းပညာကို လူနာပေါင်း ၁၂၀၂၆ယောက်ရဲ့ မျက်လုံးဒေတာများဖြင့် လေ့ကျင့်သင်ကြားပေးထားပါတယ်။ အဲဒီမျက်လုံးဒေတာများနဲ့ တိုက်ဆိုင်စစ်ဆေး၍ ဉာဏ်ရည်တုပရိုဂရမ်ကနှလုံးရောဂါများကို ကြိုတင်ခန့်မှန်းပေးခြင်းဖြစ်ပါတယ်။ သူ့ရဲ့တိကျမှုဟာ ၇၀ ကနေ ၉ရရာခိုင်နှုန်းအတွင်းမှာရှိတယ်လို့သိရပါတယ်။

Google ရဲ့ လက်ခွဲကုမ္ပဏီတစ်ခုဖြစ်တဲ့ DeepMind က ရောဂါသည်များရဲ့ အခြေအနေပြောင်းလဲမှုကို ကြိုတင်ခန့်မှန်းနိုင်ဖို့အတွက် အမေရိကန်လူမျိုး ၇၀၀၀၀၀ ရဲ့ကျန်းမာရေးမှတ်တမ်းများကို သူ့ရဲ့ AI မှာထည့်သွင်းပေးထားပါတယ်။ အဲဒီအတွက် AI ကလူနာများသေဆုံးနိုင်မယ့် အခြေအနေကိုကြိုတင်သိရှိတဲ့အတွက် စောစီးစွာဆေးကုသမှုများကိုပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် DeepMind နဲ့ Veterans Administration (VA) တို့ပူးပေါင်းထားပါတယ်။ ကမ္ဘာ့ထိပ်တန်းဉာဏ်ရည်တုနည်းပညာသုတေသနအဖွဲ့နဲ့ ကမ္ဘာ့အဆင့်ရှိ ကျန်းမာရေးသုတေသနအဖွဲ့တို့ ပူးပေါင်းခြင်းဖြစ်ပါတယ်။ သမားရိုးကျအားဖြင့် သူနာပြုများက လူနာများကို စောင့်ကြည့်ပေးကြပါတယ်။ ဒါပေမယ့် သူနာပြုများဟာ လူနာတိုင်းကို အချိန်ပြည့်စောင့်ကြည့်စစ်ဆေးပေးနိုင်ခြင်းမရှိပါဘူး။ အများစုအားဖြင့် EKGs နဲ့ အသက်ရှူကိရိယာလို အီလက်ထရောနစ်နဲ့ ဆင်ဆာများကနေ လူနာများကိုစောင့်ကြည့်ကြပါတယ်။ သူနာပြုနဲ့ဆရာဝန်များက လူနာများကို အချိန်ပိုင်းအလိုက်စစ်ဆေးခြင်း၊ စက်ကိရိယာများရဲ့အချက်ပေးမှုကို နားထောင်ခြင်းများကို ပြုလုပ်ကြရပါတယ်။ ဒါပေမယ့်လည်း အချိန်အများစုမှာ လူနာများကို ဂရုစိုက်စောင့်ကြည့်နိုင်ခြင်း မရှိပါဘူး။

DeepMind က အခြေအနေဆိုးတဲ့လူနာများကို ကြိုတင်ဟောကိန်းထုတ်ပေးဖို့ AI ကိုသာ သင်ကြားပေးနိုင်မယ် ဆိုရင်စက်ကိရိယာများက အဲဒီလူနာရဲ့အခြေအနေကို ပိုမိုတင်းကြပ်စွာစောင့်ကြည့်စစ်ဆေးအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာများဟာ အချိန်ပြည့်အလုပ်လုပ်နိုင်တဲ့အတွက် AI ဟာ လူနာတိုင်းကို အချိန်ပြည့်စောင့်ကြည့်ပေးနိုင်ပါတယ်။ အမေရိကန်မှာ တတိယအများဆုံး လူသေဆုံးတဲ့ဖြစ်ရပ်ဟာ ကျန်းမာရေးဝန်ထမ်းများရဲ့ အမှားများကြောင့်ဖြစ်ပါတယ်။ AI က အဲဒီပြဿနာကိုလည်း ဖြေရှင်းပေးမှာဖြစ်ပါတယ်။

www.free4readers.com



## HTC စမတ်ဖုန်းလုပ်ငန်း အနည်းငယ်ကိုဝယ်ယူမှု

Google အနေနဲ့ ဒေါ်လာ ၁.၁ဘီလီယံဖြင့် HTC ရဲ့ Hardware လုပ်ငန်းကို ဝယ်ယူလိုက်ပြီး သဘောတူညီချက်မှာ HTC အင်ဂျင်နီယာ ၂၀၀၀ကျော်ဟာ Google ထံမှာ အလုပ်လုပ်ရမှာဖြစ်ပါတယ်။ သူတို့ဟာ ထိုင်ဝမ်မှာပဲ အလုပ်လုပ်ရမှာဖြစ်ပါတယ်။ VR ဌာနကိုတော့ HTC ကပဲ ဆက်လုပ်ခွင့် ပိုင်ဆိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် စမတ်ဖုန်းသုတေသနဌာနရဲ့ အဓိကပညာရှင်များဟာ Google ထံကို ရောက်သွားမှာဖြစ်ပါတယ်။ ဒါဟာ Google ရဲ့ Hardware နယ်ပယ်မှာတိုးချဲ့လာမှုကို ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ Google က Pixel စမတ်ဖုန်းများကို HTC မှဝန်ထမ်းများနဲ့ပူးပေါင်းဖန်တီးခဲ့တာဖြစ်ပြီး အခုတော့ ပိုမိုများပြားတဲ့ဝန်ထမ်းများကို ရရှိတော့မှာဖြစ်ပါတယ်။

## ဂိမ်းစက်နဲ့ ဂိမ်း Streaming ဝန်ဆောင်မှု

Google ဟာ ဗီဒီယိုဂိမ်းဈေးကွက်ထဲကိုဝင်ရောက်ဖို့ ပြင်ဆင်နေတယ်လို့ The Information ဖော်ပြခဲ့ပါတယ်။ အမည်မဖော်ပြထားတဲ့ ရင်းမြစ်တွေရဲ့အဆိုအရ search ကုမ္ပဏီကြီးဟာ Yeti လို့ခေါ်တဲ့ ကိုယ်ပိုင်ဂိမ်း streaming ဝန်ဆောင်မှုကိုဖန်တီးနေပြီး အဲဒီဝန်ဆောင်မှုဟာ Play-Station Now လို streaming ဝန်ဆောင်မှုတွေနဲ့ ဆင်တူတယ်လို့ သိရပါတယ်။ ဒီဝန်ဆောင်မှုကို Google ကထုတ်လုပ်တဲ့ ဂိမ်းစက်တစ်မျိုးနဲ့အတူ ဈေးကွက်ထဲမှာတွေ့မြင်ရမယ်လို့ဆိုပါတယ်။ ဒါ့အပြင် Yeti က Chromecast တွေပေါ်မှာ အလုပ်လုပ်တယ်လို့လည်း ဆိုပါတယ်။ Google ရဲ့ဝန်ဆောင်မှုဟာ ဂိမ်းတွေကိုအင်တာနက်ပေါ်ကနေ stream လုပ်ပေးမှာဖြစ်ပါတယ်။ လစဉ်ကြေးကိုအခြေခံထားပေမယ့် ဘယ်လောက်အထိကျသင့်မလဲဆိုတာကိုတော့ မသိရသေးပါဘူး။ တကယ်လို့ Google ရဲ့ကြိုးပမ်းမှုက အောင်မြင်ခဲ့မယ်ဆိုရင် Yeti က ဒေါ်လာ ၁၀၉ ဘီလီယံတန်ကြေးရှိတဲ့ ဗီဒီယိုဂိမ်းဈေးကွက်ကနေ ဝေစုအချို့ကိုရရှိနိုင်ပါလိမ့်မယ်။ Yeti ဟာ ဂိမ်းတွေကို သုံးစွဲသူထံထုတ်လွှင့်ပေးဖို့အတွက် Google ရဲ့ cloud အခြေခံအဆောက်အဦကို အသုံးပြုမှာဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် ကုမ္ပဏီကဂိမ်း developer တွေနဲ့ ဆွေးနွေးထားပေမယ့် Yeti ကို ဘယ်အချိန်မှာ တွေ့မြင်ရမလဲဆိုတာကိုတော့ မသိရသေးပါဘူး။



## Google Cloud AutoML

Google ရဲ့ဝန်ဆောင်မှုသစ်ဖြစ်တဲ့ Cloud AutoML ဟာ drag နှင့် drop လုပ်ရုံနဲ့ရုပ်ပုံတွေကိုသိမှတ်နိုင်တဲ့ tool တစ်ခုကို ဖန်တီးပေးနိုင်တယ်လို့သိရပါတယ်။ ရုပ်ပုံနဲ့စကားသံတွေကိုမှတ်မိနိုင်ပြီး အဆင်သင့်သုံးစွဲနိုင်တဲ့ AI ဝန်ဆောင်မှုတွေဟာ cloud computing ထောက်ပံ့သူအဖြစ် သုံးစွဲသူတွေအပေါ် အားပြုထားတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ Google ဟာ Cloud AutoML နဲ့ AI ကို အလွယ်တကူအသုံးပြုနိုင်စေဖို့အတွက် ခြေလှမ်းတစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ Cloud AutoML ဆိုတဲ့ tool သစ်ဟာ code တစ်ကြောင်းမှရေးစရာမလိုတဲ့ ကိုယ်ပိုင် machine learning algorithm သစ်တွေကို အစကနေသင်ကြားပေးနိုင်ပါတယ်။ Google အနေနဲ့ machine learning software ဒီဇိုင်းထုတ်နိုင်တဲ့ machine learning software ဖန်တီးဖို့အတွက်ဖြစ်ပြီး AI လူမှုအသိုက်အဝန်းအတွင်း သုတေသနအပြုလုပ်ဆုံးကဏ္ဍလည်းဖြစ်ပါတယ်။ Cloud AutoML ဟာ code ရေးဆွဲရတဲ့ပြဿနာကို ဖြေလျော့ဖို့ရည်ရွယ်ပါတယ်။ Cloud AutoML မှာ သုံးစွဲသူကိုယ်တိုင် machine learning မော်ဒယ်ကိုလေ့ကျင့်ဖို့အတွက် ရိုးရှင်းတဲ့ဂရပ်ပုံပြမျဉ်းတွေပါဝင်တဲ့ interface ကိုအသုံးပြုထားပါတယ်။ အဲဒီဝန်ဆောင်မှုမှာ သုံးစွဲသူတွေအတွက် ဓာတ်ပုံတွေကို drag နဲ့ drop ပြုလုပ်ခွင့်ပေးထားတဲ့ ရုပ်ပုံတွေခွဲခြားမှုစနစ်ကို ကန့်သတ်ထားပါတယ်။ Software က လိုအပ်တဲ့အရာတွေဒါမှမဟုတ် item တွေကို အဆက်မပြတ် ပြန်ရွေးချယ်တာကို ကြည့်နိုင်ပါတယ်။ ဥပမာအနေနဲ့ Urban Outfitters ဟာ ကတ်တလောက်အတွင်းက အင်္ကျီကို Cloud AutoML က ဘယ်လိုခွဲခြားမလဲဆိုတာ စမ်းသပ်ခဲ့တာကြောင့် သုံးစွဲသူက ထူးခြားတဲ့ ပင်ကိုယ်လက္ခဏာအပေါ်မူတည်ပြီး filter လုပ်နိုင်မှာဖြစ်ပါတယ်။




## 4K ရုပ်ထွက်ပါဝင်တဲ့ Pixelbook



Pixelbook က Google ထုတ်ပစ္စည်းများထဲမှာ အောင်မြင်မှုအရဆုံးပစ္စည်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် Google ထုတ်ပစ္စည်းတွေထဲမှာ ဈေးအကြီးဆုံးတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ အခုဆိုရင် Google Pixelbook ရဲ့သက်တမ်းက ခြောက်လရှိပြီဖြစ်ပါတယ်။ Google ဟာ မဝေးတော့တဲ့ကာလအတွင်းမှာ Pixel-book သစ်ကို ကြေညာလာတော့မှာဖြစ်ပါတယ်။ Google ဟာ Pixelbook သစ်ကို Atlas လို့ အမည်ပေးထားပါတယ်။ ဒီလက်တော့မှာ 3840×2160 px ရုပ်ထွက်အသုံးပြုလာပါမယ်။ ဒါ့အပြင် Google ဟာလာမယ့် Pixelbook သစ်မှာ လက်ဗွေရာစနစ်လည်း ထည့်သွင်းလာဖို့ရှိနေပါတယ်။ တစ်ခုရှိတာက လက်ရှိအချိန်က Google Pixel-book သစ်နဲ့ပတ်သက်ပြီးပြောဖို့ အနည်းငယ်စောပါသေးတယ်။ ဒါကြောင့် 4K အသုံးပြုလာမယ်ဆိုတဲ့အချက်ကို အတည်ပြုလို့တော့ မရသေးပါဘူး။

## Google AI Clips Camera

Google က ယခင်နှစ် အောက်တိုဘာလမှာကျင်းပတဲ့ Hardware Event မှာ Clips Camera ကို မိတ်ဆက်ခဲ့ပါတယ်။ အခုတော့ ဉာဏ်ရည်တုနည်းပညာပါတဲ့ ကင်မရာကို ရောင်းချပေးလိုက်ပါတယ်။ Clips Camera ဟာ Always-On အမျိုးအစားဖြစ်ပြီး သူက ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ လှပတဲ့ဓာတ်ပုံကောင်းများ ရိုက်ကူးရမယ့်အချိန်ကို သိရှိနားလည်ပါတယ်။ သူ့ကို နေအိမ်များရဲ့ညှော်ခန်းနဲ့ မီးဖိုချောင်များမှာထားရှိရင် သူက သင့်မိသားစုများရဲ့ အပျော်ရွှင်ရဆုံးအမှတ်တရများကို မှတ်တမ်းတင်ပေးထားမှာဖြစ်ပါတယ်။ ဓာတ်ပုံရိုက်တဲ့ခလုတ်ကို လုံးဝနှိပ်စရာမလိုတော့ပါဘူး။ သူ့မှာ 16GB Storage လည်းပါတဲ့အတွက် ဓာတ်ပုံများကို သိမ်းဆည်းပေးထားနိုင်ပါတယ်။ သူ့ကိုအသုံးပြုဖို့ အင်တာနက်ဆက်သွယ်မှုလည်း မလိုအပ်ပါဘူး။ အင်တာနက်ချိတ်ဆက်ထားရင်တော့ သူကရိုက်ကူးထားတဲ့ဓာတ်ပုံများကို Google Photo နဲ့ Sync လုပ်ပေးမှာဖြစ်ပါတယ်။ သူ့ရဲ့အရွယ်အစားဟာ ၂ လက်မပတ်လည်သာရှိတဲ့အတွက် အလွန်သေးငယ်ပါတယ်။ သူရဲ့ကင်မရာက 12MP ဖြစ်ပြီး ဓာတ်ပုံအပြင် ဗီဒီယိုများကိုလည်း ရိုက်ကူးပေးနိုင်ပါတယ်။



## Google ရဲ့မောင်းသူမဲ့ ကုန်တင်ကား



Google ရဲ့ကုမ္ပဏီခွဲဖြစ်တဲ့ Waymo ဟာ မောင်းသူမဲ့ကားများကို တီထွင်နေပါတယ်။ စွမ်းရည်ပြည့် မောင်းသူမဲ့ကုန်တင်ကားများမှာ အထူးဖန်တီးထားတဲ့ဆော့ဝဲကို အသုံးပြုမှာမဟုတ်ပါဘူး။ အဲဒီအစား ကုမ္ပဏီရဲ့ မောင်းသူမဲ့ Chrysler Pacifica ကားများရဲ့ ဆော့ဝဲကိုသာ အရွယ်ကြီးကားများအတွက် အဆင်ပြေအောင် မွမ်းမံထားတဲ့ဗားရှင်းကို အသုံးပြုထားပါတယ်။ ကုန်တင်ကားများဟာ လူရဲ့အကူအညီ လုံးဝမလိုအပ်ဘဲမောင်းနှင်နိုင်ကြပါတယ်။ ဒါပေမယ့် အမှားအယွင်းဖြစ်ပွားလျှင် ထိန်းကြောင်းဖို့အတွက် လေ့ကျင့်ပေးထားတဲ့ယာဉ်မောင်းများ လိုက်ပါကြမှာဖြစ်ပါတယ်။

## Google Assistant ကနေ ငွေလွှဲနိုင်မှု




အမေရိကန်မှာ Google Assistant ဒစ်ဂျစ်တယ်ကိုယ်ရေးလက်ထောက်ပါတဲ့ စမတ်ဖုန်းများကနေ ငွေပေးပို့ခြင်း၊ ငွေတောင်းခံခြင်းများပြုလုပ်နိုင်တဲ့ ဝန်ဆောင်မှုကို Google က ပြုလုပ်ပေးလိုက်ပါတယ်။ မတ်လ ၂၂ ရက်နေ့ကစပြီး ဒီဝန်ဆောင်မှုကိုအခမဲ့ အသုံးပြုနိုင်ပါတယ်။ ဒီဝန်ဆောင်မှုကိုသုံးဖို့အတွက် Google ရဲ့ ငွေပေးချေမှုစနစ်ဖြစ်တဲ့ Google Pay ကို Sign Up လုပ်ထားစရာလည်း မလိုအပ်ပါဘူး။ တစ်ဖက်လူကလည်း Google Pay ကို အသုံးပြုနေသူဖြစ်စရာမလိုပါဘူး။ Google က Google Assistant ကို ငွေလွှဲဖို့ပြောလိုက်တာနဲ့ အကောင့်ကို Set Up လုပ်ဖို့အတွက် ညွှန်ကြားမှုများပြုလုပ်ပေးမယ်လို့ ဘလော့ဆောင်းပါးတစ်ခုမှာ ရှင်းပြထားပါတယ်။ Set Up လုပ်ရတာလည်း လွယ်ကူပါတယ်။ Google ရဲ့ညွှန်ကြားချက်များအတိုင်း ပြုလုပ်သွားရုံပါပဲ။ ငွေလွှဲခြင်း၊ ငွေတောင်းခံခြင်းများပြုလုပ်တဲ့အခါ ဖုန်းမှာ Google Pay App ကိုထည့်သွင်းထားရင် Notification ရရှိမှာပါ။ မထည့်သွင်းထားရင်လည်း အီးမေး၊ စာတိုစနစ်များကနေ အသိပေးမှာပါ။ ငွေတောင်းခံခြင်း၊ ငွေလွှဲခြင်းများပြုလုပ်ချင်ရင် Hey Google, request $10 from John for the concert tonight" or "OK Google, send Shelley $25 for dinner last night." စသဖြင့် ကိုယ်ရေးလက်ထောက်ကို ပါးစပ်ကနေ ပြောလိုက်ရုံပါပဲ။

## Google ရဲ့ မောင်းသူမဲ့ Taxi

အမေရိကန်ပြည်နယ်ငါးခုမှာ စမ်းသပ်နေတဲ့မောင်းသူမဲ့ Chrysler Pacifica Minivans ကားများဖြင့် အရီဇိုးနားမှာ Waymo က ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဟာ ယခင်နှစ် ဧပြီလကတည်းက မောင်းသူမဲ့ကားများကို အရီဇိုးနားမှာစမ်းသပ်နေခြင်းဖြစ်ပြီး ဖီးနစ်မြို့နေပြည်သူများအတွက် မောင်းသူမဲ့တက္ကစီဝန်ဆောင်မှုကို တစ်ရက်လျှင် ၂၄ နာရီအပြည့် အခမဲ့ဝန်ဆောင်မှုဖြင့် စမ်းသပ်နေခဲ့ပါတယ်။ Chrysler Pacifica Minivans ကားများဟာ လျှပ်စစ်နဲ့ လောင်စာဆီနှစ်မျိုးသုံးကားများဖြစ်ကြပြီး ဘက်ထရီတစ်မျိုးတည်းဖြင့် ၃၃ မိုင်အထိ မောင်းနှင်နိုင်ကြပါတယ်။ Waymo က ယခင်နှစ်နိုဝင်ဘာလကစပြီးအင်ဂျင်နီယာများလိုက်ပါခြင်းမရှိဘဲ သူ့ရဲ့မောင်းသူမဲ့ကားများကို စမ်းသပ်နေခဲ့ခြင်း ဖြစ်ပါတယ်။ အစောပိုင်းမှာတော့ ကားခေါင်းခန်းမှာ အင်ဂျင်နီယာများက လိုက်ပါ၍စမ်းသပ်ခဲ့ကြခြင်းဖြစ်ပါတယ်။



www.free4readers.com



# Computer Parts

ဈေးနှုန်းများကို ကူညီပံ့ပိုးပေးသော Unique ဆိုင်အား အထူးကျေးဇူးတင်ရှိပါသည်။
(၉-၄-၂၀၁၈) နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်ပါသည်။

## » Monitor

| | |
|---|---|
| Acer T1900HQb/EB192Qb | 94,500 Ks |
| Acer K202HQL Abd | 106,500 Ks |
| Dell E2016HV | 119,800 Ks |
| Dell S2218H | 197,000 Ks |
| ViewSonic VA1903A | 92,500 Ks |
| ViewSonic VA2261h | 139,800 Ks |
| Samsung S22D300HY | 160,000 Ks |

## » Motherboard

| | |
|---|---|
| MSI Z370 PC Pro | 223,600 Ks |
| MSI Z370 Gaming Plus | 230,300 Ks |
| MSI H81M-P33 | 69,200 Ks |
| Asus ROG Strix Z370-G Gaming | 296,800 Ks |
| Asus H61M-K | 89,200 Ks |
| Asus H81M-E | 79,900 Ks |
| Asus H110M-A/M2 | 104,500 Ks |

## » Graphic Card

| | |
|---|---|
| MSI 2GB NVIDIA GT1030 | 70,500 Ks |
| MSI 2BG NVIDIA GT1050 | 137,100 Ks |
| MSI 4GB NVIDIA GTX1050 | 336,700 Ks |
| MSI 8GB NVIDIA GT710 | 65,200 Ks |
| Asus 2GB NVIDIA GT710 | 65,200 Ks |
| Asus 3GB NVIDIA GTX1060 | 423,300 Ks |
| Asus 4GB NVIDIA GTX1050Ti | 290,200 Ks |

## » Intel CPU

| | |
|---|---|
| Intel Core i3 8100 LGA 1151 | 158,400 Ks |
| Intel Core i3 7100 3.9GHz | 141,100 Ks |
| Intel Core i3 6100 3.7GHz | 137,800 Ks |
| Intel Core i5 6400 2.7GHz | 220,300 Ks |
| Intel Core i5 7400 3.0GHz | 214,300 Ks |
| Intel Core i7 7700 3.6GHz | 382,000 Ks |
| Intel Core i5 8400 LGA 1151 | 248,900 Ks |

## » PC Memory

| | |
|---|---|
| Team DDR3 4GB | 43,000 Ks |
| Team DDR3 8GB | 78,000 Ks |
| Apacer DDR4 4GB | 61,900 Ks |
| Apacer DDR4 8GB | 113,100 Ks |
| Kingston DDR4 4GB | 65,100 Ks |
| Kingston DDR4 8GB | 105,100 Ks |
| Silicon Power DDR4 4GB | 60,600 Ks |

## » PC Internal HDD

| | |
|---|---|
| WD 500GB | 54,600 Ks |
| WD 1000GB | 52,900 Ks |
| WD 2000GB | 91,8000 Ks |
| Seagate 500GB | 51,200 Ks |
| Seagate 1000GB | 52,600 Ks |
| Seagate 2000GB | 81,800 Ks |
| Seagate 3000GB | 109,000 Ks |

## » Printer

| | |
|---|---|
| Epson L120 | 137,100 Ks |
| Epson L310 | 173,000 Ks |
| Brother DCP-T300 | 230,000 Ks |
| Brother DCP-T500W | 330,000 Ks |
| HP Office Jet Pro 8720 | 489,800 Ks |
| Fuji Xerox Docu Print CM225fw | 681,500 Ks |
| Samsung SL-C480FW | 565,700 Ks |

## » Projector

| | |
|---|---|
| Acer X117H DLP | USD 350 |
| Acer X127H WUXGA | USD 395 |
| Epson EBX04 | USD 470 |
| Epson EBU04 | USD 880 |
| Panasonic PT-LB280 | USD 485 |
| ViewSonic PJD 5155 DLP | USD 325 |
| Vivitek Qumi Q3 Plus | USD 535 |

# Laptop & Notebook



## acer (Shwe Lamin Nagar) Ph : 01-255655, 255714

**Acer Aspire ES1-432 (Celeron)**
Intel Celeron N3350, 4GB DDR3, 500GB, 14" HD Cinecrystal LCD USD 299

**Acer Aspire ES1-432 (Pentium)**
Intel Pentium N4200, 4GB DDR3, 500GB, 14" HD Cinecrystal LCD USD 335

**Acer Aspire E5-475 i3 (7th Gen)**
Intel Core i3 7130U, 4GB DDR4, 500GB, 14" HD Cinecrystal LED USD 429

**Acer Aspire E5-475 i3 (7th Gen)**
Intel Core i3 7130U, 4GB DDR4, 1TB, 14" HD Cinecrystal LED USD 589

**Acer Aspire E5 - 476G i3 (7th Gen)**
Intel Core i3 7130U, 4GB DDR4, 1TB, 14" HD Cinecrystal LCD USD 489

**Acer Aspire E5-576G i3 (7th Gen)**
Intel Core i3 7130U, 4GB DDR3, 1TB, 15.6" HD ComfyView LCD USD 509

**Acer Aspire E5-576G (i5) 7th Gen [Full HD / Black]**
Intel Core i5 7200U, 4GB DDR3, 1TB, 15.6" HD ComfyView LCD USD 629

## ASUS (KMD) Ph : 01-381776

**Asus X441NA - GA051**
Intel Celeron N3350, 4GB DDR3L, 500GB, 14" HD Slim Glare USD 299

**Asus X441NA - GA272T**
Intel Celeron N3350, 4GB DDR3L, 1TB, 14" HD Slim Glare USD 309

**Asus X541NA - GO591T**
Intel Celeron N3350, 4GB DDR3L, 1TB, 15.6" HD Slim Glare USD 309

**Asus X441UV - WX257**
Intel Core i3 6006U, 4GB DDR4, 1TB, 14" HD Slim Glare USD 459

**Asus X441UA - WX135**
Intel Core i3 6006U, 4GB DDR4, 500GB, 14" HD Slim Glare USD 409

**Asus X441UA - GA304D**
Intel Core i3 7100U, 4GB DDR4, 1TB, 14" HD Slim Glare USD 439

**Asus X541UJ - DM482**
Intel Core i5 7200U, 4GB DDR4, 500GB, 15.6" FHD Slim Glare USD 599

## DELL (Unique) Ph : 09 455209300, 09 964209300

**Dell Vostro 3568 (i5)**
Intel Core i5 7200U, 4GB DDR4, 1TB, 15.6" HD LED LCD USD 599

**Dell Vostro 3568 (i5)**
Intel Core i5 7200U, 4GB DDR4, 1TB, 15.6" HD LED LCD USD 649

**Dell Vostro 5468 (i5)**
Intel Core i5 7200U, 4GB DDR4, 1TB, 14" HD LED LCD USD 649

**Dell Vostro 3568 (i7)**
Intel Core i7 7500U, 4GB DDR4, 1TB, 15.6" FHD LED LCD USD 689

**Dell Inspiron 5468 (i7)**
Intel Core i7 7500U, 8GB DDR4, 1TB, 14" HD LED LCD USD 719

**Dell Inspiron 5570 (i7)**
Intel Core i7 8550U, 8GB DDR4, 2TB, 15.6" FHD LED LCD USD 859

**Dell Inspiron 7570 (i7)**
Intel Core i7 8550U, 8GB DDR4, 1TB, 15.6" FHD LED LCD USD 1079

## msi (I.C.E) Ph : 2316484, 2314808

**MSI GL62M 7RDX**
Intel Core i5 7700HQ, 8GB DDR4, 1TB, 15.6" Full HD USD 799

**MSI GS63 7RD**
Intel Core i7 7700HQ, 8GB DDR4, 1TB, 15.6" Full HD USD 1100

**MSI GL63 8RC**
Intel Core i5 8300H, 8GB DDR4, 1TB, 15.6" Full HD USD 929

**MSI GL63 8RC**
Intel Core i7 8750H, 8GB DDR4, 1TB, 15.6" Full HD USD 1029

**MSI GP63 Leopard 8RD**
Intel Core i7 8750H, 8GB DDR4, 1TB, 15.6" Full HD USD 1200

**MSI GP72 MVR 7RFX**
Intel Core i7 7700HQ, 16GB DDR4, 1TB, 17.3" Full HD USD 1450

**MSI GS73VR 7RF**
Intel Core i7 7700HQ, 16GB DDR4, 1TB+128SSD, 17.3" Full HD USD 1900

## hp (INNWA) Ph : 01-391511, 09-73001902

**HP 15-cc759/758/760TX i7 (Pavilion)**
Intel Core i7 7500U, 8GB DDR4, 1TB, 15.6" FHD LED USD 829 20%

**HP 15-c055TX i7 (Pavilion)**
Intel Core i7 7500U, 8GB DDR4, 1TB, 15.6" FHD LED USD 859 20%

**HP 13-ad037/038 TX i5 (Envy)**
Intel Core i5 7200U, 4GB DDR3, 256GB, 13.3" FHD LED USD 1079 30%

**HP 13-V113TU i5 (Spectre)**
Intel Core i5 7200U, 8GB DDR3, 256GB, 13.3" FHD LED USD 1540 30%

**HP X360 13-ac029TU i5 (Spectre)**
Intel Core i5 7200U, 8GB DDR3, 256GB, 13.3" FHD LED USD 1599 30%

**HP 13-V114TU i7 (Spectre)**
Intel Core i7 7500U, 8GB DDR3, 512GB, 13.3" FHD LED USD 1820 30%

**HP X360 13-ac028TU i7 (Spectre)**
Intel Core i7 7500U, 8GB DDR3, 256GB, 13.3" FHD LED USD 1849 30%

## lenovo (KMD) Ph : 01-381776

**Lenovo ideapad 120S-11IAP**
Intel Celeron N3350, 4GB LPDDR4, 500GB, 11.6" HD TN AG (Slim) USD 269

**Lenovo ideapad 120S-11IAP**
Intel Celeron N3350, 4GB LPDDR4, 500GB, 11.6" HD TN AG (Slim) USD 269

**Lenovo ideapad 120S-11IAP**
Intel Celeron N3350, 4GB LPDDR4, 500GB, 11.6" HD TN AG (Slim) USD 289

**Lenovo ideapad 320-14IKBN**
Intel Celeron N3350, 4GB DDR3L, 500GB, 14" HD TN GL (Slim) USD 309

**Lenovo ideapad 320-14IAP**
Intel Celeron N3350, 4GB DDR3L, 500GB, 14" HD TN AG (Slim) USD 319

**Lenovo ideapad 320-14IAP**
Intel Pentium N4200, 4GB DDR3L, 500GB, 14" HD TN GL (Slim) USD 359

**Lenovo ideapad 320-14ISK**
Intel Core i3 6006U, 4GB DDR4, 1TB, 14" HD TN AG (Slim) USD 409

## Computer Sales & Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| 1. Acer | No.576, Corner of 8th St & Strand Street , Lamadaw Tsp, Ygn. | 01-221683,01-217233 |
| 2. ABC | No.(165/175), Seikkanthar Street (middle), Kyauktada Tsp,Ygn. | 01-382275 |
| 3. Asia Tech | No. (274/278), Seikkanthar (Upper)st, Kyauktada Tsp. | 01-392951,01-392952 |
| 4. AC | No. 208, Seikkanthar (Middle) St, Kyauktada Tsp. | 01-252627,09-73037333 |
| 5. Access Spectrum | No. 364-366, Mahabandoola Garden (Barr) Kyauktada Tsp. | 01-386567,01-380900 |
| 6. AGK | No. 210 Seikkantahr (Middle) street, Kyauktada Tsp. | 01-246669,01-378171 |
| 7. ASUS (Goldem Power) | No. 4, 13rd, (lower) Street, Latha Tsp. | 01-210943,01-226664 |
| 8. Brother | No. 370, Bo Aung Kyaw Street (upper), Kyauktada Tsp. | 01-380137,01-379001 |
| 9. Delux (Asia Tech) | No. 274-278, Seikkanthar St, Upper, Kyauktada Tsp. | 01-392952, 01-392953 |
| 10. Do Do Ko Ko | No. 244, Ground floor, Seikkanthar Street, Kyauktada Tsp. | 01-388654, 01-383067 |
| 11. Elecom | No. 34, 2nd Street, Lamadaw Tsp. | 01-227593, 01-221792 |
| 12. Engenius (Access Spectrum) | No. 364-366, Mahabandoola Garden (Barr) Street, Kyauktada Tsp. | 01-380900,01-386567 |
| 13. Eastem | No. 129, Seikkanthar (lower) Kyauktada Tsp. | 01-398224,01-398490 |
| 14. Gigabyte (Myanmar Star-tech) | No. 351, Room (101,102) Thein Phyu Road Yangon. | 01-394270,01-384017 |
| 15. GPT | No. 206(B), Bogyoke Aung San Road, bet :Bo Aung Kyaw Street and Thein Phyu Street Botahtaung Township, Yangon. | 01-392576,09-421112149 |
| 16. IT City | No. 160, Anawratha Road, Corner of Bar Street, Kyauktada Tsp. | 01-243049 |

## Computer Sales & Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| 17. IT Mart | No. 126, Seikkanthar Street, Lanmadaw Tsp, Yangon. | 09-73050274 |
| 18. I.C.E | No. 41, Hledan Street, Lanmadaw Tsp, Yangon. | 01-228805, 01-215353 |
| 19. INNWA | No. 142, 38th Street (lower), Kyauktada Tsp. | 01-398297,01-391511 |
| 20. Lenovo (KMD) | No. 170-184, Rasodan Road (middle), Kyauktada Tsp. | 01-245180,01-384109 |
| 21. Lenovo (Lucky Bird) | No. 355, Rm (106), Thein Phyu Road, Kyauktada Tsp. | 01-248167,01-379875 |
| 22. MSI (Royal Smart) | No. 158, 36th (Middle), Kyauktada Tsp. | 01-240110 |
| 23. MUC (Myanmar Unique Computer) | No. 204, Seik Kan Tha St.(Lewis St), Kyauktada Tsp. | 01-385978, 09-5106247 |
| 24. Neo Tech | No. 175 (G/F) Seikkanthar (lower), Kyauktada Tsp. | 01-398199,01-710752 |
| 25. Radiance | No. 201, Bo Aung Kyaw St, Bet. Mahabandoolar & Merchant Road, Kyauktada Tsp. | 01-385267,01-380220 |
| 26. Techno Eye | No. 170 (D-1) corner of the Myanmar Goneyi Road & 87th street, Mingalartanungnyut Tsp. | 09-73201252, 09-73214057 |
| 27. T-Land | No. 77, Pasodan Road, (lower) Bet: Mahabandoola and Merchant Road, Kyauktada Tsp. | 01-382868,01-392343 |
| 28. Technoland | No. 162-170, 36th St (middle), Kyauktada Tsp. | 01-375191,09-73041735 |
| 29. Unique | No. 194, Seikkanthar Street, Kyauktada Tsp. | 01-387459,01-391789 |
| 30. View Sonic (Royal Ayeyarwaddy) | No. 7 (G/F), 87th Street, Mingalar Taung Nyunt Tsp. | 01-394494,01-384850 |

www.free4readers.com



# Heguru Yangon ၏ Center Director
# မခိုင်မွန်ဦး နှင့် တွေ့ဆုံခြင်း



ရဲလင်း လင်း သန်း တွေ့ဆုံမေးမြန်း သည်

**မေး: Heguru ကျောင်းလေးကိုမြန်မာပြည်မှာ စပြီးဖွင့်ဖြစ်တဲ့ပုံစံလေး တစ်ချက်လောက် မိတ်ဆက်ပေးပါဦး။**

ဖြေ: Heguru ကို ဂျပန်မှာစခဲ့တာကနေ အခုဆို နိုင်ငံတကာမှာ နှစ်ပေါင်း ၃၀ ရှိနေပါပြီ။ မြန်မာနိုင်ငံ ရန်ကုန်မှာကတော့ ၂၀၁၈ ဇန်နဝါရီလမှာမှ စတင်ခဲ့တာပါ။ ညာဘက်ဦးနှောက်ပညာရေးကို ဂျပန်မှာတော့ လွန်ခဲ့တဲ့ အနှစ် ၃၀ ဝန်းကျင်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် သုံးနေခဲ့ပါတယ်။ အခုက ရန်ကုန်မှာ ဒီကျောင်းလေးကို မြန်မာပလာဇာ ၂လွှာမှာ စဖွင့်ဖြစ်တာပါ။

**မေး: ဒီလိုမျိုး ညာဘက်ဦးနှောက်ပညာရေး စင်တာလေးဖွင့်ဖြစ်ခဲ့တာက ဘယ်လိုအချက်ကြောင့် ဖြစ်မလဲရှင့်။**

ဖြေ: သမားရိုးကျ ပညာရေးတွေမှာက Left brain ကိုအားသန်တဲ့ပုံစံ သင်ကြားမှုတွေပဲ ရှိတယ်။ ဦးနှောက်ကို အကြမ်းဖျင်းအားဖြင့် ခွဲကြည့်ရင် ညာဘက်ဦးနှောက်နဲ့ ဘယ်ဘက်ဦးနှောက်ဆိုပြီး နှစ်ပိုင်းရှိတယ်။ ဒီဦးနှောက်နှစ်ခုရဲ့ လုပ်ကိုင်ပုံတွေက မတူဘူး။ ဘယ်ဘက်ဦးနှောက်က အချက်အလက်တွေကို မှတ်သားတဲ့နေရာမှာ ဖြည်းဖြည်းချင်းမှတ်သားတယ်။ တစ်ခုပြီးမှ တစ်ခု မှတ်သားတယ်။ ဒါပေမယ့် ညာဘက်ဦးနှောက်ကကြတော့ သူက Image Brain ပုံရိပ်ဖော်တဲ့ ဦးနှောက်ဖြစ်လို့ အချက်အလက်တွေကိုမြန်မြန်မှတ်သားတယ်။ တစ်ခါတည်းမှာ အများကြီး မှတ်သားနိုင်တယ်။ ဒါ့အပြင် Automatic Processing လည်း လုပ်နိုင်တယ်။ ဒါကြောင့် သင်ကြားတဲ့ပုံစံတွေကလည်း ကွာသွားတယ်။ ညီမတို့ရဲ့ Heguru မှာဆိုရင် ကလေးတွေ အသက် ၃နှစ်အောက်ကို ညာဘက်ဦးနှောက်ဖွံ့ဖြိုးဖို့ အဓိက Train လုပ်ပေးတယ်။ ၃နှစ်ဆိုရင်တော့ ဦးနှောက်ရဲ့ ဘယ်ရော၊ ညာရော နှစ်ခုလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးအောင်လုပ်ပေးပါတယ်။

**မေး: ဒီကျောင်းလေးက တခြားသင်တန်းကျောင်းတွေ မူကြိုတွေနဲ့ ဘာကွာခြားချက်ရှိပါသလဲ။**

ဖြေ: သူများကျောင်းတွေနဲ့ ဘာကွာခြားလဲဆိုရင် အားလုံးကွာခြားပါတယ်။ သင်ကြားပုံကလည်း လုံးဝမတူပါဘူး။ ဒီကျောင်းမှာက တစ်ပတ်ကို တစ်ချိန်၊ တစ်ချိန်မှာ မိနစ် ၅၀ သင်ပေးပါတယ်။ မိနစ် ၅၀ အတွင်းမှာလည်း တစ်မိနစ်ကို Lesson တစ်ခုနှုန်းနဲ့ Lesson အခု ၅၀ အနည်းဆုံးထည့်ပေးထားပါတယ်။ ညာဘက်ဦးနှောက်ကို လှုံ့ဆော်ဖို့အတွက်ဆိုရင် သူကမှတ်နိုင်စွမ်းရည်မြန်တဲ့အတွက် သင်ကြားနှုန်းကလည်း



High Speed ဖြစ်ဖို့လိုတယ်။ သမားရိုးကျ ပညာရေးတွေမှာ Nusury KG သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းအထိ ကလေးတွေကို ဖြည်းဖြည်းချင်းပဲသင်တယ်။ ကျယ်ကျယ်မပြောဘူး။ အမှန်တော့ အဲဒါတွေ အကုန်လုံးက ဘယ်ဘက်ဦးနှောက်ကနေပဲ ရသွားတာ။ ကြီးလာတဲ့အချိန်မှာ ဒီကလေးတွေက ဘယ်ဘက်ဦးနှောက်အားသာတဲ့သူတွေ ဖြစ်သွားလေ့ရှိတယ်။ Heguru ကကျတော့ ဦးနှောက်နှစ်ဖက်လုံး ပြိုင်တူ သင်ကြားပေးတာဖြစ်လို့ ဒီမှာတက်တဲ့ကလေးတွေအကုန်လုံးက ဦးနှောက်တစ်စုံလုံး အပြည့်အဝဖွံ့ဖြိုးတဲ့ ကလေးတွေဖြစ်လာပါတယ်။

**မေး: ညာဘက်ဦးနှောက်ဖွံ့ဖြိုးမှုက ကလေးတစ်ယောက်ကို ဘယ်လောက်အထိ အကျိုးဖြစ်ထွန်းနိုင်တာပါလဲ။**

ဖြေ: အများကြီးအကျိုးဖြစ်နိုင်ပါတယ်၊ လက်ရှိတော်တော်များများသော လူတွေက ဦးနှောက်ကို 100% အပြည့်အဝ အသုံးမချကြဘူး။ လူတွေက ကွန်ပျူတာကို တီထွင်ကြတယ်။ ဒါပေမယ့် ဦးနှောက်ကတော့ ကွန်ပျူတာလောက် မြန်မြန်ဆန်ဆန်သေချာမတွက်ချက်နိုင်ဘူး။ ဒီ ညာဘက်ဦးနှောက်ကိုပါ ဖွံ့ဖြိုးစေနိုင်မယ်ဆိုရင် ဦးနှောက်တစ်ခုလုံး အပြည့်အဝအသုံးချနိုင်သွားမှာဖြစ်တဲ့အတွက် ကလေးငယ်တွေက ကွန်ပျူတာနဲ့တွက်ရတဲ့ ကိန်းဂဏန်းအချက်အလက်တွေကို စိတ်နဲ့ အလွယ်တကူ တွက်နိုင်လာမယ်။ မှတ်ဉာဏ်အရမ်းကောင်းမယ်။ ပြီးတော့ ဒီ Heguru မှာ စံတစ်ခုရှိတယ်၊ အဲဒါက Hado reading လို့ခေါ်တယ်။ အဲဒါက ကလေးတွေကို အသက် ၇ နှစ်နဲ့ ၁၁ နှစ်ကြားမှာသင်ပေးတဲ့ စာအုပ်ဖတ်နည်းပါ။ ဒီမှာက Speak Training ကို အဓိကလုပ်ပေးတာဖြစ်လို့ ငယ်ငယ်တည်းက မိနစ် ၅၀ အတွင်း activities အခု ၅၀ သင်ပေးထားတော့ အရှိန်လေးကရနေတယ်။ အဲဒီအရှိန်နဲ့ဆက်သွားရင်ကြီးတဲ့အခါ စာအတူကျက်ရင် သူများက ၁၀ ရက်နဲ့ကျက်ရတဲ့စာကို သူက ၁ရက်တည်းနဲ့ ရနေလိမ့်မယ်။ ရေကူး၊ အားကစားတွေမှာလည်း သူက နားလည်လွယ်တယ်၊ သင်ရတာ အရမ်းမြန်တယ်။ ခဏလေးမှာ အချက်အလက်တွေ အများကြီးကို ခေါင်းထဲမှာ မှတ်နိုင်တယ်။ Hado Reading ဆိုတာကတော့ စာအုပ်ထဲကစာရွက်တွေကို အမြန်လှန်လိုက်တာနဲ့ ဒီစာအုပ်ထဲမှာ ဘာတွေပါတယ်ဆိုတာကိုသိတာ။ အဲဒါက အရမ်းထူးဆန်းပေမယ့် ဂျပန်မှာဆိုရင် လုပ်နိုင်တဲ့သူတွေ အများကြီးပဲ။ ကမ္ဘာမှာ Right Brain ကျောင်းတွေက အများကြီးရှိပေမယ့် Hado နည်းကိုတော့ Heguru ကပဲ မွေးထုတ်ပေးနိုင်တယ်။

**မေး: ဒီကျောင်းမှာတက်ပြီး ဘယ်အချိန်လောက်ဆိုရင် Hado Reading လုပ်နိုင်မှာပါလဲ။**

ဖြေ: အသက် ၆ လကနေ စတက်လာတဲ့ကလေးက အသက် ၇ နှစ်ကနေ ၁၁ နှစ်လောက်အထိရောက်ရင် လုပ်နိုင်ပါပြီ။

**မေး: ဒီမှာလက်ခံသင်ကြားပေးတဲ့ အသက်အပိုင်းအခြားကရော။**

ဖြေ: အသက် ၆လကနေ အသက် ၁၁ နှစ်အထိပါ။ ဒါပေမယ့် သင်ရိုးကတော့ အမျိုးမျိုးရှိတယ်။ မိခင်ကိုယ်ဝန် ၄ လကနေစပြီး တက်လို့ရတယ်။ တစ်ချိန်ကို ၂ နာရီရှိတယ်။ ပထမတစ်ချိန်မှာ ကိုယ်ဝန်ဆောင် ယောဂကျင့်တယ်။ ဒုတိယတစ်ချိန်ကြတော့ ကိုယ်ဝန်ဆောင်တွေရဲ့ ဦးနှောက်ပွင့်လင်းလာဖို့နဲ့ ဗိုက်ထဲက သန္ဓေသားလေးလည်း ဦးနှောက်ပွင့်လင်းစေမယ့် လေ့ကျင့်ခန်းမျိုး လုပ်ပေးပါတယ်။ ကလေးတွေက သန္ဓေသားဘဝမှာတည်းက အသိဉာဏ်က စပြီးဖွံ့ဖြိုးတာလေ။

**မေး: အချိန်တွေကရောရှင့်။**

ဖြေ: ဒီမှာက Prenatal Education ဆိုရင် အပြီးအစီး ၄ ကြိမ်တက်ရင် လုံလောက်ပြီ။ တစ်ချိန်မှာ ၂နာရီတက်ရမှာပါ။ အဲဒီအတန်းကတော့ အခုမဖွင့်သေးဘူး။ လက်ရှိဖွင့်ထားတာက Infant and Toddlers Class ရှိတယ်။ အဲဒါက အမေနဲ့ ကလေးအတူတူတက်ရတဲ့သင်တန်းပါ။ အဲဒါက မွေးစကနေ အသက် ၆ နှစ်အထိ တက်လို့ရတယ်။ ပြီးတော့ Pre-school ရှိတယ်။ အဲဒါကတော့ အသက် ၄ နှစ်ကနေ ၆ နှစ်အထိ သင်ပေးနေတာပါ။ Primary class ဆိုတာလည်းရှိတယ်။ အဲဒါက အသက် ၇ နှစ်ကနေ ၁၁ နှစ်အထိ တက်လို့ရတယ်။ ခုနပြောတဲ့ Hado Reading က Primary Class မှာ ပါတာပါ။

**မေး: ဈေးနှုန်းသတ်မှတ်ချက်တွေကရော ဘယ်လိုရှိတာပါလဲ။**

ဖြေ: သင်တန်းမှာ စနေ၊ တနင်္ဂနွေနဲ့ ကြာသပတေး၊ သောကြာ ဆိုပြီး တစ်ပတ်ကိုနှစ်ရက်တက်ရတဲ့ အချိန်နှစ်မျိုးရှိတယ်။ Infant and Toddler တန်းက စနေ၊ တနင်္ဂနွေတန်းဆိုရင် တစ်လကို ဒေါ်လာ ၃၅၀ နဲ့ ကြာသပတေး၊ သောကြာတန်းတွေဆိုရင် တစ်လကို ဒေါ်လာ ၂၈၀ ကျသင့်ပါတယ်။ Pre-school နဲ့ Primary တန်းတွေကတော့ အခုမဖွင့်သေးဘူး။ အဲဒီအတန်းတွေကလည်း တစ်လကို အမေရိကန်ဒေါ်လာ ၃၀၀



ကနေ ၅၀၀ ကြားသတ်မှတ်သွားဖို့ ရှိပါတယ်၊ သင်ရိုးကတော့ ဂျပန်က သင်ရိုးကိုပဲ မြန်မာ့ရိုးရာနဲ့ ပြန်ပြီးညှိသင်ပေးတာပါ။

**မေး: ကလေးငယ်တွေကို ငယ်တုန်းတည်းက Right Brain မသင်ဖြစ်ခဲ့လို့ အသက်ကြီးမှ သင်လို့ရတာမျိုးရောရှိလား။**

ဖြေ: ကလေးတွေ ငယ်တုန်းမသင်ခဲ့ဘဲ ကြီးမှသင်မယ်ဆိုတာက အတိုင်းအတာတော့ရှိပါတယ်။ ကလေးငယ်တွေက မွေးစကနေ အသက် ၂၀ အတွင်းမှာ ဖွံ့ဖြိုးတယ်၊ ဒါပေမယ့် ဦးနှောက်ဘယ်ဘက်၊ ညာဘက်နဲ့ ရုပ်ပိုင်းဆိုင်ရာ Sexual ပိုင်းဆိုင်ရာတွေရဲ့ ဖွံ့ဖြိုးမှု ပုံစံ မတူဘူး။ ကလေးတွေက မွေးကတည်းက ညာဘက်ဦးနှောက်က ပိုပြီး Powerful ဖြစ်နေတာတွေ့ရတယ်။ အဲဒါကို သက်သေပြနေတဲ့ အချက်က ကလေးတွေ အကုန်လုံးက မသင်ပေးဘဲ တတ်နေတာမျိုးပါ။ သူတို့က Image တွေကို ပုံရိပ်ဖော်ပြီး မှတ်လိုက်တဲ့အတွက် ပိုလည်း မှတ်မိလွယ်တယ်။ ဘယ်ဘက်ဦးနှောက်ကြတော့ အဲဒီမွေးစမှာ သိပ်ပြီး မဖွံ့ဖြိုးသေးဘူး။ သူကကြတော့ လေ့ကျင့်ရင်းနဲ့မှ တဖြည်းဖြည်း အားကောင်းလာတယ်။ ကလေးငယ် အသက် ၃ နှစ်ရောက်တဲ့အခါမှာ စာတွေသင်ပေးမယ်။ သင်တယ်ဆိုတာ အသံတိုးတိုးနဲ့ပဲ သင်တာလေ။ အဲဒါတွေကို ဘယ်ဘက်ဦးနှောက်က လိုက်မှတ်လိမ့်မယ်။ ဒါနဲ့ပဲ ဘယ်ဘက်ဦးနှောက်ရဲ့ ဖွံ့ဖြိုးမှုကပိုပြီး များလာတယ်၊ ညာဘက်ဦးနှောက်ကိုတော့ သိပ်ပြီး မလေ့ကျင့်သလို၊ အသုံးမချသလိုဖြစ်လာတဲ့ အခါကြတော့ မွေးစက အားကောင်းခဲ့တဲ့ ညာဦးနှောက်က Week ဖြစ်သွားတယ်။ ၆ နှစ်နောက်ပိုင်းလည်းရောက်ရော ညာဘက်ဦးနှောက်ရော၊ ဘယ်ဘက်ဦးနှောက်ကပါ တိုးတက်မှုနှုန်းက ပုံသေဖြစ်သွားတယ်။ ကျွန်မတို့ Heguru က ကလေးငယ်တွေကို မွေးကတည်းက ဘယ်ရော၊ ညာရော တပြေးညီဖွံ့ဖြိုးတိုးတက်အောင်၊ ညီမျှတဲ့ ဦးနှောက်ရအောင် သင်ကြားပေးတာပါ။ ငယ်ငယ်တည်းက Brain Exercise လုပ်သင့်ပြီး ကြီးမှ လုပ်လို့မရတာက ကလေးတွေမှာ ဦးနှောက်က ကိုယ်ခန္ဓာထက်အရင်ဖွံ့ဖြိုးတာဖြစ်လို့ပါ။ Right Brain အတွက် အကောင်း ဆုံးလေ့ကျင့်ချိန်က မွေးစကနေ အသက် ၁၀ နှစ်အထိပါပဲ။ ဒီကျောင်းမှာ ကလေးငယ်အသက် ၆ နှစ်မှ စသိလို့ လာထားဖြစ်ရင် လည်း မီပါတယ်။ ၆ လတည်းက တက်နေတဲ့ကလေးလောက်တော့ မရပေမယ့် လုံးဝမတက်ထားတဲ့ ကလေးထက်တော့ ၆နှစ်မှတက်တဲ့ ကလေးက သာနိုင်ပါတယ်။

**မေး: ကလေးတွေရဲ့တိုးတက်မှုကို ဘယ်လိုတိုင်းတာလဲ။**

ဖြေ: EQ နဲ့ SQ ကတော့တိုင်းတာဖို့ ခက်တယ်၊ IQ ကတော့ စတက်တည်းက ကလေးတွေကို IQ Test လုပ်ကြည့်တယ်။ ဒီမှာ မတက်တဲ့ကလေးတွေဆိုရင် ပျမ်းမျှအားဖြင့် ၉၀ ရတယ်၊ လူကြီးတွေဆိုရင် ၁၁၀ လောက်အထိရတယ်။ ဒါပေမယ့် Heguru မှာ ၆ လ လောက်တည်းက တက်လာတဲ့ကလေးက အသက် ၆ နှစ်နဲ့ ၁၀ နှစ်ကြားဝင်လာပြီဆိုရင် သူ့ရဲ့ IQ က ၁၂၀ ကနေ ၁၄၀ ကြားရောက်သွားတယ်။ တချို့အမြင်မှာ အမေအဖေတော်ရင် ကလေးတော်တယ် ဆိုပေမယ့် သာမန်ကလေးတွေကိုလည်း ဒီ Heguru ရဲ့ နည်းနဲ့ တိုးတက်လာအောင် စာတော်လာအောင် လုပ်ယူလို့ရပါတယ်။

**မေး: ညီမတို့ကျောင်းနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသေးလဲ။**

**ဖြေ** သင်တန်းပြီးဆုံးတဲ့သင်တန်းသားတွေ သင်တန်းမှာအချိန်မရွေး Data တွေအခမဲ့လာယူလို့ရပါတယ်။ နောက်ပြီးတော့ Update Data တွေလိုချင်တယ်ဆိုရင်လည်း လာယူနိုင်မှာပါ။ နောက်ပြီးတော့ သင်တန်းပြီးဆုံးတဲ့အခါ Exam စစ်ဆေးပေးမှာဖြစ်ပြီး သတ်မှတ်ထားသောအမှတ်ရရှိပါက ထပ်မံဖွင့်လှစ်မယ့်တန်းခွဲတွင် အခမဲ့တက်ရောက်လို့ရမှာဖြစ်ပါတယ်။ Exam မှာအောင်မြင်တဲ့သူကိုသာ သင်တန်းအောင်မြင်ပြီးဆုံးကြောင်းလက်မှတ် ပေးအပ်မှာဖြစ်ပါတယ်။ အောင်မြင်တဲ့သူတွေထဲက အလုပ်လုပ်ချင်တဲ့သူတွေရှိရင် ကျွန်တော်တို့နဲ့ ချိတ်ဆက်ထားတဲ့ Company များနဲ့ဆက်သွယ်ပေးပါတယ်။ တကယ်လို့ကိုယ်ပိုင်ဆိုင်ဖွင့်ချင်တယ်ဆိုရင်လည်း ဖြန့်ချိသူတွေနဲ့ ချိတ်ဆက်ပေးတာမျိုး၊ လိုအပ်တဲ့အကြံဉာဏ်ပေးတာမျိုးတွေ ပြုလုပ်ပေးပါတယ်။

**မေး** Regeneration Mobile Service And Training Center ရဲ့တည်နေရာကိုပြောပြပေးပါ။

**ဖြေ** ကျွန်တော့်ရဲ့ သင်တန်းကျောင်းတည်နေရာက အမှတ်(၃၅၀)၊ ပထမထပ်၊ ကျောက်မြောင်း၊ သီတာမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါတယ်။ သင်တန်းနဲ့ပတ်သက်ပြီး သိရှိလိုတာတွေရှိရင် ဖုန်း– ၀၉၄၅၁၃၄၈၉၉၃၅၊ ၀၉ ၉၆၉၇၇၁၀၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မှာဖြစ်ပါတယ်။

**မေး** ယခုလထဲမှာ တန်းခွဲအသစ်တစ်ခု ထပ်ဖွင့်ဖို့ စီစဉ်ထားပါသလား။

**ဖြေ** ဟုတ်ကဲ့ပါ။ တန်းခွဲအသစ်တစ်ခု ထပ်ဖွင့်ဖို့ ရှိပါတယ်။ ဧပြီ (၃၀)ရက်နေ့မှာ ထပ်မံဖွင့်လှစ်သွားပါမယ်။ ဒါ့အပြင် မေလ (၇)ရက်နေ့မှာလည်း တန်းခွဲအသစ်တစ်ခု ထပ်မံဖွင့်ဖို့ရှိပါတယ်။

**မေး** အစ်ကို့အနေနဲ့ ဘာတွေများထပ်မံဖြည့်စွက် ပြောကြားလိုပါသလဲ။

**ဖြေ** ကျွန်တော်တို့ဆီမှာက သင်တန်းသင်ပေးတာအပြင် Mobile Phone Service ဝန်ဆောင်မှုကိုပါ ပေးအပ်လျက်ရှိပါတယ်။ Software နဲ့ Hardware Error အမျိုးမျိုးကိုဖြေရှင်းပေးပြီး အထူးသဖြင့် Network Lock, EMMC လဲလှယ်တာတွေ LCD လဲလှယ်ခြင်းစတာတို့ကို ပြုလုပ်ပေးပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။

www.free4readers.com



# Apps & Games

ပရင်တာများဟာ ပုံနှိပ်စာရွက်စာတမ်းများကိုဒစ်ဂျစ်တယ်ဖိုင်အဖြစ် ပြောင်းလဲပေးနိုင်တဲ့အတွက် အလွန်အသုံးဝင်ပါတယ်။ ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ စမတ်ဖုန်းတစ်လုံးရှိရင် ပရင်တာများမလိုအပ်တော့ပါဘူး။ ဒီတစ်ပတ် Mobile User Guide ကဏ္ဍမှာပုံနှိပ်စာရွက်စာတမ်းများကို PDF ဖိုင်အဖြစ် ပြောင်းလဲပေးမယ့် Adobe Scan၊ SMS များကိုတစ်နေရာတည်း ကနေစီမံခန့်ခွဲနိုင်တဲ့ Messenger Home နဲ့ ဘဝကြင်ဖော်ရှာပေးတဲ့ Tinder တို့ကို ဖော်ပြပေးလိုက်ပါတယ်။




## Messenger Home

Messenger Home ဟာ သင့်ရဲ့ SMS များကို တစ်နေရာတည်းကနေ စီမံခန့်ခွဲနိုင်တဲ့ Messaging App ဖြစ်သလို Launcher တစ်ခုလည်း ဖြစ်ပါတယ်။ သင့်ရဲ့ Contacts များကို လျင်မြန်စွာရှာဖွေနိုင်အောင် အရောင်များဖြင့် ခွဲခြားပြသပေးထားပါတယ်။ SMS များအပြင် သူက Favorite Apps များကို လျင်မြန်စွာသုံးနိုင်ခြင်း၊ အင်တာနက်မှာရှာဖွေခြင်းများကိုလည်း ပြုလုပ်ပေးနိုင်ပါတယ်။ သူဟာလျင်မြန်ပေါ့ပါးပြီး User Interface ကရိုးရှင်းပါတယ်။ သူ့မှာရှာဖွေမှုများ ပြုလုပ်ရတာလည်း အလွန်လျင်မြန်ပါတယ်။ လက်ဖြင့် တစ်ချက်ပွတ်ဆွဲလိုက်တာနဲ့ မက်ဆေ့များကိုတွေ့မြင်နိုင်တာက အသုံးဝင်ပါတယ်။ Active Sync နည်းပညာက စကရင်တစ်ခုတည်းမှာ မက်ဆေ့များအားလုံးကို စဉ်ဆက်မပြတ်မြင်နိုင်အောင် ကူညီပေးပါတယ်။ သူ့မှာအသံဖြင့် အင်တာနက်မှာ ရှာဖွေမှုများပြုလုပ်နိုင်တဲ့ Optimized Voice to Text စွမ်းရည်လည်းပါပါတယ်။

## Tinder

Tinder က နာမည်ကျော်ရည်းစားရှာဖွေတဲ့ ဝန်ဆောင်မှု ဖြစ်ပါတယ်။ သူ့ကိုအသုံးပြုဖို့ Facebook အကောင့်တစ်ခုလိုအပ်ပါတယ်။ သူက သင့်ရဲ့ Facebook အကောင့်မှ အမည်၊ အသက်အရွယ်၊ ပရိုဖိုင်ဓာတ်ပုံ၊ သင့်လိပ်စာများကိုရယူမှာဖြစ်ပြီး သင်နဲ့ကိုက်ညီတဲ့ကြင်ဖော်ကို ရှာဖွေပေးမှာဖြစ်ပါတယ်။ သင်က Main Profile Picture အပြင် အပိုဓာတ်ပုံငါးခုအထိ တင်ထားနိုင်ပါတယ်။ Facebook မှသာမက Tinder App ကနေလည်း သင့်ဓာတ်ပုံများကိုတင်နိုင်ပါတယ်။ သင်နှစ်သက်တဲ့လူများနဲ့စကားပြောခြင်း၊ မိတ်ဖွဲ့ခြင်းများပြုလုပ်နိုင်ပါတယ်။ သူကသင့်အားသင်နှစ်သက်နိုင်မယ့် ကြင်ဖော်ကို တစ်ဦးသာပြသမှာဖြစ်ပါတယ်။ သင်မနှစ်သက်ရင် ကြက်ခြေခတ်ခလုတ်ကိုနှိပ်ခြင်း သို့မဟုတ် ဘယ်ဘက်သို့ ပွတ်ဆွဲခြင်းများပြုလုပ်၍နောက်တစ်ဦးအားကြည့်ရှုနိုင်ပါတယ်။ သင်နှစ်သက်ရင်တော့ ညာဘက်ကိုပွတ်ဆွဲပါ။ သူကလည်းသင့်ကို နှစ်သက်ရင်စပြီး Chat နိုင်ပါပြီ။ သူက သင်နှစ်သက်နိုင်မယ့် လူများကိုတွေ့ရင်လည်း Notification များ ပေးပို့ပေးပါတယ်။







## Adobe Scan : PDF Scanner , OCR

Adobe Scan ဟာ သင့်စမတ်ဖုန်းကို Portable PDF Scanner အဖြစ် အသွင်ပြောင်းပေးပေးနိုင်ပါတယ်။ ငွေလက်ခံရရှိတဲ့ ဖြတ်ပိုင်းများ၊ စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ စီးပွားရေးလုပ်ငန်းကတ်များအားလုံးကိုစကင် ပြုလုပ်ပေးနိုင်ပါတယ်။ သူ့ကိုအသုံးပြုဖို့ Adobe အကောင့်တစ်ခုလိုအပ်ပါတယ်။ သူကစကင် ပြုလုပ်ထားတဲ့ အရာများကိုနောက်ပိုင်းမှာအသုံးပြုနိုင်အောင် Adobe PDF အဖြစ် ပြောင်းလဲပေးပါတယ်။ သူ့ကို Google Play Store ကနေအခမဲ့ ရယူနိုင်ပါတယ်။ နာမည်ကျော် Adobe ကုမ္ပဏီကဖန်တီးထားခြင်းဖြစ်ပါတယ်။ သူ့ကိုပထမဆုံးအကြိမ်ဖွင့်ရင် စာမျက်နှာသုံးခုပါတဲ့ Welcome Slideshow တစ်ခုကို ပြသမှာဖြစ်ပါတယ်။ အဲဒီနောက်မှာသင့်ရဲ့ Adobe အကောင့်ကို Sign In ပြုလုပ်ရမှာဖြစ်ပါတယ်။ Camera View ဖြင့် သူကပြသမှာဖြစ်ပြီး စာရွက်စာတမ်းကို Focus ပြုလုပ်ဖို့ပြောမှာပါ။ သူက စာရွက်စာတမ်းကိုအာရုံခံမိရင် စကင်ပြုလုပ်မယ့် ဧရိယာကိုလေးထောင့်ဘောင်ထဲကိုဝင်အောင် ဖုန်းကိုချိန်ရွယ်ရမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ သူကဓာတ်ပုံရိုက်လိုက်မှာ ဖြစ်ပါတယ်။ သူကအဲဒီဓာတ်ပုံကိုစကရင်ရဲ့ ညာဘက်အောက်ထောင့်မှာ Thumbnail အနေဖြင့် ပြသမှာဖြစ်ပါတယ်။ အဲဒါကိုတစ်ချက်နှိပ်ပြီး Adobe Document Cloud Online Storage မှာ Adobe PDF Document အနေဖြင့် သိမ်းဆည်းနိုင်ပါတယ်။ App က စာသားများကိုသိနားလည်တဲ့ Optical Character Recognition (OCR) နည်းပညာကို အသုံးပြုထားပါတယ်။ စကင်ပြုလုပ်ထားတဲ့ဓာတ်ပုံများအား Preview, Reorder, Crop, Rotate, Adjust Color စတဲ့ အလုပ်များပြုလုပ်နိုင်ပါတယ်။ အဆင့်မြင့် ဓာတ်ပုံနည်းပညာက ဘောင်ဒါလိုင်းများကိုအလိုအလျောက် သိနားလည်ပြီး စကင်ပြုလုပ်ထားတဲ့ အရာများကို ပိုမိုကြည်လင်ပြတ်သားစေပါတယ်။ မိုဘိုင်းစကင်နာဖြစ်တဲ့အတွက် ဖုန်းရှိတဲ့နေရာတိုင်းမှာ သူ့ကိုအသုံးပြုနိုင်ပါတယ်။ သူကစာရွက်စာတမ်းများစွာကို တစ်ပြိုင်နက် စကင်ပြုလုပ်ပေးနိုင်ပြီးခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ သိမ်းဆည်းနိုင်ပါတယ်။ သူကသင့်စမတ်ဖုန်းမှ စာရွက်စာတမ်းများကို အလိုအလျောက်ရှာဖွေပေးနိုင်ပြီး PDF ဖိုင်အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။

## Game Review

### Peko Peko Sushi

Size : 310MB

ပျော်စရာဂိမ်းတစ်ခုဖြစ်လာဖို့ ဖန်တီးနိုင်စွမ်းပဲလိုတယ်ဆိုတာ သက်သေပြခဲ့တဲ့ ဂိမ်းတစ်ခုပါ။ လက်ရှိကာလမှာ အစားအသောက်တည်ခင်းဧည့်ခံတဲ့ဂိမ်းတွေ အထူးခေတ်စားနေပါတယ်။ Peko Peko Sushi ဟာ သင့်ကို Sushi လုပ်ခိုင်းမှာမဟုတ်ဘဲ 1980 ဝန်းကျင်က Arcade ဂိမ်းတွေရဲ့ ခံစားချက်မျိုးကို ပေးပါတယ်။ သင်ဟာ Operator အဖြစ် ကစားရမှာဖြစ်ပြီး belt သုံးခုမှာ အမျိုးအစားမတူတဲ့ Sushi (4) မျိုးစီပါဝင်ပါတယ်။ ဝယ်ယူလိုချင်တဲ့ Sushi ကိုသူတို့ဆီအရောက်ပို့ပေးရပါတယ်။ ရက်တစ်ရက်ချင်းမှာ သတ်မှတ်ထားတဲ့ အချိန်တစ်ခုထိကြာပြီး ဝယ်သူတွေမကျေနပ်ရင် စိတ်ဆိုးပြီးထွက်သွားတာမျိုးကိုကြုံရပါလိမ့်မယ်။ တစ်ပတ်စာရမှတ်ကို အများဆုံးရယူထားရမှာဖြစ်ပါတယ်။ Golden Dishes တွေလာခဲ့ရင် ဝယ်သူအသစ်၊ sushi အသစ်တွေ၊ ဆိုင်ကိုပြင်ဆင်ပြောင်းလဲတာတွေ လုပ်နိုင်ပါလိမ့်မယ်။ ဒီနည်းနဲ့ Unlock လုပ်နိုင်တာတွေအများကြီးရှိပြီး အများစုဟာ အလှဆင်ရုံသက်သက်ဆိုပေမယ့် gameplay ပေါ်သက်ရောက်တဲ့ ကိစ္စတွေလည်းရှိပါတယ်။ Peko Peko Sushi ဟာ ခပ်သွက်သွက်ကစားဖို့လိုအပ်တဲ့ဂိမ်းတစ်ခုပဲဖြစ်ပါတယ်။




## Local Update




ယခုအပတ်အတွင်း PC ဂိမ်းသစ်များအဖြစ် Car Mechanic Simulator 2018 ရဲ့ Version 1.5 ထွက်ရှိလာပြီး ကားပြင်ဆင်သူနှင့် customize ပြုလုပ်သူ Mechanic တစ်ယောက်နေရာမှ ကစားရမှာဖြစ်ပြီး သဘာဝကျသော ပြင်ဆင်မှုနှင့်ရွေးချယ်မှုများကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယခင် PlayStation exclusive Open World Action RPG ဂိမ်း Sword Art Online: Hollow Fragment ၏ PC Version လည်း ဆက်လက်ဝင်ရောက်လာပြီး ကစားသူဟာ Kirito နေရာဝင်ရောက်၍ SAO ဂိမ်းအတွင်းရှိ Floor 76 ကနေ 100 အတွင်းမှရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရမှာဖြစ်သလို Hollow area အမည်ရ နယ်မြေသစ်အတွင်းမှ item အသစ်များ ဇာတ်ကောင်သစ်များနှင့် တွေ့ဆုံနိုင်မှာဖြစ်ပါတယ်။ PS4 မှာပဲ exclusive ထွက်ရှိလာမည့် God of War 2018 ကိုလည်း pre-order ပြုလုပ်နိုင်ပြီဖြစ်ပြီး အရင် Greek mythology ကို အခြေခံထားတဲ့ ဇာတ်ကောင်တွေအစား Thor တို့ Odin တို့လို နတ်ဘုရားတွေပါဝင်တဲ့ Norse mythology ကိုအခြေခံထားလို့ လုံးဝပုံစံသစ်နဲ့ကစားရမည့် Action ဂိမ်းဖြစ်ပါတယ်။ GAME HIVE ဖုန်းနံပါတ် 09 73118550 နှင့် 01 392103 သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## GameConsoles Price

| | |
|---|---|
| **PlayStation** | |
| PS4 Slim 500GB | - 450,000 |
| PS4 Slim 1TB | - 490,000 |
| PS4 Pro 1 TB | - 640,000 |
| PSVita Slim (3G-WiFi) | - 330,000 |
| PS3 Original Controller | - 35,000 |
| PS4 Original Controller | - 75,000 |
| PS3 Game install | - 2,500 |
| **XBOX** | |
| Xbox 360 Original Controller | - 65,000 |
| Xbox 360 Original Wired Controller | - 25,000 |
| Xbox 360 game dics/install | - 2,500 |
| **Nintendo** | |
| Nintendo Switch Console | - 520,000 |
| New Nintendo 3DS XL (NTSC-U) | - 330,000 |
| **PCGame** | - 1,000 |

Source : Game Hive (09-73118550, 09-5417272)

www.free4readers.com






" Post တင်တတ်၊ ကြော်ငြာထည့်တတ်ရင် Digital Marketer ဖြစ်ပြီလို့ ခံယူမယ့်အစား စာအရေးအသားကောင်းကောင်း၊ ဒီဇိုင်းကောင်းကောင်းနဲ့ အကြောင်းအရာပိုင်းကိုအားစိုက်ဖို့ ပိုလိုလာပြီလို့မြင်ပါတယ်..... "

## AMARA DIGITAL MARKETING AGENCY ၏ Head of Operations

# မချမ်းမြေ့ခိုင် နှင့် တွေ့ဆုံခြင်း

**မေး** **အခုလက်ရှိညီမလေးလုပ်ကိုင်နေတဲ့ လုပ်ငန်းအပိုင်းလေးတွေကို တစ်ချက်လောက် မိတ်ဆက်ပေးပါဦး။**

**ဖြေ** ၂၀၁၃ကတည်းက လုပ်ခဲ့တဲ့ Digital Marketing Agency ကို ပဲဆက်လုပ်နေပါတယ်။ အခုနောက်ပိုင်းတော့ Digital ချည်းပဲ သီးသန့်မဟုတ်တော့ဘဲ Offline နဲ့ Online ချိတ်တာမျိုးတွေအပါအဝင် ဗီဒီယိုထုတ်လုပ်ရေးနဲ့ ပွဲစီစဉ်တာတွေပါ အကုန်လုပ်ပေးနေပါပြီ။

**မေး** **ပြည်တွင်းအတွက် ဒစ်ဂျစ်တယ်မားကတ်တင်းမှာ ဘာတွေကို သုံးနေကြတာများပါသလဲ။**

**ဖြေ** မြန်မာပြည်မှာကတော့ သုံးစွဲသူဆီသွားဖို့ကလစ်ဉ် သုံးစွဲသူ ၁၈ သန်းရှိတဲ့ Facebook (စုစုပေါင်းသုံးတဲ့သူမဟုတ်ပါဘူး။ လတိုင်း လတိုင်းပျမ်းမျှ အကောင့် ၁၈သန်းဝင်သုံးနေတာပါ)ကို မကျော်နိုင်သေးပေမယ့် တဖြည်းဖြည်းနဲ့ တခြားနေရာတွေမှာလည်း လူများလာပါပြီ။ Instagram နဲ့ Youtube က ဒီဘက်နှစ်တွေမှာ တော်တော်တက်လာပါတယ်။ LinkedIn မှာလည်း မြန်မာပြည်ကမှန်မှန်ဝင်သုံးတာ ၃၀၀၀၀၀ နီးပါးထိ ရှိလာတာတွေ့ရပါတယ်။ အရင်နှစ်တွေနဲ့စာရင် Website ဝင်ကြည့်တဲ့သူတွေလည်းများလာပါပြီ။

**မေး** **လတ်တလော Facebook နဲ့ပတ်သက်ပြီး Trend တွေဘာတွေ ပြောင်းလာတာမျိုး သတိထားမိတာရှိပါသေးလား။**

**ဖြေ** Facebook မှာက ကိုယ့်လုပ်ငန်းစာမျက်နှာမှာပဲ ပို့စ်တင်၊ ကြော်ငြာထည့်ဆိုတာမျိုးက ၂၀၁၅ မှာကျန်ခဲ့ပါပြီ။ ကိုယ့်အလုပ်အပေါ် ဂရုစိုက်တဲ့သူတွေကတော့ သမားရိုးကျဝန်ဆောင်မှုချည်းပဲ မဟုတ်တော့ဘဲ ကိုယ်ဝန်ဆောင်မှုပေးရတဲ့ အမှတ်တံဆိပ်ကို ဘယ်လိုမျိုးဖန်တီးမှု ကောင်းကောင်းတွေနဲ့ ထိထိရောက်ရောက် ရလဒ်ရောက်အောင် လုပ်ပေးမလဲစဉ်းစားကြပါတယ်။ Facebook ပေါ်က လုံးလုံးထွက်လို့မရသေးဘူးဆိုရင်တောင် Messenger Bot တွေ သုံးတာ၊ Offline မှာ လုပ်နေတာတွေနဲ့ Online ကို အပြောနဲ့မဟုတ်ဘဲ တကယ့်နည်းပညာတွေသုံးပြီး ချိတ်ပေးတာမျိုးလုပ်လာကြပါတယ်။

**မေး** **လက်ရှိပြည်တွင်းက ဒစ်ဂျစ်တယ်မားကတ်တင်း Trend အပြောင်းအလဲတွေဘာတွေ ရှိနေပြီလို့ မြင်မိပါသလား။**

**ဖြေ** တအားကြီးမပြောင်းလဲသေးပေမယ့် ၂၀၁၄၊ ၂၀၁၅နဲ့ စာရင်တော့ လူတွေရဲ့ကြော်ငြာတွေအပေါ် စိတ်ဝင်စားမှုက အနည်းနဲ့အများလျော့ကြလာပါပြီ။ Facebook ကိုယ်တိုင်ကလည်း ကြော်ငြာခ ပိုလိုချင်တဲ့အတွက် မကြော်ငြာဘဲ မြင်ရမယ့်လူအရေအတွက် (Organic Reach) တွေကိုလျှော့ပစ်တာ၊ "ဘာဖြစ်ရင် like" ဆိုတဲ့ အပေါစားပို့စ်မျိုးကိုလူမြင်တာနည်းအောင် လုပ်တာမျိုးလုပ်လာပြီဆိုတော့ ပြည်တွင်းက ဒီနယ်ပယ်မှာလုပ်နေတဲ့သူတွေလည်း ပိုပြီးတော့အရေးအသားကောင်း ဖန်တီးနိုင်စွမ်းအားကောင်းတဲ့ အကြောင်းအရာတွေကို ဖန်တီးဖို့လိုလာပါတယ်။ ပို့စ်တင်တတ်၊ ကြော်ငြာထည့်တတ်ရင် Digital Marketer ဖြစ်ပြီလို့ခံယူမယ့်အစား စာအရေးအသားကောင်းကောင်း၊ဒီဇိုင်းကောင်းကောင်းနဲ့ အကြောင်းအရာပိုင်းကိုအားစိုက်ဖို့ ပိုလိုလာပြီလို့မြင်ပါတယ်။

**မေး** **နိုင်ငံတကာရဲ့ ဒစ်ဂျစ်တယ်မားကတ်တင်း Trend မှာရော ပြောင်းလဲမှုရှိနေပါပြီလားရှင့်။**

**ဖြေ** နိုင်ငံတကာမှာက Facebook သုံးတာကနောက်ဆုံး Cambridge Analytica ပြဿနာမဖြစ်ခင်ကတည်းက ကိုလျော့ကျနေပါပြီ။ အခုဆို Facebook ကိုယ်တိုင်ကလည်းသူဝယ်ထားတဲ့ Instagram နဲ့ Whatsapp မှာ ကြော်ငြာတွေကောင်းကောင်းထည့်လို့ရအောင် ပိုအားထုတ်နေတာတွေ့ရပါတယ်။ နိုင်ငံတကာမှာအကြောင်းအရာပိုင်းဆိုရင် ဗွီဒီယိုတွေကိုအဆင့်မြင့်မြင့် ဖန်တီးလာကြပြီးတော့ နည်းပညာအပိုင်းဆိုရင် Online နဲ့ Offline ချိတ်တာကိုသူများနဲ့ မတူဘဲတစ်မူထူးအောင် အားထုတ်လာကြပါတယ်။

**မေး** **ပြည်တွင်းက ဆိုရှယ်မီဒီယာအသုံးပြုမှုကရော ဘယ်လိုရှိပါသလဲ။**

**ဖြေ** ပြည်တွင်းမှာကတော့ အစိုးရသတင်းထုတ်ပြန်တာကအစ သတင်းအတုတွေ အဆုံး Facebook ပေါ်မှာပဲ ဖြစ်ပျက်နေတာဆိုတော့ Facebook ကိုပဲ အများဆုံးသုံးနေကြတာပါပဲ။ အသက် ၁၈ နှစ်အောက်ကလေးတွေကတော့ TikTok လို ရိုးရှင်းပြီးလူငယ်တွေကြားရေပန်းစားတဲ့ အကြောင်းအရာမျိုး ဖန်တီးနိုင်တဲ့ လူမှုကွန်ရက်တွေကို ပိုစိတ်ဝင်စားကြပါတယ်။ အင်တာနက် ခုမှကောင်းကောင်းစသုံးရတဲ့ နယ်မြို့တွေမှာတော့ Facebook ကိုသိပ်ပြီးမကျော်နိုင်သေးပါဘူး။

**မေး** **Page တစ်ခုရဲ့ Post က Boost လုပ်နေပေမယ့် Reach ကျတာမျိုးတွေ၊ တချို့ကြတော့လည်း ရွေးချယ်လိုက်တဲ့ Target မမှန်တာမျိုး ရှိကောင်းရှိမယ်။ အဲလိုလူတွေအနေနဲ့ ပိုက်ဆံကုန်တာနဲ့အညီထိရောက်အောင် ဘယ်လိုလုပ်သင့်တာပါလဲ။**

**ဖြေ** အခု Digital Marketing လို့ တွင်တွင်အော်နေကြတဲ့ လူတွေရဲ့ ပြဿနာကကြော်ငြာထည့်နည်း၊ Credit Card သွင်းနည်း အဲလိုမျိုးအခြေခံသေးသေးလေးတွေကိုပဲ တအားအာရုံထားပြီး တကယ်အရေးကြီးသည့်အပိုင်းဖြစ်တဲ့ အရေးအသားစွမ်းရည်ကိုမေ့ထားကြပါတယ်။ "စာဘယ်လိုရေးရေး စာဖြစ်သွားရင် ပြီးတာပဲ" လို့ တွေးပြီးကြော်ငြာထည့်လိုက်ရင် လူမြင်မှာပဲထင်တာမျိုးကတကယ်တော့ တအားမှားပါတယ်။ လူတစ်ယောက်ရဲ့ Facebook Newsfeed မှာတက်နေတဲ့ ကြော်ငြာထည့်ထားတဲ့၊ မထည့်ထားတဲ့ပိုစ့်တွေ အများကြီးကြားမှာ ကိုယ့်ပို့စ်ကိုလူစိတ်ဝင်စားမိအောင်ကဖန်တီးနိုင်စွမ်းလိုပါတယ်။ သူများနဲ့မတူဘဲအစ တစ်ကြောင်းဖတ်လိုက်တာနဲ့ ဖတ်တဲ့သူကိုစိတ်လှုပ်ရှား ကြည်နူးပြီးအဆုံးထိဖတ်ချင်အောင် စာရေးနိုင်တဲ့စွမ်းရည်မျိုး၊ ဒီဇိုင်းတစ်ခုကို ကြည့်လိုက်တာနဲ့ ကိုယ့်အမှတ်တံဆိပ်/ အဖွဲ့အစည်း/ ကုန်ပစ္စည်းကိုချစ်လာအောင် ဖန်တီးနိုင်တဲ့စွမ်းရည်မျိုးရှိပြီးမှ ကြော်ငြာတဲ့အဆင့်ကို သွားရပါမယ်။ အကြောင်းအရာ၊ အရေးအသားတကယ်ကောင်းနေရင် ကြော်ငြာတဲ့အခါမှာလည်းပိုပြီးတော့ ထိရောက်ပါတယ်။ Target မှန်အောင်ကတော့ ကိုယ့်ပစ္စည်း/ဝန်ဆောင်မှုကိုသုံးမယ့်သူတွေ ဘယ်သူတွေဖြစ်လဲ အတိအကျစဉ်းစားပြီးမှ အဲဒါနဲ့ အနီးစပ်ဆုံး Target ကိုရွေးဖို့ လိုပါတယ်။ အခုနောက်ပိုင်းမှာ Facebook က Target ထားလို့ရတဲ့ဘောင်ကိုလည်း ပြန်ကျဉ်းပစ်လိုက်တော့ ကြော်ငြာတစ်ခုကိုပဲအားကိုးနေရင်တော့ သိပ်ပြီးထိရောက်တော့မှာမဟုတ်ပါဘူး။

**မေး** **အခုပြည်တွင်းကလူတွေက Facebook ကိုပဲ အဓိကထားနေကြတယ်။ အခုနောက်ပိုင်း Facebook ရဲ့ Trend ပြောင်းတာက ဘယ်လိုအချက်တွေကြောင့်လို့ မြင်မိပါသလဲ။**

**ဖြေ** Facebook မှ မဟုတ်ပါဘူး။ လူမှုကွန်ရက် ပလက်ဖောင်းတစ်ခုခုကိုမှီခိုနေသရွေ့က အပြောင်းအလဲကတော့ အမြဲရှိနေမှာပဲ။ Facebook မှာဆို နောက်ဆုံးဖြစ်တဲ့ Cambridge Analytic ပြဿနာဆို ခုထိဖြစ်သမျှထဲ အကြီးဆုံးပေါ့လေ။ အစိုးရတွေရဲ့ ဖိအားတွေလည်းပါလာ၊ စကာပူမှာလည်း လွှတ်တော်မှာသွားရှင်းရ၊ အင်ဒိုနီးရှားမှာဆိုလည်း Facebook ကို ပြဿနာတွေ သေချာမရှင်းရင် ပိတ်ပစ်မယ်ခြိမ်းခြောက်ခံရဆိုတော့ သူတို့ဘက်ကလည်း လိုအပ်သလိုပြောင်းမှာပါပဲ။ အဲဒီလိုအခြေအနေမှာ ကြော်ငြာထည့်ရခက်တာ၊ ပိုက်ဆံမသုံးရင် လူမြင်ဖို့ခက်တာတွေကလည်း ဖြစ်လာမှာပါပဲ။ စင်္ကာပူမှာဆို နာမည်အကြီးဆုံး blogger ရဲ့ပျမ်းမျှ post like က ရာဂဏန်းပဲရှိပါတယ်။ Facebook ကြော်ငြာခကလည်း မြန်မာပြည်မှာထက် ၆ဆ၊ ၇ဆ ဈေးကြီးပါတယ်။ မြန်မာပြည်မှာလည်းလူတွေကပညာပိုတတ်လာတာ၊ နည်းပညာနဲ့ ပိုရင်းနှီးလာတာနဲ့အမျှ ကြော်ငြာကလစ်နှိပ်တဲ့နှုန်းက ကျလာမှာဆိုတော့ ကြိုပြင်ထားဖို့တော့ လိုပါတယ်။ အဆိုးဆုံး Facebook မရှိတော့ရင် ဘာလုပ်ကြမလဲဆိုတာမျိုးအတွက်ပါ တကယ့်တိတိကျကျ အဖြေရှိနေပြီး ဖြစ်သင့်ပါတယ်။

**မေး** **Live လွှင့်တဲ့အခါမှာ တချို့ Page တွေကထိရောက်ပေမယ့် တချို့က မထိရောက်တာဘယ်လိုကြောင့်လို့ မြင်ပါသလဲ။**

**ဖြေ** အဲဒါကတော့ page မှာရှိပြီးသား like အရေအတွက်၊ Live လွှင့်တဲ့ အကြောင်းအရာစိတ်ဝင်စားဖို့ ကောင်း/မကောင်း၊ သူ့ page ကို like/follow လုပ်ထားတဲ့ လူတွေရဲ့ တုံ့ပြန်မှုသဘောသဘာဝတွေအပေါ် မူတည်ပါတယ်။ ရှိပြီးသားပရိသတ်က Live လွှင့်တာကို စိတ်မဝင်စားတဲ့ သူတွေချည်းဖြစ်နေရင် ထိရောက်မှာမဟုတ်ပါဘူး။ ဒီတိုင်း event တစ်ခုကို သူတို့စိတ်ဝင်စားမယ့်သူ ပြောတာဆိုတာ သိပ်မပါဘဲ အစအဆုံး Live လွှင့်တာကလည်းလူတွေကို ငြီးငွေ့စေပါတယ်။

**မေး** **Facebook မှာ Video တို့၊ ဓာတ်ပုံတို့တင်တဲ့အခါမှာ ရှောင်ရမယ့်အချက်တွေရော ရှိပါသလားရှင့်။**

**ဖြေ** ဗီဒီယိုက ဓာတ်လမ်းပုံစံ သေချာရိုက်တင်တာမဟုတ်ဘူးဆိုရင် တိုလေ၊ ကောင်းလေပါပဲ။ ရယ်ရတာကလည်းအမြဲအလုပ် ဖြစ်ပါတယ်။ ဒါမှမဟုတ် အံ့သြစရာကောင်းတာ၊ စိတ်ကြည်နူးစရာကောင်းတာမျိုးကလည်း အလုပ်ဖြစ်ပါတယ်။ သူများဗီဒီယိုတွေခိုးပြီး ကိုယ့်လိုဂိုတပ်၊ မြန်မာစာတန်းထိုးပြီး လျှောက်တင်တာမျိုးက page ပါ အဖျက်ခံရတဲ့အထိ ပြဿနာတက်နိုင်တဲ့အတွက် ရှောင်ရမယ့်အထဲပါပါတယ်။ ပုံတွေလည်းအဲလိုပဲသူများပုံတွေ Google မှာတွေ့တာနဲ့ လျှောက်တင်တာမျိုးက အဆင်မပြေပါဘူး။ ဝယ်ပြီးသုံးထားတဲ့ပုံ၊ ကိုယ်တိုင်ဖန်တီးထားတဲ့ပုံ၊ ဒါမှမဟုတ် အခကြေးငွေပေးပြီး ကိုယ့်အတွက် ဖန်တီးပေးခိုင်းထားတဲ့ပုံမျိုးဖြစ်ဖို့လိုပါတယ်။ ဗီဒီယိုရော၊ ပုံရောမှာနောက်ထပ်အရေးကြီးတာတွေက ကြည်လင်ပြတ်သားတဲ့ ဗီဒီယို/ပုံတွေကိုတင်ဖို့နဲ့ အကြောင်းအရာကောင်းကောင်းကိုသူများနဲ့မတူအောင် တင်ဆက်နိုင်ဖို့ပါ။

**မေး** **Google ဘက် Trend ကိုရော ပြည်တွင်းကသူတွေက လက်ရှိသွားနေတယ်လို့မြင်မိပါသလား။**

**ဖြေ** Google မှာက SEO SEM ကိုလိုတဲ့ ပစ္စည်း/ အဖွဲ့အစည်း/ အမှတ်တံဆိပ်တွေက သုံးပါတယ်။ အထူးသဖြင့် Google သုံးမယ့် လူတန်းစားကိုဦးတည်တဲ့ ကုန်ပစ္စည်း/ဝန်ဆောင်မှုမျိုးတွေပါ။ နောက်ပိုင်းတော်တော် သုံးလာကြပါတယ်။

**မေး** **Facebook မှာကိုယ့်ရဲ့ ပစ္စည်းတစ်ခုနာမည်ဆိုးသွားရင်၊ ဒါမှမဟုတ် Page အသစ်တစ်ခုကလူသိနည်းနေရင် ဘယ်လို နည်းလမ်းနဲ့ ပြင်ဆင်တာကအကောင်းဆုံးဖြစ်မလဲ။**

**ဖြေ** ပထမတစ်ချက်ကနာမည်ဆိုးသွားရင် ဆိုတဲ့နေရာမှာ ကိုယ့်ကုန်ပစ္စည်းကြောင့်လား၊ ပြင်ပ ပယောဂကြောင့်လား ကြည့်ရပါမယ်။ မြန်မာပြည်မှာ ပြဿနာက တစ်ခုခုဆိုတောင်းပန်ဖို့ တအားဝန်လေးကြတာပါပဲ။ ကိုယ့်ကုန်ပစ္စည်း/ဝန်ဆောင်မှုကြောင့် ဖြစ်တာဆိုတောင်းကိုတောင်းပန်ရပါမယ်။ ပြီးရင် နောက်မဖြစ်အောင် ဘယ်လိုလုပ်မယ်ဆိုတာနဲ့ အခုဖြစ်သွားခဲ့တာကို ဘယ်လိုတာဝန်ယူမလဲဆိုတာဖော်ပြရပါမယ်။ ဒါဆိုရင် လူတွေကနားလည်လက်ခံပြီး တာဝန်ယူတတ်တဲ့တံဆိပ်ဆိုပြီးပိုပြီးတောင် သဘောကျနိုင်ပါတယ်။

**မေး** **စီးပွားရေးလုပ်ငန်းသေးတွေက Facebook အပြင် တခြားဟာတွေဘက်ကိုလှမ်းထားဖို့ အချိန်ကျပါပြီလား။**

**ဖြေ** ဒါကလည်း ယေဘူယျပြောလို့ရတဲ့ အရာမဟုတ်ပါဘူး။ ဥပမာ ကိုယ်က အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီဆို အစောကြီးကတည်းက LinkedIn ပေါ်မှာရှိနေသင့်ပါပြီ။ ကိုယ်က ၁၈၊ ၂၀ ပတ်ချာလည် လူငယ်တွေကိုပစ်မှတ်ထားတဲ့ ကုန်ပစ္စည်း/အမှတ်တံဆိပ်ဆိုရင်လည်း အစောကြီးကတည်းက Instagram ပေါ်မှာရှိနေသင့်ပါပြီ။ Hotel နဲ့ ခရီးသွားဝန်ဆောင်မှုတွေကလည်း SEM တွေ SEO တွေ အစောကြီးကတည်းက လုပ်ထားဖို့လိုပါတယ်။ တခြားလူမှုကွန်ရက်တွေ၊ Digital ဈေးကွက် ချဲ့ထွင်ရေးနည်းလမ်းတွေကို သွားသင်၊ မသွားသင့် ဆိုတာက ကိုယ့်အမှတ်တံဆိပ်အမျိုးအစားပေါ်ပဲ မူတည်ပါတယ်။ သူများတွေလုပ်ဆိုတိုင်းလုပ်၊ သူများတွေမလုပ်နဲ့ဆိုတိုင်းမလုပ်ဘဲ ကိုယ့်အမှတ်တံဆိပ်ရဲ့ သဘောသဘာဝနဲ့ အသင့်တော်ဆုံးပလက်ဖောင်းမျိုးကိုပဲ ချဉ်းကပ်သင့်ပါတယ်။

**မေး** **ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

**ဖြေ** အမှတ်တံဆိပ်တွေအနေနဲ့ ဈေးကွက်ချဲ့ထွင်ချင်လို့ အွန်လိုင်းက တစ်ဆင့်သွားတဲ့အခါ အေဂျင်စီအပ်မယ်ဆိုရင် ဘာလို့အပ်ဖို့လိုလဲအရင် စဉ်းစားစေချင်ပါတယ်။ လိုအပ်ချက်ရှိပြီးလို့ အပ်ပြီးသွားရင်လည်း အတွေ့အကြုံရှိတဲ့အေဂျင်စီတွေက ညွှန်းပေးတာမျိုးကို သေချာစဉ်းစားပြီးမှ လုပ်/မလုပ် ဆုံးဖြတ်သင့်ပါတယ်။

**အခုလိုဖြေပေးတာကျေးဇူးတင်ပါတယ်။**

www.free4readers.com



# TECH NEWS UPDATE

## HP က Laptop / Tablet နှစ်မျိုးသုံး PC ကို မိတ်ဆက်



HP က ZBook Studio x360 Laptop ကို မိတ်ဆက်လိုက်ပါတယ်။ သူ့ကိုတက်ဘလက်လိုပါ အသုံးပြုနိုင်ပြီး စွမ်းရည်မြင့် အလုပ်များကိုဖန်တီးသူများအတွက် ဒီဇိုင်းထုတ်ထားပါတယ်၊ အလားတူလက်တော့မျိုးဖြစ်တဲ့ ZBook X2 ကိုလည်း ယခင်နှစ်က HP က ရောင်းချပေးခဲ့ပါတယ်။ x360 ဟာ Workstation PC လိုမျိုးဖြစ်ပါတယ်။ သူ့မှာCore ၆လုံးပါတဲ့ Intel ရဲ့ နောက်ဆုံးထုတ် Core i5 , i7 Processors များရွေးချယ်နိုင်ပါတယ်။ သူတို့ထက် ပိုမိုစွမ်းရည်မြင့်မားတဲ့ Xeon Chips ကိုတောင် ရွေးချယ်နိုင်ပါတယ်။ NvidiaQuadro P1000 Graphics ထည့်သွင်းထားပြီး 4TB PCIeNVMe Storage , 32GB RAM များအထိ ရွေးချယ်နိုင်ပါတယ်။ ၁၅.၆ လက်မ 4K Touchscreen Display တပ်ဆင်ထားပြီး 4000 Pressure Levels အထိ အာရုံခံနိုင်တဲ့Wacom AES Pen ပါရှိပါတယ်။ မျက်နှာပြင်ကို ၃၆၀ ဒီဂရီ ခေါက်ချိုးနိုင်တဲ့အတွက် တက်ဘလက်လိုပါ အသုံးပြုနိုင်ပါတယ်။ HP က ဘက်ထရီသက်တမ်းဟာ ၁၆ နာရီ အသုံးခံပြီးမိနစ် ၃၀ အားသွင်းရင် ၅၀ ရာခိုင်နှုန်းအားဖြည့်ပေးနိုင်တယ်လို့ ပြောပါတယ်။ Windows 10 OS ထည့်သွင်းထားပြီး USB 3.0 Port နှစ်ခု၊ HDMI Port တစ်ခု၊ USB-C Port နှစ်ခုပါရှိပါတယ်။ လုံခြုံရေးအတွက် x360 မှာလက်ဗွေရာ အာရုံခံကိရိယာပါပါတယ်။ Windows Hello Facial Recognition Camera ပါတဲ့ မော်ဒယ်ကိုလည်းရွေးချယ်နိုင်ပါတယ်။ မေလမှာရောင်းချမယ်လို့ မျှော်လင့်ရပြီး အခြေခံမော်ဒယ်ရဲ့ ဈေးနှုန်းမှာ ဒေါ်လာ ၁၄၉၉ဖြစ်ပါတယ်။ x360 အပြင် HP ZBook Studio, HP ZBook 17, HP ZBook 15, HP ZBook 15vတို့ကိုလည်း မေလမှာ ရောင်းချနိုင်ပါတယ်။

## Xiaomi Mi 7 မှာ မျက်နှာပြင်အောက် လက်ဗွေရာကိရိယာပါမယ်လို့ အတည်ပြု

တရုတ်လူမှုကွန်ရက် ဝီဘိုမှာ Xiaomi ရဲ့ စီအီးအိုက Xiaomi Mi 7 မှာ မျက်နှာပြင်အောက် လက်ဗွေရာကိရိယာပါမယ်လို့ အတည်ပြုလိုက်ပါတယ်။ အဲဒီနည်းပညာက Full Screen Smartphone များကိုဖန်တီးဖို့အတွက် အထောက်အကူပြုပါတယ်။ ရှောင်မီရဲ့ စွမ်းဆောင်ရည်မြင့် Mi 7 မှာ ဒီနည်းပညာကိုထည့်သွင်းဖို့အတွက် ကြေညာဖို့နောက်ကျနေခဲ့ပါတယ်။ ယခင်ကပေါက်ကြားထွက်ပေါ်ခဲ့ဖူးတဲ့ သတင်းအချက်အလက်များအရ သူ့မှာ 18:9 Aspect Ratio ပါတဲ့ Bezel-less Screen ပါလာနိုင်ပါတယ်။ အရည်အသွေးမှာ Full HD+ (2160x1080p ) နဲ့ အရွယ်အစားမှာ 6.01 လက်မဖြစ်ပါတယ်။ Notch လည်း ပါလာနိုင်ပါတယ်။ Qualcomm Snapdragon 845 Chipset ထည့်သွင်းထားမယ်လို့ သတင်းထွက်နေပါတယ်။ XiaomiMi 7 ကိုမတူညီသည့် RAM များပါတဲ့မော်ဒယ်နှစ်မျိုး ထုတ်လုပ်ပေးထားမှာဖြစ်ပါတယ်။ တစ်မျိုးမှာ 6GB RAM ဖြစ်ပြီး Android Oreo 8.0 ဖြစ်နိုင်ပါတယ်။ စွမ်းရည်ပိုမိုမြင့်မားတဲ့မော်ဒယ်မှာ 8GB RAM , 256GB Internal Storage များ ထည့်သွင်းထားနိုင်ပါတယ်။ 3400mAh Battery ထည့်သွင်းထားနိုင်ပါတယ်။ Mi 7 ကိုယခုနှစ် ပထမနှစ်ဝက်မကုန်ခင်မှာ ကြေညာနိုင်ပါတယ်။

## Samsung က Odyssey Z Gaming Notebook ကိုကြေညာ

Samsung က ဂိမ်မာများအတွက် ဒီဇိုင်းထုတ်ထားတဲ့ လက်တော့အသစ်တစ်လုံးကိုမိတ်ဆက်လိုက်ပါတယ်။ Odyssey Z လို့ အမည်ပေးထားပြီး Cores ခြောက်လုံးပါတဲ့ Intel Core i7 Processor , Nvidia GeForce GTX 1060 GPU များ ထည့်သွင်းထားပါတယ်။ ၁၅.၆ လက်မ IPS FHD Display တပ်ဆင်ထားပြီး Max-Q Design ဖြစ်ပါတယ်။ Samsung ရဲ့ Z AeroFlow Cooling System ပါတဲ့အတွက် ဂိမ်းကစားတဲ့အခါမှာအပူလွှန်ကဲမှုကို လျှော့ချပေးပါတယ်။ Trackpad ကို ညာဘက်ကိုပြောင်းရွှေ့ထားတာက ထူးခြားပါတယ်။ HD Webcam တစ်လုံးလည်း ပါရှိပါတယ်။ 16GB DDR4 RAM , 1TB SSD အထိ ရွေးချယ်နိုင်ပါတယ်။ စတီရီယိုစပီကာများ၊ မိုက်ကရိုဖုန်းတို့ ပါရှိကြပါတယ်။ ဆက်သွယ်မှုအပိုင်းမှာ 802.11ac Wi-Fi + Bluetooth Module, USB 3.0 Type-C Port တစ်ခု , USB Type-A သုံးခု , HDMI တစ်ခုနဲ့ TRRS Audio Jack တစ်ခုထည့်သွင်းထားပါတယ်။ ၁၇.၉ မီလီမီတာအထူရှိတဲ့အတွက် အခြားဂိမ်းလက်တော့များထက် ပါးလွှာပါတယ်။ 54Wh Battery ထည့်သွင်းထားပေမယ့် ဘက်ထရီသက်တမ်းကို Samsungက ပြောကြားခြင်းမရှိသေးပါဘူး။ Odyssey Z Gaming Laptop ကို တရုတ်နှင့် တောင်ကိုရီးယားမှာဒီလထဲတွင် ရောင်းချမှာဖြစ်ပါတယ်။

## Messenger Conversation များကို ထောက်လှမ်းကြောင်း ဝန်ခံလိုက်တဲ့ Facebook




Facebook Messenger များဟာ Private ဖြစ်တယ်လို့ လူများက ယုံကြည်ထားကြပါတယ်၊ အခုတော့ Facebook က မက်ဆင်ဂျာမှ စာသား၊ ဓာတ်ပုံနဲ့ လင့်များကိုစုံစမ်းထောက်လှမ်းတယ်လို့ ဝန်ခံလိုက်ပါတယ်။ ဒီလို ပြုလုပ်ရခြင်းဟာ သူ့ရဲ့ စည်းမျဉ်းများကိုလိုက်နာခြင်းရှိ၊ မရှိစစ်ဆေးဖို့ ဖြစ်တယ်လို့ Facebook က ပြောပါတယ်။ Facebook ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက " Facebook ရဲ့ Community Standard ကိုချိုးဖောက်တဲ့ သတင်းစကားများကို Moderators များက လေ့လာပြီးလိုအပ်ရင် ပိတ်ပင်ကြပါတယ်။ ဥပမာအားဖြင့် မက်ဆင်ဂျာမှာဓာတ်ပုံတစ်ပုံကိုပို့လိုက်တဲ့အခါမှာ ညစ်ညမ်းကလေးဓာတ်ပုံများဟုတ်၊ မဟုတ်ကို စစ်ဆေးပါတယ်။ လင့်များပေးပို့တဲ့အခါမှာလည်း Malware, Virus များဟုတ်၊ မဟုတ်ကို စစ်ဆေးပေးပါတယ်။ သူတစ်ပါးအားထိခိုက်တဲ့ အရာများကိုတားဆီးဖို့ အလိုအလျောက်စစ်ဆေးတဲ့စနစ်ကိုအသုံးပြုထားပါတယ်"လို့ ပြောပါတယ်။ Facebook က လူမှုကွန်ရက်မှ Public Content များကို စိစစ်တဲ့အတိုင်းပဲ Messenger မှ Content များကိုစစ်ဆေးတယ်လို့ Bloomberg ကို ရှင်းပြပါတယ်။ Facebook ရဲ့ စီအီးအိုမတ်ဇူကာဘတ်က သူတို့ရဲ့ စနစ်ဟာမက်ဆင်ဂျာမှာ လူများကိုသွေးထိုးလှုံ့ဆော်တဲ့စာသားများကိုအာရုံခံပြီး ပြဿနာများမဖြစ်ပွားအောင် ကာကွယ်နေတယ်လို့ရှင်းပြပါတယ်၊ Facebook က ကြော်ငြာရှင် စီးပွားရေးလုပ်ငန်းများကိုတော့ မက်ဆင်ဂျာမှ ဒေတာများကိုမရောင်းဘူးလို့ ပြောပါတယ်။ User Data များပေါက်ကြားမှုကြောင့် Facebook လူမှုကွန်ရက်ကို စွန့်ခွာသွားသူများလည်း ရှိနေပါတယ်။

## News Headline...

### Intel က Core i9 Processor များကို မိတ်ဆက်

Intel က ဘေဂျင်းမှပွဲတစ်ခုမှာ 8th gen Core i9 Processors များကို ပြသလိုက်ပါတယ်။ သူတို့ဟာဂိမ်းကစားရာမှာ ပိုမိုကောင်းမွန်စေပြီး ဂရပ်ဖစ်စားသုံးမှုများတဲ့ အလုပ်များအတွက် အလွန်ကောင်းမွန်ပါတယ်။ Coffee Lake Platform ကိုအခြေပြုထားပြီး Chips အသစ်များဟာဂိမ်းကစားရာမှာ Frame per second (FPS) ကို ၄၁ ရာခိုင်နှုန်း ပိုမိုတိုးတက်စေပါတယ်။ Video Editing Apps များကို အသုံးပြုရာမှာလည်း ၅၉ ရာခိုင်နှုန်းပိုမိုလျင်မြန်စေပါတယ်။ အဲဒီ Chips များထဲမှ ထိပ်တန်းအမျိုးအစားကတော့ i9-8950HK Processor ဖြစ်ပြီး Core ၆ လုံးပါပါတယ်။ Clock Speed မှာ 4.8GHz ဖြစ်ပါတယ်။ Chip အသစ်ကို ယခုနှစ်နှောင်းပိုင်းမှာရောင်းချမယ့် လက်တော့များမှာထည့်သွင်းထားနိုင်ပါတယ်။

### မိနစ်ပိုင်းအတွင်း ရောင်းကုန်သွားတဲ့ XiaomiMi Mix 2s

Xiaomi က Mi Mix 2s ကို ယခင်တစ်ပတ်က မိတ်ဆက်ခဲ့ပါတယ်။ အခုတော့ သူ့ကိုပထမဆုံးအသုတ်အနေဖြင့် ရောင်းချပေးလိုက်ပါတယ်။ Mi Online Store ကနေ ရောင်းချပေးရာမှာမိနစ်ပိုင်းအတွင်း ရောင်းကုန်သွားတယ်လို့သိရပါတယ်။ သူဟာ Snapdragon 845 Chipset ထည့်သွင်းထားတဲ့ ရှောင်မီရဲ့ ပထမဆုံးစမတ်ဖုန်းဖြစ်ပါတယ်။ Dual Rear Camera ပါပါတယ်။ နောက်ထပ်အသုတ်ရောင်းချမှုကို ဒီရက်ပိုင်းအတွင်းမှာပြုလုပ်ပေးမှာဖြစ်ပါတယ်။ 6/64GB Model ကို ယွမ် ၃၂၉၉ ( ၅၃၀ ဒေါ်လာ)၊ 8/256GB Model ကိုယွမ် ၃၉၉၉ ( ၆၃၆ ဒေါ်လာ) သတ်မှတ်ထားပါတယ်။ Wireless Charger ကိုလည်း အခမဲ့ ထည့်ပေးထားပါတယ်။

### ၂၀၁၉ ခုနှစ်မှာရောင်းမယ့် Mac Pro

Apple ရဲ့ ဈေးကွက်ဖြန့်ချိရေးဌာနမှ အကြီးအကဲဖြစ်သူ Phil Schiller က TechCrunch နဲ့ အင်တာဗျူးတစ်ခုမှာ Mac Pro အသစ်ကို ၂၀၁၉ ခုနှစ်မှာရောင်းချမယ်လို့ အတည်ပြုလိုက်ပါတယ်။ လက်ရှိမှာတော့ Mac Pro အသစ်ရဲ့ ဒီဇိုင်းနဲ့ Specifications များကို မသိရသေးပါဘူး။ သူ့ရဲ့ပုံသဏ္ဍာန်နဲ့ ပတ်သက်တဲ့ဓာတ်ပုံများ၊ ပုံကြမ်းများလည်း ပေါက်ကြားထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ အရင်တုန်းကမော်ဒယ်ကတော့ လုံးဝန်းတဲ့ အမှိုက်ပုံးပုံသဏ္ဍာန် ဖြစ်ပါတယ်။ မန်မိုရီနဲ့ ဂရပ်ဖစ်လိုအမိက အစိတ်အပိုင်းများကိုလွယ်ကူစွာ ဖြုတ်၊ တပ်နိုင်တဲ့ Modular Design ဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ Mac Hardware Product Marketing မှ အကြီးတန်းဒါရိုက်တာဖြစ်သူ Tom Boger က "ဒီနှစ်မှာတော့ သူ့ကိုရောင်းချမှာမဟုတ်ဘဲ လာမယ့်နှစ်မှာမှ ရောင်းမှာပါ" လို့ အတည်ပြုထားပါတယ်။

### Xiaomi က ဖုန်း သန်း ၁၀၀ ကျော် ရောင်းချနိုင်ဖို့ စီမံကိန်းချထား

ယခင်နှစ်မှာရှောင်မီဟာ ဖုန်းအလုံးရေသန်း ၉၀ ရောင်းချနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ရှောင်မီကဖုန်းအလုံးရေသန်း ၁၀၀ ကျော် ရောင်းချနိုင်ဖို့ စီမံကိန်းချမှတ်ထားတယ်လို့ ထိုင်ဝမ်ကနေ သတင်းထွက်ပေါ်လာပါတယ်။ ရှောင်မီကယခုနှစ် ပထမကွာတားဖြစ်တဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လများမှာတစ်လလျှင် စမတ်ဖုန်းအလုံးရေ ၁၀ သန်းကျော်ရောင်းချနိုင်ခဲ့တယ်လို့ တရားဝင် စာရင်းထုတ်ပြန်ထားပါတယ်။ ဒီနှုန်းအတိုင်းသာဆက်လက်ရောင်းချရမယ်ဆိုရင် နှစ်ကုန်မှာဖုန်းအလုံးရေသန်း ၁၂၀ ကနေသန်း ၁၅၀ အထိရောင်းချရနိုင်ပါတယ်။ယခုနှစ်မှာတော့ ဟွာဝေးဟာ ဖုန်းအလုံးရေသန်း ၂၀၀ ရောင်းချရဖို့ စီစဉ်ထားပါတယ်။ဟွာဝေးဟာ ယခင်နှစ်မှာဖုန်းအလုံးရေသန်း ၁၅၀ ရောင်းချနိုင်ခဲ့ပြီးသန်း ၉၀ ဟာ တရုတ်မှာ ရောင်းချရတာဖြစ်ပါတယ်။



www.free4readers.com



www.free4readers.com



# Hands On




# Xiaomi Redmi 5 Plus

Xiaomi ကနေ ၎င်းရဲ့ Budget Redmi Lineup ထဲက Xiaomi Redmi 5 နဲ့ Redmi 5 Plus ဆိုတဲ့ အဆင့်မြင့်စမတ်ဖုန်းနှစ်လုံးကို ၂၀၁၇ နှစ်ကုန်ပိုင်းလောက်က တရားဝင်မိတ်ဆက်ပေးခဲ့ပြီး အခုဆိုရင် ဈေးကွက်ထဲမှာ ဝယ်ယူသုံးစွဲနိုင်နေပါပြီ။ ၎င်းဖုန်းဟာ budget ဖုန်းအမျိုးအစားဖြစ်တာမို့ ဈေးနှုန်းက သင့်တင့်ပြီး ဝယ်ယူသုံးစွဲရတာ ထိုက်တန်မှုရှိတဲ့ စွမ်းဆောင်ရည်တွေကို ပေးစွမ်းနိုင်ပါတယ်။ ၎င်းဖုန်းနှစ်လုံးဟာ ဒီဇိုင်းပုံစံက အတူတူပဲဖြစ်ပေမယ့် Xiaomi Redmi 5 Plus က ရိုးရိုး 5 ထက် အရွယ်အစားနည်းနည်းလေး ပိုကြီးပြီး ပိုလေးပါတယ်။ 5 Plus က 5 ထက်ပိုမိုအဆင့်မြှင့်တင်ထားတဲ့ မော်ဒယ်မို့ စက်စွမ်းဆောင်ရည်အလွန်မြင့်မားပါတယ်။ ဒီဇိုင်းပုံစံက အခုခေတ်စားနေတဲ့ မျက်နှာပြင်ပြည့်ပုံစံမျိုးဖြစ်တာကြောင့် နောက်ဆုံးပေါ်ဖုန်းတစ်လုံးမှန်းသိသာစေပြီး ရုပ်ရှင်တွေကြည့်ရတာ ဂိမ်းကစားရတာလည်း အဆင်ပြေပါတယ်။ ကိုယ်ထည်က အလူမီနီယံကိုယ်ထည်ဖြစ်တာကြောင့် အကြမ်းခံပြီး ကြာရှည်လည်း အသုံးပြုနိုင်ပါတယ်။ ဖုန်းအရွယ်အစားက 158.5 x 75.5 x 8.1 mm ရှိပြီး 180g လေးပါတယ်။ ဒါကြောင့် သာမန်ဖုန်းတွေထက် အနည်းငယ်ထူပြီး ကိုင်တွယ်သုံးစွဲရတာ နည်းနည်းတော့လေးမှာပါ။ မျက်နှာပြင်ပြည့်ပုံစံမို့ အရှေ့မျက်နှာပြင်က ရှင်းလင်းပြီး အပေါ်ဘက်မှာ အရှေ့ကင်မရာ Lens နဲ့ Touch Pad Area ရဲ့ အောက်ခြေမှာ Capacitive Buttons တွေကိုထည့်သွင်းထားပါတယ်။ နောက်ကျောဘက် အပေါ်အလယ်တည့်တည့်မှာ အနောက် Camera Lens ရှိပြီး အောက်ဘက်မှာ LED Flash မီးလုံးနဲ့ အဆင့်မြင့် Fingerprint sensor တို့ကို ထည့်သွင်းထားပါတယ်။ ၎င်းကို GSM, CDMA, HSPA နဲ့ LTE networks တွေမှာ အသုံးပြုနိုင်ပြီး Nano Dual SIM စနစ်ပါရှိလို့ Nano SIM card 2 card ကိုတစ်ပြိုင်နက်တည်း ထည့်သုံးနိုင်ပါတယ်။ အရှေ့မျက်နှာပြင်က 5.99-inch အကျယ်ရှိပြီး IPS LCD capacitive touchscreen, 16M colors display နဲ့ပြုလုပ်ထားတဲ့အပြင် အပေါ်ကနေ Corning Gorilla Glass ကိုလည်း ထပ်မံဖုံးအုပ်ထားလို့ ကြည်လင်ပြတ်သားတဲ့ မြင်ကွင်းတွေကို ပြသနိုင်တဲ့ မျက်နှာပြင်က မတော်တဆပြုတ်ကျမှုဒဏ်တွေကို ခံနိုင်ရည်ရှိပြီး အစင်းရာ၊ အခြစ်ရာတွေကို အလွယ်တကူ မဖြစ်စေနိုင်အောင် ကာကွယ်ပေးနိုင်ပါတယ်။ ၎င်းမျက်နှာပြင်ကျယ်က 1080 x 2160 pixels စွမ်းအားရှိတဲ့ မြင်ကွင်းတွေကိုပြသနိုင်တဲ့အပြင် မျက်နှာပြင်ပေါ်မှာ Multi-touch စနစ်ကိုသုံးစွဲနိုင်လို့ လျင်မြန်တဲ့ ထိန်းချုပ်မှုတွေကို တစ်ပြိုင်တည်း ပြုလုပ်နိုင်ပါသေးတယ်။ အထဲမှာ Android 7.1.2 (Nougat) ကို run ထားပြီး အားလုံးအဆင်ပြေပြေ ထိန်းချုပ်သုံးစွဲနိုင်မယ့် MIUI 9 User Interface ကို သုံးထားပါတယ်။ ကိုယ်ထည်ထဲမှာ စွမ်းအားကောင်းမွန်တဲ့ Chipset တွေနဲ့ Processor ကို ပံ့ပိုးထားတာကြောင့် တိကျမြန်ဆန်တဲ့ စက်စွမ်းဆောင်ရည်တွေကိုရရှိစေနိုင်ပြီး ရုပ်ထွက်ပိုင်းအတွက် ထည့်သွင်းပေးထားတဲ့ Graphics Card ကလည်း ကောင်းမွန်လှပါတယ်။ Data တွေကို သိမ်းဆည်းဖို့အတွက် အထဲမှာ Internal Memory 64GB ၊ RAM 4 GB နဲ့ 32 GB ၊ RAM 3GB ပါရှိတဲ့ version နှစ်မျိုးကိုထုတ်လုပ်ထားပြီး version နှစ်မျိုးစလုံးမှာ Micro SD card ကို 128GB အထိ ထပ်တိုးသုံးနိုင်ပါတယ်။ ဒါကြောင့် Data တွေတော်တော်များများ ထည့်သိမ်းထားနိုင်တဲ့ storage ရှိပါတယ်။ အနောက်ကင်မရာက 12 MP (f/2.2, 1.25 µm) စွမ်းအားရှိပြီး Dual LED Flash မီးလုံးတွေကိုထည့်သွင်းထားလို့ အလင်းရောင်အားနည်းတဲ့ နေရာတွေမှာလည်း ကြည်လင်ပြတ်သားတဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေရိုက်ယူနိုင်ပါတယ်။ ဒါ့အပြင် Geo-tagging, touch focus, face/smile detection, HDR, panorama စတဲ့ features တွေကိုလည်းထောက်ပံ့ပေးထားလို့ ဓာတ်ပုံတွေနဲ့ဗီဒီယိုတွေက အရည်အသွေးမြင့်မားမှုလည်း ရှိပါတယ်။ အရှေ့ကင်မရာက 5MP သာပါရှိလို့ သင့်တင့်တဲ့ Selfie ဓာတ်ပုံတွေကိုလည်းရိုက်ယူနိုင်ပါတယ်။ ထောက်ပံ့ပေးထားတဲ့ စပီကာစွမ်းအားမြင့်မားပြီး FM radio စနစ်လည်း Build-in ပါရှိပါတယ်။ ဒါကြောင့် Radio Station တွေက လာတဲ့ အစီအစဉ်တွေကိုလည်း ဖမ်းယူနားဆင်နိုင်ပါတယ်။ ၎င်းဖုန်းကို ထုတ်လုပ်ပေးထားတဲ့ အရောင်တွေကတော့ Black, Gold, Rose Gold နဲ့ Light Blue ဆိုတဲ့ အရောင် ၄ မျိုးပဲဖြစ်ပါတယ်။



## Design & Display

၎င်းဖုန်းဟာ Budget ဖုန်းဖြစ်ပေမယ့် နောက်ဆုံးပေါ် မျက်နှာပြင်ပြည့်ဒီဇိုင်းပုံစံနဲ့ထုတ်လုပ်ထားတာကြောင့် သုံးရတာ ထိုက်တန်မှုရှိပါတယ်။ မြင်ကွင်းစွမ်းအားပိုင်းမှာဆိုရင်လည်း တန်ဖိုးသင့်ဖုန်းတစ်လုံးမှာ အမြင့်မားဆုံးပေးစွမ်းနိုင်တဲ့ စွမ်းအားမျိုးကို ထောက်ပံ့ပေးထားတာကို တွေ့ရပါတယ်။

## Camera

အရှေ့ကင်မရာကတော့ သာမန်ပဲဖြစ်ပေမယ့် အနောက်ကင်မရာက 12MP ရှိတာကြောင့် အဆင့်မြင့်ဖုန်းတွေနီးပါးလောက်ကို ကောင်းမွန်မှုရှိပါတယ်။ ဒါ့အပြင် အလွန်အသုံးဝင်တဲ့ filter တွေနဲ့ features တွေလည်း ပါရှိလို့ အလှပဆုံး ဓာတ်ပုံတွေကိုဖန်တီးနိုင်မှာပါ။

## Processor

၎င်းမှာ Qualcomm MSM8953 Snapdragon 625 Chipset နဲ့ Octa-core 2.0 GHz Cortex-A53 Processor ကို ပံ့ပိုးထားတာကြောင့် တိကျမြန်ဆန်တဲ့ စက်စွမ်းဆောင်ရည်တွေကို ရရှိစေနိုင်ပြီး ရုပ်ထွက်ပိုင်းအတွက် Adreno 506 Graphics Card ကိုပံ့ပိုးထားပါတယ်။ ဒါကြောင့် ပေးရတဲ့ ဈေးနှုန်းနဲ့ထိုက်တန်တဲ့ စွမ်းဆောင်ရည်တွေကို ရရှိနိုင်မှာပါ။

## Performance

ဒီ Xiaomi Redmi 5Plus ဟာ ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းပုံစံနဲ့ ဖုန်းလိုင်းဆွဲအားကောင်းမွန်ပြီး အင်တာနက်အသုံးပြုရတာလည်း မြန်ဆန်သလို စက်စွမ်းဆောင်ရည်လည်း မြင့်မားတာကြောင့် ဝယ်ယူသုံးစွဲသင့်တဲ့ တန်ဖိုးသင့်စမတ်ဖုန်း တစ်လုံးပဲဖြစ်ပါတယ်။

## Battery Life

ဘက်ထရီစွမ်းအားအနေနဲ့တော့ စွမ်းအင်မြင့်မားတဲ့ Non-removable Li-Po 4000 mAh battery ကိုထည့်ထားလို့ လုပ်ဆောင်ချက်တွေကို အချိန်ကြာမြင့်စွာ ပြုလုပ်နိုင်ပြီး Fast Battery Charging စနစ်ပါရှိလို့ ဖုန်းအားသွင်းရတာလည်း မြန်ဆန်မှုရှိပါတယ်။

## Technical Specs

- » Network........ GSM/HSPA/LTE
- » Dimensions........ 158.5 x 75.5 x 8.1 mm
- » Weight........ 180g
- » Display........ 5.99-inch, IPS LCD Capacitive Touch
- » OS........ Android 7.1.2 (Nougat)
- » CPU........ Octa-core 2.0 GHz Cortex-A53
- » Memory........ 32GB , 64GB
- » Camera........ Back : 12 MP, Front : 5MP
- » Connectivity........ Wi-Fi 802.11 a/b/g/n, Wi-Fi Direct
- » Sensors........ Fingerprint (rear-mounted), accelerometer, gyro, proximity, compass
- » Battery........ Non-removable Li-Po 4000mAh

**Price » 214,000 Ks (64GB)**
**190,000 Ks (32GB)**

Contact » 01-255501
(AMT Mobile Mart)

သုံးစွဲသူအမြင်

**မောင်စိုးကျော်သူ** (စမ်းသပ်အသုံးပြုသူ)



ကျွန်တော်ဖုန်းကိုင်တည်းက ဒီတံဆိပ်ကိုပဲ စဝယ်လို့လားမသိဘူး။ ကျွန်တော်ကတော့ ဒီ Xiaomi Redmi 5 Plus ဖုန်းကို သုံးရတာအဆင်ပြေပါတယ်။ သူ့ရဲ့ မျက်နှာပြင်က ၅. ၉၉ လက်မဆိုတော့ သတင်းတွေဖတ်တဲ့အခါ မျက်နှာပြင်က ထင်ထင်ရှားရှားမြင်ရပါတယ်။ သူ့မှာ Memory 64GB ထိရှိလို့ ကျွန်တော်ကတော့ ကတ်ထပ်စိုက်စရာမလိုပါဘူး။ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ အများကြီးသိမ်းထားနိုင်ပါတယ်။ Android Version က 7.1.2 (Nougat) Version ပါဝင်ပါတယ်။ နောက်ပြီး လက်ဗွေနဲ့ဖွင့်ရတဲ့ Lock စနစ်လည်းပါဝင်ပါသေးတယ်။ ဘက်ထရီပိုင်းလည်းမဆိုးပါဘူး တော်တော်အသုံးခံပါတယ်။

**မသီတာ** (စမ်းသပ်အသုံးပြုသူ)



မျက်နှာပြင်ကြီးလို့ ဘုရားစာ၊ တရားစာတွေရှာဖတ်ရတာ အရမ်းအသုံးဝင်ပါတယ်။ ရှေ့ကင်မရာက 5MP ရှိပြီး နောက်ကင်မရာက 12MP ရှိပါတယ်။ ရှေ့ကင်မရာနဲ့ရော အနောက်ကင်မရာနဲ့ပါ ဓာတ်ပုံရိုက်ဖူးတယ်။ အမျိုးတွေကို အမှတ်တရရိုက်ပေးလိုက်တာ ရုပ်ထွက်မဆိုးဘူးကောင်းပါတယ်။ တစ်ခါတလေ FM Radio ဖွင့်ပြီး သတင်းတွေ၊ သီချင်းတွေလည်း နားထောင်လို့ရတယ်။ တစ်ခါတလေတော့ အင်တာနက်က သတင်းတွေဖတ်ဖြစ်ပါတယ်။ ဝယ်မယ်ဆိုရင် အရောင်ကသုံးရောင်၊ လေးရောင်တော့ ရနိုင်ပါတယ်။ ကျွန်မက 32GB ဝယ်ထားတာဆိုပေမယ့် Data တွေတော်တော်တော့သိမ်းထားနိုင်တယ်။ ဘက်ထရီအားကလည်းမဆိုးဘူးအသုံးခံပါတယ်။

www.free4readers.com



# BEHIND SCENE






## SONY XPERIA Z5

အတာသကြန် ရေသဘင်ပွဲတော်နီးကပ်လာတာနဲ့အမျှ ရေကစားမယ့်သူများဟာ သင်္ကြန်ပွဲအတွက် လိုအပ်မယ့်ပစ္စည်းပစ္စယများကို ကြိုတင်ရှာဖွေ စုဆောင်းဝယ်ယူကြပါတယ်။ ယနေ့ခေတ်တွင် ပွဲတော်ပုံရိပ်များကို မှတ်တမ်းတင်ပေးနိုင်မယ့် နည်းပညာပစ္စည်းများဟာလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာတာကြောင့် ပွဲတော်တွင် နွဲပျော်တဲ့အခါ ထိုနည်းပညာပစ္စည်းများကို မပါမဖြစ် သယ်ဆောင်သွားကြပါတယ်။ ရေသဘင်ပွဲတော်မှာရေစိုခံတဲ့ကင်မရာများ၊ စမတ်ဖုန်းများဟာ အလွန်အသုံးဝင်တဲ့ ပစ္စည်းများဖြစ်ပါတယ်။ ရေစိုခံတာကြောင့် ရေကစားတဲ့အခါတွင် စိတ်လွတ်ကိုယ်လွတ်ပျော်ရွှင်စွာ ဆော့ကစားနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် မိမိတို့ရဲ့နည်းပညာပစ္စည်းများတွင် ရေစိမ်ခံတဲ့စွမ်းရည်ပါတယ်ဆိုပြီး ပေါ့ပေါ့တန်တန်အသုံးမပြုသင့်ပါဘူး။ အချို့နည်းပညာပစ္စည်းများရဲ့ ရေစိုခံနိုင်စွမ်းဟာ ဓာတ်ခွဲခန်းတွင် ဖော်ပြထားတဲ့စွမ်းရည်ထက် အပြင်လက်တွေ့တွင် လျော့ကျနိုင်တာကြောင့် သတိမူပြီးတော့ နည်းပညာပစ္စည်းများကို ကိုင်တွယ်သုံးစွဲသင့်ပါတယ်။

စမတ်ဖုန်းဈေးကွက်ထဲတွင် ရေစိုခံစွမ်းရည်ပါရှိတဲ့ ဖုန်းများစွာရှိပြီး၊ Sony အမှတ်တံဆိပ်ရဲ့ ဖုန်းအများစုကတော့ ထိုစွမ်းရည်ကို ပိုင်ဆိုင်ထားပါတယ်။ Sony Xperia Z5 ဟာ IP68 အသိအမှတ်ပြုထားတာကြောင့် ရေအနက် 1.5m တွင် မိနစ် ၃၀ နီးပါး ရေစိမ်ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ 2G/3G/4G Network အထောက်အပံ့ပေးထားတဲ့ Xperia Z5 ရဲ့ ဒီဇိုင်းပုံစံကတော့ လေးထောင့်ကျကျအသွင်ဒီဇိုင်းဖြစ်ပါတယ်။ အဓိက,ကင်မရာဟာ အနောက်ဘက်ထောင့် ဘက်တွင် အဝိုင်းပုံစံတည်ရှိပါတယ်။ Z5 ရဲ့ ဖုန်းကိုယ်ထည် အရွယ်အစားပမာဏကတော့ 146 x 72 x 7.3 mm ရှိကာ အလေးချိန်မှာ 154g ဖြစ်ပါတယ်။ ဖုန်းကိုယ်ထည် တည်ဆောက်မှုအပိုင်းတွင် အလူမီနီယမ်ဖရိန်နဲ့ မှန်တို့ပေါင်းစပ်ထားပါတယ်။ ထည့်သွင်းအသုံးပြုရမယ့် ဆင်းကတ်အရွယ်အစား ကတော့ Nano SIM ပါ။ IPS LCD capacitive touchscreen ရဲ့ အကျယ်အဝန်း ပမာဏကတော့ 5.2 inches ရှိပါတယ်။ အဆိုပါ မျက်နှာပြင်အကျယ်အဝန်းဟာ အနည်းငယ်ကျဉ်းမြောင်းတာကြောင့် Screen Size ကြီးတဲ့ ဟန်းဆက်ကို အသုံးပြုချင်သူတွေအတွက် အခက်အခဲရှိနိုင်ပါတယ်။ ကြည်လင်တောက်ပတဲ့ ပုံရိပ်များကို ပေးစွမ်းနိုင်စေဖို့အတွက် ထောက်ပံ့ပေးထားတဲ့ pixels ပမာဏကတော့ 1080x1920 ပါ။ တစ်လက်မမှာရှိမယ့် pixel ပမာဏသိပ်သည်းဆဟာ 428ppi ဖြစ်ပါတယ်။ Multitouch စနစ်တွင် လက်ချောင်းများစွာ အသုံးပြုနိုင်ပါမယ်။ အကြမ်းခံတဲ့ဖုန်းမျက်နှာပြင် ဖြစ်စေဖို့အတွက် Scratch Resistant Glass, oleophobic coating ပါရှိကာ ရုပ်ထွက်ပိုင်းကောင်းမွန်စေဖို့အတွက် Triluminos Display နဲ့ X-Reality Engine တို့ပါရှိပါတယ်။ အဓိက,ကင်မရာဟာ 23MP, f/2.0 စွမ်းရည်ရှိတာကြောင့် ပုံထွက်ကောင်းမွန်စေမှာဖြစ်ပါတယ်။ Selfie ရိုက်ကူးဖို့အတွက် ထောက်ပံ့ပေးမယ့် ဒုတိယကင်မရာငယ်ဟာ 5.1MP, f/2.4 စွမ်းရည်ရှိပါတယ်။ ဗီဒီယိုရိုက်ကူးနိုင်မယ့်စွမ်းရည်ကတော့ သုံးမျိုးသုံးစား ရှိပါမယ်။ 2160p စွမ်းရည်နဲ့ ဗီဒီယိုရိုက်ကူးလျှင် တစ်စက္ကန့်ကို 30 frames နှုန်းရရှိမှာဖြစ်ပြီး၊ 1080p စွမ်းရည်နဲ့ဆိုပါက တစ်စက္ကန့်ကို 60 frames နှုန်း ရရှိပါမယ်။ 720p နဲ့ဆိုလျှင် တစ်စက္ကန့်ကို 120 frames နှုန်းရရှိပါမယ်။ Face Detection, HDR, Panorama စတဲ့ ကင်မရာဆက်စပ်ပတ်သက် စနစ်များလည်း ပါရှိပါတယ်။ အသံပိုင်းတွင် 24-bit/192kHz Audio နှင့် Active Noise Cancellation with Dedicated mic စနစ်တို့ပါရှိပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM 3GB နှင့် ROM 32GB တို့ ပါရှိပါတယ်။ အချက်အလက်အများအပြားသိမ်းဆည်းလိုပါက card slot စနစ်ကိုအသုံးပြုပြီး မှတ်ဉာဏ်ပမာဏကိုချဲ့ထွင် အသုံးပြုရပါမယ်။ အများဆုံးတိုးချဲ့နိုင်မယ့် မှတ်ဉာဏ်ပမာဏမှာ 256GB အထိပါ။ အသုံးပြုနိုင်မယ့် OS မှာ Lollipop ဖြစ်ပြီး၊ Nougat Version သို့လည်း အဆင့်မြှင့်တင် အသုံးပြုနိုင်ပါမယ်။ ထည့်သွင်းပေးထားတဲ့ Chipset ကတော့ Qualcomm Snapdragon 810 ဖြစ်ပါတယ်။ CPU စွမ်းရည်ဟာ Octa-core (4x1.5GHz Cortex-A53 & 4x2GHz Cortex-A57) ဖြစ်ပြီး၊ GPU ကတော့ Adreno 430 ဖြစ်ပါတယ်။ ဆက်သွယ်ရေးပိုင်းတွင် WiFi 802.11 a/b/g/n/ac, Dual Band, WiFi Direct, DLNA, Hotspot နှင့် GPS, NFC စနစ်တို့ပါရှိပါတယ်။ Bluetooth Version မှာ 4.1 ဖြစ်ပြီး၊ USB ကတော့ microUSB 2.0, USB Host အမျိုးအစားပါ။ Compass, Barometer စတဲ့ sensor စနစ်များလည်းပါရှိပြီး၊ EU Model များတွင် fingerprint sensor ပါရှိပါတယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ Li-Ion 2900mAh ဖြစ်ပြီး၊ 3G Network တွင် စကားပြောဆိုဖို့ ၁၀ နာရီကျော်နီးပါးနှင့် သီချင်းနားထောင်ဖို့ နာရီ ၈၀ ကျော်နီးပါး ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ အားသွင်းတဲ့အခါတွင် အချိန်တိုအတွင်း အားပြည့်စေရန် အားသွင်းမြန်ဆန်တဲ့ စနစ်လည်း ပါရှိပါတယ်။ Z5 တွင် လှပတဲ့အရောင်ကွဲများလည်း ရှိပါတယ်။ Sony Xperia Z5 ရဲ့ ဈေးနှုန်းတန်ဖိုးကတော့ 379,000/-ကျပ် ဝန်းကျင်ဖြစ်ပါတယ်။ ဧပြီလ ၁၁ ရက်နေ့အထိ Sony Showroom များတွင် Z5 ကို အထူးဈေးနှုန်း 329,000/- ကျပ် ဝန်းကျင်နဲ့ ရောင်းချပေးနေပါတယ်။

MODEL : EI THAW THAW AUNG
PHOTO & DESIGN : PYAE MINN ZAW
MAKE UP : GUCCI AUNG
DRESS : ZUNE ZUNE KO
ACCESSORIES : ALPHA TECHNOLOGY & COMMUNICATION

www.free4readers.com



# NEWS
LOCAL UPDATE

## KMD Institute မှ Water Festival 2018 ပွဲတော်ကို ပျော်ရွှင်စွာဖြင့် ကျင်းပပြုလုပ်

KMD Institute ၏ သင်္ကြန် အကြိုအတာသဘင်ပွဲတော်ကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ရက်နေ့တွင် နံနက် ၉း၀၀ နာရီမှ ညနေ ၆း၀၀ နာရီအထိ KMD Institute မြေနီကုန်း Campus ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားအစီအစဉ်အရ KMD Institute ၏ Seniro Lecturer ဦးဟိန်းစည်သူညွှန့်မှ အဖွင့်အမှာစကားပြောကြားပြီး ပွဲဖြစ်မြောက်ရေးကော်မတီ၏ တာဝန်ရှိသူ မောင်ခိုင်မြဲအောင်မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ KMD Institute ၏ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများမှ အပြန်အလှန်သပြေခက်နှင့် ရေပက်ဖြန်းပြီး အခမ်းအနားကိုဖွင့်လှစ် ခဲ့သည်။ ထို့အပြင် ပွဲဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့်အတူတကွ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ဖျော်ဖြေရေးအစီအစဉ်အရ KMD Institute ၏ ကျောင်းသူလေးများမှ သင်္ကြန်အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီး အဆိုတော်များဖြစ်သော Eaint Chit, မို့မို့, Hein Z, Youngx Beats, Tharr Gyi, Tay Za MC, Hein Thit, Thar Thar နှင့် Antheia Dance Group တို့မှ ဆက်လက် ဖျော်ဖြေပေးခဲ့ကြသည်။

ကိုမျိုး



## MPT မှ Data Roaming အသုံးပြုခများကို 1MB လျှင် ၁၅ကျပ်ဖြင့် ထပ်မံမိတ်ဆက်

နိုင်ငံရပ်ခြားတွင် MPT ဆင်းကတ်ဖြင့် အင်တာနက်အသုံး ပြုခြင်း (International Data Roaming) များအတွက် နှစ်သစ်ကူးအထူးအစီအစဉ်အနေဖြင့် အထူးဈေးနှုန်းသို့ လျှော့ချပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်သစ်အရ အချို့သောနိုင်ငံများတွင် အင်တာနက်ကို 1MB လျှင် ၁၅ ကျပ်နှုန်းထားဖြင့် သုံးစွဲမှုအတိုင်းသာ ကျသင့်မည့် အစီအစဉ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်ကာလကို သတ်မှတ်ပြီး သိရှိထားသူများအနေဖြင့်လည်း 800MB လျှင် ၁၀၀၀၀ ကျပ်ဖြင့် မိမိတို့နှစ်သက်သည့်အတိုင်း ရွေးချယ်၍ အသုံးပြုနိုင်မည်ဖြစ်သည်။ ပရိုမိုးရှင်းကာလမှာ မတ်လ ၃၁ ရက်နေ့မှ ဧပြီ ၃၀ ရက်နေ့အထိဖြစ်ပြီး 800MB အစီအစဉ်ကို ဝယ်ယူထားသူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်မပါဝင်ပါက 1MB လျှင် ၁၁. ၉ ကျပ်ဖြင့် အလွန်သက်သာသည့် နှုန်းထားတစ်ခုအဖြစ် ရယူအသုံးပြုနိုင်မည်ဖြစ်သည်။ MPT အသုံးပြုသူများအနေဖြင့် ယခုအစီအစဉ်ကို ထိုင်း၊ မလေး ရှား၊ တရုတ်နှင့် စင်ကာပူနိုင်ငံများ တွင် ရယူသုံးစွဲနိုင်မည်ဖြစ်သည်။

ဆွေသဟာ၊ ရှယ်ပြောနှင့် ရွှေစကား အစီအစဉ်များ ရယူထားသူ MPT GSM/WCDMA အသုံးပြုသူများအနေဖြင့် ယခုအစီအစဉ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး 800MB လျှင် ၁၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူရန်အတွက် *8007# (သို့) *106*2*5# (သို့) 1332 သို့ "ROAM" ဟု မြန်မာနိုင်ငံတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင်ဖြစ်စေ ခေါ်ဆို ပေးပို့နိုင်မည်ဖြစ်သည်။

ရဲလင်းလင်းသန်း

## အတာသင်္ကြန်မှာ ဒေတာလိုက်ပွဲအစီအစဉ်တွေကို ဝယ်ယူပြီး ဒေတာသုံးဖို့နဲ့ ဖုန်းခေါ်ဆိုနိုင်တဲ့ မိနစ်လက်ဆောင်တွေကို ရယူနိုင်

အူရီဒူးမြန်မာမှ အတာသင်္ကြန်ပွဲတော်ကိုသုံးစွဲသူများနှင့်အတူ ပါဝင်ဆင်နွှဲရန်အတွက် ချစ်ခင်သူများ အချင်းချင်း သင်္ကြန်ကာလမှာ အကျယ်ပြန့်ဆုံးနှင့် လိုင်းအတည်ငြိမ်ဆုံးအူရီဒူး 4G ကွန်ရက်ကို အသုံးပြုပြီး အမြဲအဆက်အသွယ်ရှိစေရန်ရည်ရွယ်ချက်ဖြင့် ဒေတာအသုံးပြုခွင့်လက်ဆောင်နဲ့ အူရီဒူးအချင်းချင်းဖုန်းခေါ်နိုင်တဲ့ မိနစ်လက်ဆောင်တွေကိုပေးအပ်လိုက်ပြီဖြစ်သည်။




ယခင်ကအူရီဒူးသုံးစွဲသူများအနေဖြင့် ဒေတာလိုက်ပွဲအစီအစဉ်ဝယ်ယူသည့်အခါတွင် ဒေတာ အပိုလက်ဆောင်သာရရှိခဲ့ပြီး ယခုအခါတွင် ၎င်းတို့အနေဖြင့် ဒေတာအပိုလက်ဆောင်အပြင် ဖုန်းခေါ်ဆိုနိုင်သည့် မိနစ်လက်ဆောင်ပါရရှိမည်ဖြစ်သည်။ ဒေတာလိုက်ပွဲဒေတာအစီအစဉ်နှင့် ဒေတာလက်ဆောင်အတွက် အသုံးပြုနိုင်သည့်ကာလမှာ ယခင်အတိုင်းဖြစ်ပြီး အူရီဒူးအသုံးပြုသူများအနေဖြင့် လက်ဆောင်ရရှိသည့် မိနစ်များဖြင့် အူရီဒူးအချင်းချင်းအခမဲ့ ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်သည်။ သို့သော် ဝယ်ယူသည့် ဒေတာလိုက်ပွဲအစီအစဉ်ပေါ်တွင် မူတည်ပြီး လက်ဆောင်မိနစ် ပမာဏကို (၁၀) မိနစ်မှ မိနစ် (၁၅၀) အထိ ရရှိမည်ဖြစ်ပြီး အသုံးပြုနိုင်သော သက်တမ်းမှာ ၁ ရက်မှ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ Chief Commercial Officer ဖြစ်သူ Mr. Alok Verma မှ "အတာသင်္ကြန်ကာလမှာ အားလုံးပျော်ရွှင်ကြစေဖို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို ထူးခြားလှတဲ့ အတာသင်္ကြန်အခါသမယမှာ သုံးစွဲသူအားလုံးသူတို့နဲ့ ချစ်ခင်ရသူတွေနဲ့ အမြဲအဆက်အသွယ်ရှိစေလိုပါတယ်။ ဒါကြောင့် အူရီဒူးရဲ့ မြန်ဆန်တဲ့ကွန်ရက်နဲ့ ကြည်လင်ပြတ်သားတဲ့ ဖုန်းခေါ်ဆိုမှုတွေကို အသုံးပြုနိုင်ဖို့အတွက် အပိုလက်ဆောင်အစီအစဉ်ကို ပေးအပ်တာဖြစ်ပါတယ်၊ အူရီဒူးအနေနဲ့ သုံးစွဲသူတွေအတွက် အကောင်းဆုံးသုံးစွဲသူ အတွေ့အကြုံကိုပေးအပ်နိုင်ဖို့ ဆန်းသစ်တီထွင်ထားတဲ့ ဝန်ဆောင်မှုတွေကို ဆက်လက်ပေးအပ်သွားမှာဖြစ်ပါတယ်။ မြန်မာ့နှစ်သစ်မှာ အားလုံးပျော်ရွှင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်"ဟု ပြောကြားပေးခဲ့သည်။

ကိုမျိုး

## Microsoft မှ ပြည်တွင်းဘဏ်များ ဒစ်ဂျစ်တယ်ကူးပြောင်းမှုအတွက် ကူညီပေးနေ

Microsoft အနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းပေးရန် ရည်ရွယ်ထားကြောင်း Banking in the Digital Era (ဒစ်ဂျစ်တယ်ခေတ်ဘဏ်လုပ်ငန်း) စုံညီစုဝေးပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။ Microsoft Asia Pacific မှ ဈေးကွက်ချဲ့ထွင်ရေးနှင့် လုပ်ငန်းဌာနခေါင်းဆောင်ဖြစ်သူ Rena Chai က Microsoft ၏ ၂၀၁၈ ခုနှစ်အတွက် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုဆိုင်ရာ လေ့လာချက်အရ ရှာဖွေတွေ့ရှိချက်များကို တင်ပြပေးခြင်းဖြင့် စုဝေးပွဲကို စတင်ပေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် GDP ၏ 48% မှာ အရှေ့တောင်အာရှ၏ စီးပွားရေးဈေးကွက်များအတွင်း ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှ ပေါ်ထွန်းလာမည်ဟု ခန့်မှန်းထားပါသည်။

Microsoft Asia-Pacific ၏ နယ်မြေတွင်း အရောင်းဌာန ညွှန်ကြားရေးမှူးဖြစ်သူ Bin Ru Tan သည် ရိုးမဘဏ်၏ IT ဌာန အကြီးအကဲနှင့် တစ်ဦးချင်းဆွေးနွေးခဲ့ပြီး ရိုးမဘဏ်အနေနှင့် cloud သိမ်းဆည်းမှုနှင့် ဖုန်းနှင့် ကွန်ပျူတာများတွင် စီးပွားရေးလုပ်ငန်းသုံး email အသုံးပြုမှု အစရှိသည့် နည်းပညာသစ်များကို လက်ခံကျင့်သုံးခြင်းဖြင့် ရလဒ်ကောင်းများရရှိခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာ အတွေးအခေါ် ဖလှယ်ခဲ့ပါသည်။

ရဲလင်းလင်းသန်း

## Ookla ၏ မြန်မာ့ အမြန်ဆုံးအင်တာနက်ကွန်ရက်ဆု တယ်လီနောရရှိ




အင်တာနက်မြန်နှုန်း တိုင်းတာသည့် ကမ္ဘာ့ဦးဆောင် အဖွဲ့အစည်းတစ်ခုဖြစ်သော Ookla ၏ ၂၀၁၇ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ အမြန်ဆုံး အင်တာနက်ကွန်ရက်ဆုကို တယ်လီနောမှ ရရှိခဲ့ကြောင်း သိရသည်။

အမြန်ဆုံး ကွန်ရက်ကို တိုင်းတာရန် Ookla သည် မြန်မာနိုင်ငံတွင်းရှိ အဓိကဖုန်းကွန်ရက်များကို သုံးစွဲနေသည့် သန်းပေါင်းများစွာသော ဖုန်းသုံးစွဲသူများက Speed-test Application ကို ကိုယ်တိုင်ရယူ တိုင်းတာအသုံးပြုမှုများကို ဆုပေးအပ်မည့်ကာလအတွင်း နှိုင်းယှဉ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၏ တတိယနှင့် စတုတ္ထ သုံးလပတ်ကာလများအတွင်း ရရှိသော အချက်အလက်များအရ အခြားဝန်ဆောင်မှုပေးအပ်နေသည့် ကုမ္ပဏီများထက် တယ်လီနောသည် ယင်း၏သုံးစွဲသူကို ပိုမိုလျင်မြန်သော ပျမ်းမျှအမြန်နှုန်းကို ပေးအပ်လျက်ရှိကြောင်းတွေ့ရှိရသည်။

"ဒီရလဒ်ဟာ မြန်မာနိုင်ငံမှာ ၂၀၁၇ ခုနှစ်အတွင်း စစ်မှန်တဲ့ 4G ဝန်ဆောင်မှုတွေကို စတင်ပေးအပ်ခဲ့ကြတဲ့အချိန်မှာ ကွန်ရက်တွေရဲ့ အရည်အသွေးကို တိုင်းတာစဲ့ အဓိကနှိုင်းယှဉ် စစ်ဆေးချက်တစ်ခုရဲ့ ရလဒ်ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ တယ်လီနောသုံးစွဲသူတွေကို အမြန်ဆုံးအင်တာနက်နှုန်းတွေနဲ့ ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို Ookla ရဲ့ Speed-test ကနေ အသိအမှတ်ပြုတဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု တယ်လီနော၏အမှုဆောင်အရာရှိချုပ် Lars Erik Tellmann ကပြောကြားသည်။

၂၀၁၇ ခုနှစ်၏ တတိယနှင့် စတုတ္ထ သုံးလပတ် Speedtest ဆုပေးအပ်ကာလအတွက် အမြန်ဆုံးအင်တာနက်နှုန်း ပေးအပ်နိုင်မှုနှင့် နိုင်ငံတစ်ဝန်းရှိ သုံးစွဲသူများအတွက် အကောင်းဆုံးကွန်ရက်ကို တည်ထောင်ထားမှုတို့အတွက်တယ်လီနောသည် ယင်းဆုကို ရရှိခဲ့သည်။ တယ်လီနော၏ Speed Score အမြန်နှုန်းမှာ ၁၃. ၄၁ ဖြစ်ပြီး LTE အသုံးပြုနိုင်သည့် မိုဘိုင်းဖုန်းများအတွက် download ပျမ်းမျှ 14.54 Mbps နှင့် upload ပျမ်းမျှ 7.86 Mbps ရှိသည်။ ယင်းရလဒ်များမှာ မြန်မာနိုင်ငံတွင်းရှိ အဓိက ဖုန်းကွန်ရက်များကို သုံးစွဲနေသည့် သန်းပေါင်းများစွာသော ဖုန်းသုံးစွဲသူများက Speedtest Application ဖြင့် တိုင်းတာအသုံးပြုမှုများ၏ ရလဒ်ကို အခြေခံထားခြင်းဖြစ်သည်။

ရဲလင်းလင်းသန်း